The **Commerce** Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 23 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 22 , 2015



# ပွဲ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆုရ မုံရွာမြို့နယ်ရဲ့ ကျယ်ပြန့်ထွန်းကားလာမယ့် အသေးစားကုန်ထုတ်လုပ်ငန်းများ

| လှိုင်ထွန်းဦး-မုံရွာ |

၂၀







## ညမအိပ်သောမြို့သို့ ခရီးသွားခြင်း



၁၄

## ဇွန်လ ဒုတိယပတ် ကုန်သွယ်မှုပိုငွေပြ

၁၈

## ပြည်တွင်း၊ ပြည်ပ ဝယ်လက်အဆွဲသွက်လို့ မုံရွာမြေပဲ တက်ဈေးဖြစ်ပေါ်

၆

## အထွက်နည်းလို့ ဈေးကောင်းနေတဲ့ ရှမ်းကြက်သွန်ဖြူ

၇

# Global Myanmar

## SERVICES CO., LTD.




အမှတ် – 4B၊ အောက်ကြည့်မြင့်တိုင်လမ်း၊ ပန်းလှိုင်ရပ်ကွက်၊ ကြည့်မြင့်တိုင်မြို့နယ်။

**Ph : 09 734 88888**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်

## “Team Management” အထူးဟောပြောပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် Myanmar–Japan Center တို့ ပူးပေါင်းကျင်းပပြုလုပ်သော “Team Management” ဆိုင်ရာ အထူးဟောပြောပွဲဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ-ဂျပန်စင်တာမှ Chief Advisor Mr.Morimasa KAHAMARU နှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာ-ဂျပန် စင်တာသည် မြန်မာနိုင်ငံ၏



စီးပွားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် ပုဂ္ဂိုလ်များအား အထွေထွေ စီးပွားရေးဆိုင်ရာ သင်တန်းများ၊ အထူးစီးပွားရေးဆိုင်ရာ သင်တန်းများနှင့် ကုမ္ပဏီများ၏ လိုအပ်ချက်အရ ပို့ချပေးသည့် Tailor Made Course များကို ရန်ကုန်မြို့အပါအဝင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း

➲ စာမျက်နှာ ၁၅ သို့

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကူမင်းကုန်စည်ပြပွဲနှင့် အစည်းအဝေးများတက်ရောက်ခဲ့



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့တွင် ကျင်းပသည့် GMS စီးပွားရေးစင်္ကြံများဖိုရမ်

တတိယအကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၊ (၂၃)ကြိမ်မြောက် ကူမင်းကုန်စည်ပြပွဲနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် ဇွန်လ ၉ ရက်က မန္တလေးမြို့ တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ နေ့လယ် ၁၃း၃၀ နာရီတွင် လေကြောင်းဖြင့်ထွက်ခွာရာ ကူမင်းမြို့လေဆိပ်သို့ ညနေ ၄ နာရီ ၄၀ မိနစ်တွင် ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန်လ ၁၀ ရက်နေ့ နံနက် ၈ နာရီတွင် Cheng Gong မြို့သစ်သို့ထွက်ခွာ၍ ယူနန်ဖြူဆေးကုမ္ပဏီသို့ သွားရောက်လေ့လာပါသည်။ ထို့နောက် နေ့လယ် ၂ နာရီ ၂၀ မိနစ်တွင် GMS စီးပွားရေးစင်္ကြံတစ်လျှောက်ရှိပြည်နယ်အုပ်ချုပ်ရေးမှူးများ ဖိုရမ်သို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။ ညပိုင်း၌ InterContinental ဟိုတယ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ Mr. Li Yuanchao တည်ခင်းသော ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန်လ ၁၁ ရက် ညနေ ၅ နာရီ ၂၀ မိနစ်တွင် ယူနန်ကွန်ဗင်းရှင်း စင်တာသို့သွားရောက်၍ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Chen Hao အား တွေ့ဆုံနှုတ်ဆက်ပြီး အုပ်ချုပ်ရေးမှူးက တည်ခင်းသော ညစာစားပွဲသို့ ဆက်လက်တက်ရောက်ခဲ့သည်။

စာမျက်နှာ ၁၅ ➲

# ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း (IFC) ကမ္ဘာ့ဘဏ်အုပ်စုတို့အကြား ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာလက် မှတ်ရေးထိုးပွဲအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၉း၃၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ၊ IFC မှ Chief of Staff ဖြစ်သူ Mr. Anshul Krishan ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိက ကဏ္ဍပြောင်းလဲ

➲ စာမျက်နှာ ၁၅ သို့




Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်မောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.23 Monday June 22 2015

# ဖိလစ်ပိုင် ပုဂ္ဂလိကကုန်သည်များအား ဆန်တန်ချိန် ရှစ်သိန်းကျော် တင်သွင်းခွင့်ပြု

ဖိလစ်ပိုင်နိုင်ငံအနေနဲ့ ပြည်ပမှ ဆန်တန်ချိန် ၈၀၅၂၀၀ တန်ကို နိုဝင်ဘာလ ၃၀ ရက် ထက်နောက် မကျဘဲ ပုဂ္ဂလိကကုန်သည်များအား ပြည်ပမှ တင်သွင်းခွင့်ပြုရန်ကိစ္စကို သတ်မှတ်ချက်နဲ့ ခွင့်ပြုလိုက်ပြီလို့ ဖိလစ်ပိုင်နိုင်ငံ နိုင်ငံပိုင်သီးနှံအေဂျင်စီ (Philippines State Grains Agency) ကပြောကြားလိုက်ပါတယ်။

နိုင်ငံအလိုက်တင်သွင်းရန် ခွင့်ပြုပေးလိုက်တဲ့ တန်ချိန်နဲ့ နိုင်ငံများကတော့ ထိုင်းနဲ့ ဗီယက်နမ်မှ ၂၉၃၁၀၀ တန်စီ၊ တရုတ်၊ အိန္ဒိယနဲ့ ပါကစ္စတန်တို့မှ တန်ချိန် ၅၀၀၀၀ စီနဲ့ အယ်ဆာဗေးဒိုးမှ တန်ချိန် ၁၅၀၀၀၊ ကျန်ဆန်တန်ချိန်များကို အခြားနိုင်ငံများမှ ဝယ်ယူတင်သွင်းခွင့်ပြုရန် သတ်မှတ်ပေးလိုက်တာဖြစ်ပါတယ်။ ဗီယက်နမ်နဲ့ ထိုင်းနိုင်ငံမှ ဆန်တင်သွင်းမယ့်ပမာဏကို အမျိုးသားစားနပ်ရိက္ခာအာဏာပိုင် (National Food Authority-NFA) အနေနဲ့ လိုအပ်ချက်အရ ထပ်မံတိုးမြှင့်ခွင့်ပြုသွားမယ်လို့သိရပါတယ်။

CMK

# အတက်ကြမ်းခဲ့တဲ့ ငွေလဲနှုန်းများ ယခုတစ်ပတ် ပြန်အေးလာခြင်းက ပြည်တွင်းဆန်ဈေးကိုငြိမ်နေစေ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးမှာ ဇွန် ၁၉ ရက် ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းလတ်စ တစ်အိတ် ၃၅၀၀၀ ကျပ်၊ ထိပ်စ ၃၇၀၀၀ ကျပ်၊ မြောင်းမြ ပုသိမ်ပေါ်ဆန်းလတ်စ ၃၉၀၀၀ ကျပ်၊ ထိပ်စ ၄၁၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း ၄၃၅၀၀ ကျပ်မှ ၄၅၀၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် မြောင်းမြပုသိမ်ပေါ်ဆန်းလတ်စမှာ တစ်အိတ် ၅၀၀ ကျပ်ကျဆင်းခဲ့ပြီး ကျန်ဆန်ဈေးများ ငြိမ်နေခဲ့ပါတယ်။

ထို့အတူ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ လတ်စတစ်အိတ် ၁၉၅၀၀ ကျပ်၊ ထိပ်စ ၂၁၅၀၀ ကျပ်၊ နွေဆန်ရှယ် ၁၉၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်၊ ငစိန်လတ်စ ၁၇၈၀၀ ကျပ်၊ ထိပ်စ ၁၈၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် နွေဆန်ရှယ် တစ်အိတ် ၅၀၀ ကျပ်ဈေးကျဆင်းခဲ့ပြီး ကျန်ဆန်ဈေးများ ငြိမ်နေခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း စက်သုံးဆီနှင့် စားသုံးဆီ သွင်းကုန်များအတွက် ဗဟိုဘဏ်နှုန်းအတိုင်း ရောင်းချပေးရန် ဆုံးဖြတ်ချက်ကြောင့် ပြည်တွင်းငွေလဲနှုန်း အေးလာသလို ပြည်တွင်းရွှေဈေးကွက်လည်း အေးလာပါတယ်။

တရုတ်လိုင်းဖြစ်တဲ့ မူဆယ်ဆန်ဈေးကွက်မှာ ဇွန် ၁၉ ရက်က ဧည့်မထ ၅ မှတ် မော်ဘီ၊ စူပါ တစ်အိတ် ၁၄၀-၁၄၄ ယွမ်၊ နွေရှယ် ၁၄၁-၁၄၄ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီ စူပါ ၁၃၄-၁၃၇ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ ၁၃၃-၁၃၅ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ ၁၂၂-၁၂၅ ယွမ် (ယခင်ရက်က ဆန်သားပေါ်မူတည်၍ ၁၃၀ ယွမ်ဈေးပေးဝယ်ယူသည်)၊ ငစိန် ၅ မှတ် ၁၄၃ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၁-၁၃၃ ယွမ်၊ ငစိန် ၂၅ မှတ် ၁၂၇-၁၂၉ ယွမ်၊ ကောက်ညှင်း ၁၅ မှတ် ၁၆၂ ယွမ်၊ B 2,3,4 ၉၇-၉၉ ယွမ်၊ B 1,2 ၁၀၁-၁၀၄ ယွမ်၊ B EXTRA ၁၀၅-၁၁၀ ယွမ်ရှိပါတယ်။

ဇွန် ၁၉ ရက်က မူဆယ်ရဲ့ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၈၆ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် သုည ဒသမ ၉၁ ကျပ် ဈေးဖြစ်ပေါ်ခဲ့ပါတယ်။ ယခင်နေ့က တစ်ယွမ် ၁၉၁ ကျပ်ထိဖြစ်ခဲ့ပေမယ့် အမေရိကန်ဒေါ်လာနဲ့ ရွှေဈေး ဈေးအေးမှုပေါ်မူတည်ပြီး ယွမ်ဈေးကျဆင်းခြင်းနဲ့ အဖမ်းအဆီးကြောင့် အရောင်းအဝယ်အေးခြင်းဖြစ်ကြောင်း၊ မူဆယ်ဆန်ဈေးကွက်က ဆိုပါတယ်။ သို့သော်လည်း ပစ္စည်းထားရန်နေရာအခက်အခဲကြောင့် တစ်ဖက်ဝယ်လက်အရောက် ပစ္စည်းပို့ကျတယ်လို့လည်းဆိုပါတယ်။ ယခုတစ်ပတ်အတွင်း မူဆယ်သို့ ပြည်တွင်းနယ်စုံမှ ဆန်တန် ၂၂၀၀၀ ကျော် ဝင်ရောက်ခဲ့ပါတယ်။

မြန်မာ့ဆန် ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၁၂ ရက်အထိ တန်ချိန် ၄၁၃၉၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၂ သန်းကျော် ရရှိနေကာ ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၁၇၄၀၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၄ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။

MIRT- YGN

## ၁၅-၆-၂၀၁၅ မှ ၁၉-၆-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 175 | 9,771,938.191 |
| 2 | Form D | 60 | 4,312,977.660 |
| 3 | Form E | 54 | 1,529,202.290 |
| 4 | Korea GSP | 1 | 42,583.360 |
| 5 | Form AK | 30 | 1,975,187.650 |
| 6 | Form AJ | 7 | 244,788.515 |
| 7 | Form AI | 59 | 1,806,441.050 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| Grand Total | | 386 | 19,683,118.716 |

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၈-၆-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၂ | ၃၈၂ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၃ | ၃၇၃ | □ | ၃၅၀ | ၃၄၅ | ▽ | ၃၇၅ | ၃၆၅ | ▽ | ၃၈၀ | ၃၈၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၂ | ၃၆၂ | □ | ၃၃၀ | ၃၂၅ | ▽ | ၃၆၀ | ၃၅၀ | ▽ | ၃၃၅ | ၃၃၅ | □ |
| ပေါင်းဆန် | ၃၆၀ | ၃၆၀ | □ | - | - | - | ၃၅၅ | ၃၆၀ | △ | ၄၃၀ | ၄၀၀ | ▽ |

Source: oryza.com

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၈-၆-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၆၅ | ၄၅၀ | ▽ | ၅၆၅ | ၅၆၅ | □ | ၅၅၅ | ၅၅၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၅၅ | ၄၄၀ | ▽ | - | - | - | - | - | - |

Source: oryza.com

## ပြည်တွင်းမြို့ကြီးများ၏ (၁၉-၆-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၆၉၀ | □ | ၁၈၅၀၀ | □ | ၇၅၄၄ | □ | ၃၈၅၀၀ | □ |
| ပုသိမ် | ၄၆၀၀ | □ | ၂၀၀၀၀ | □ | ၇၈၈၅ | ▽ | ၃၇၀၀၀ | □ |
| ပဲခူး | ၄၅၅၀ | △ | ၁၉၀၀၀ | △ | ၆၆၀၀ | △ | ၃၀၀၀၀ | △ |
| ရွှေဘို | ၄၉၅၀ | □ | ၂၃၅၀၀ | □ | ၁၁၃၅၀ | △ | ၃၉၀၀၀ | △ |
| စစ်တွေ | ၄၆၀၀ | △ | ၁၈၅၀၀ | △ | ၇၈၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၃၀၀ | △ | ၂၄၀၀၀ | △ | - | - | ၄၂၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၄၆၅၀ | △ | ၁၉၅၀၀ | △ | - | - | ၃၅၀၀၀ | ▽ |
| မန္တလေး | ၅၅၀၀ | △ | ၂၁၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၃၀၀၀ | △ | - | - | ၄၀၀၀၀ | □ |
| မော်လမြိုင် | ၄၈၀၀ | △ | ၁၈၅၀၀ | □ | ၇၆၀၀ | △ | ၃၂၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၄၈၀၀ | □ | ၂၁၅၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၄၅၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၀၀၀ | □ | - | - | ၄၂၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ဇွန်လဒုတိယပတ်မှာ ဆန်တင်ပို့မှုလျော့ကျ

ဇွန်လ ဒုတိယပတ်အတွင်းမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်တင်ပို့မှု အနည်းငယ် လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်မှ ကန်ဒေါ်လာ ၈ ဒသမ ၀၄၇ သန်းဖိုးရှိ ဆန်တန်ချိန် ၂၁၈၂၆ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် တန်ချိန် ၃၈၀၀ ကျော် လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ်မှတင်ပို့ခဲ့တဲ့ ဆန်အမျိုးအစားတွေကတော့ ငစိန်ဆန် ၁၄၈၉၀ တန်နဲ့ ဧည့်မထ ဆန် ၆၉၃၆ တန်ဖြစ်ပြီး လွယ်ဂျယ်စခန်းမှ ၇၇၉ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က လွယ်ဂျယ်မှ တန် ၃၀၀၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၂၀၀၀ ကျော် လျော့နည်းခဲ့ပါတယ်။

တရုတ်နိုင်ငံမှ ဆန်တင်ပို့ခွင့်ရပ်လိုက်တဲ့အတွက် ကုန်သည်တွေလက်ထဲမှာ ဆန်တွေ စုပုံကုန်တယ်၊ ဆန်တွေပျက်စီးလို့ ဘယ်ကုန်သည်မှ ထပ်မဝယ်ရဲတော့ဘူး၊ မဝယ်တော့ ဈေးကျသွားတယ်လို့ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာရှိတဲ့ ဆန်ကုန်သည်တစ်ဦးထံမှ သိရှိရပါတယ်။

မူဆယ်မှ ယခုတစ်ပတ်မှာ ကန်ဒေါ်လာ ၄ ဒသမ ၀၁၀ သန်းဖိုးရှိ ဆန်ကွဲ ၁၂၃၃၈ တန်ကျော် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ၁၂၅၂ တန်ပိုမိုခဲ့ပါတယ်။**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၉-၆-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၂/၆ | ၁၉/၆ | ပြောင်းလဲမှု | ၁၂/၆ | ၁၉/၆ | ပြောင်းလဲမှု | ၁၂/၆ | ၁၉/၆ | ပြောင်းလဲမှု | ၁၂/၆ | ၁၉/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၂၂၇ | ၂၁၉၅ | ▼ | ၂၃၀၀ | ၂၂၅၀ | ▼ | ၂၂၅၀ | ၂၂၀၀ | ▼ | ၂၀၀၀ | ၂၀၀၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၁၇၂ | ၂၀၅၄ | ▼ | - | - | - | ၂၀၇၅ | ၂၀၁၀ | ▼ | ၂၀၀၀ | ၂၀၀၀ | ■ |
| ၃ | ပဲတီစိမ်း | ၁၉၁၅ | ၁၉၁၅ | ■ | ၂၀၄၄ | ၂၀၄၄ | ■ | ၂၁၀၅ | ၂၀၅၃ | ▼ | ၁၈၄၅ | ၁၇၉၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၅၆၀ | ၁၅၆၀ | ■ | - | - | - | - | - | - | ၁၂၀၀ | ၁၂၆၃ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၁၈၀ | ၁၂၃၀ | ▲ | - | - | - | - | - | - | ၇၆၅ | ၈၁၅ | ▲ |
| ၆ | ထောပတ်ပဲ | ၇၈၀ | ၇၈၀ | ■ | ၈၈၉ | ၉၄၂ | ▲ | ၆၃၂ | - | - | ၈၁၅ | ၆၃၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၉-၆-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၁/၆ | ၁၈/၆ | ပြောင်းလဲမှု | ၁၁/၆ | ၁၈/၆ | ပြောင်းလဲမှု | ၁၁/၆ | ၁၈/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၅၀ | ၁၁၄၀ | ▼ | ၁၂၄၄ | ၁၂၂၂ | ▼ | ၁၁၉၀ | ၁၂၂၂ | ▲ |
| ၂ | ပဲစင်းငုံ | ၁၁၀၀ | ၁၀၈၀ | ▼ | ၁၁၄၃ | ၁၁၂၀ | ▼ | ၁၁၄၃ | ၁၁၁၂ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၀၄၉ | ၁၀၁၈ | ▼ | ၁၀၉၆ | ၁၀၄၉ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၇၂၄ | ၇၁၅ | ▼ | ၇၁၆ | ၆၉၇ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၆.၆.၁၅)ထိ | ယခုတစ်ပတ် (၁၃.၆.၁၅)ထိ | (၁.၄.၁၅) မှ (၁၃.၆.၁၅) ထိ |
| မတ်ပဲ | ၁၄၁၃၅ | ၃၅၈၂၃ | ၂၄၂၇၉၁ |
| ပဲတီစိမ်း | ၄၂၄၂ | ၄၇၇၇ | ၆၅၇၅၆ |
| ပဲစင်းငုံ | ၅၇၇၈ | ၅၀၀၄ | ၆၈၈၄၉ |
| ကုလားပဲ | ၉၀ | ၂၂၉၂ | ၈၅၀၉ |
| ပဲလွန်းဖြူ | ၂၃၄ | ၄၆၈ | ၆၉၅၄ |
| မြေထောက်ပဲ | ၃၁၂ | ၄၅၇ | ၇၂၂၇ |



## ပြည်စားတော်ပဲဈေးလျော့သွားပေမယ့် အခြားလက်လီအရောင်းအဝယ်ဖြစ်သော ပဲများနှင့်ယှဉ်ရင် ဈေးကောင်းနေ

ဒေသတွင်း လက်လီအဝယ်ရှိတဲ့ပဲထဲမှာ စားတော်ပဲသီးနှံက ဈေးအမြင့်နဲ့ ဆက်လက်အရောင်းအဝယ် ဖြစ်နေခဲ့ပါတယ်။ ပဲတစ်တင်း ၂၅၅၀၀ ကျပ်မှ ၂၆၅၀၀ ကျပ်ထိ နေ့စဉ်အိတ် ၂၅ အိတ်ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ လက်လီ အရောင်းအဝယ်ဖြစ်သော ပဲလွန်းဖြူ ဘိုကိတ်၊ ထောပတ်ပဲ စသည့်အခြားပဲများနဲ့ ယှဉ်ရင်ဈေးကောင်းတဲ့ပဲဖြစ်တယ်ဆိုသော်လည်း ယခုဇွန်လလယ်မှာ ယခင်တစ်ပတ်ထက် တစ်ထောင်ကျပ်ခန့် ကျဆင်းခဲ့တယ်လို့သိရပါတယ်။

ဇွန်လဆန်းတွင် တစ်တင်း ၂၈၀၀၀ ကျပ်ထိ ဈေးကောင်းခဲ့ပြီး ဝယ်လိုအားလည်း ကောင်းခဲ့တာကြောင့် ဈေးမြင့်တက်ခဲ့ခြင်းဖြစ်သလို ယခုလလယ်မှာတော့ အရောင်းအဝယ်အေးလို့ ဈေးလျော့ သွားခြင်းဖြစ်ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲပုပ်ဈေးအပြောင်းအလဲမရှိ ပုံမှန်အရောင်းအဝယ်ဖြစ်

ဇွန်လလယ် ပြည်ပဲဈေးကွက်ရဲ့ ဈေးငြိမ်နေတဲ့ ပဲထဲမှာ ပဲပုပ်သီးနှံပါဝင်နေပြီး အရောင်းအဝယ် ဖြစ်မှုပမာဏကလည်း လက်လီသမားအနည်းငယ်သာ အဝယ်ရှိခဲ့ပါတယ်။ ပဲပုပ်သီးနှံဈေးနှုန်းမှာ တစ်တင်း ၁၆၅၀၀ ကျပ်ဖြင့် နှစ်စမှစ၍ ယခုချိန်ထိ ဈေးမှာ အပြောင်းအလဲသိပ်မဖြစ်ဘဲ ဈေးငြိမ်နေခဲ့ပါတယ်။

ယခင်နှစ်က နှစ်စတွင် တစ်တင်း ၂၀၀၀၀ ကျပ်ရရှိခဲ့သလို ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် တစ်တင်း ၁၉၅၀၀ ကျပ် တစ်ပတ်လည်ရရှိခဲ့ပြီး မေ၊ ဇွန်တွင် ဈေးအနည်းငယ်လျှပ်လာကာ ဇွန်လကုန်တွင်တော့ နှစ်စဈေးအတိုင်း တစ်တင်း ၂၀၀၀၀ ကျပ် ပြန်လည်ရရှိခဲ့တဲ့အတွက် ယခုနှစ်တွင်လည်း လလယ်အထိ ဈေးငြိမ်နေပေမယ့် လကုန်တွင် ယခင်နှစ်ကဲ့သို့ ဈေးပြန်တက် လာမလား စောင့်ကြည့်ရမှာဖြစ်တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**



## မုံရွာကုန်စည်ဒိုင် ဇွန်လဆန်းပဲဈေးကွက် မတ်ပဲဈေးစံချိန်တင်

မုံရွာကုန်စည်ဒိုင် ဇွန်လဆန်းပဲဈေးကွက်မှာ ပို့ကုန်တွက် ဝယ်လိုအားကောင်းတဲ့ ပဲတွေ တက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ကြသလို၊ ဒေသတွင်းလုပ်ငန်းသုံးပဲတွေလည်း ကျဈေးမှာလျှောင်လက်ဝယ်လိုအားရှိခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

အထူးသဖြင့် ပို့ကုန်တွက် ရန်ကုန်လက် ဝယ်လိုအားကောင်းတဲ့အတွက် မတ်ပဲဈေးဟာ ယခုတစ်ပတ်မှာ တစ်တင်း ၄၂၀၀၀ ကျပ်အထိ စံချိန်တင်မြင့်တက်ခဲ့ရာ ပြီးခဲ့တဲ့နှစ်ကာလတူပေါက်ဈေးနဲ့ဆိုရင် တစ်တင်း ၁၈၀၀၀ ကျပ်နီးပါး မြင့်တက်ခဲ့တာ တွေ့ရပါတယ်။ အရောင်းအဝယ်အနေနဲ့ တောင်သူလက်ဝယ် ပဲမရှိဘဲ၊ ကုန်သည်အရောင်းသာရှိပြီး တစ်ရက်အိတ် ၃၀၀ နီးပါးဖြစ်နိုင်တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ပြီးခဲ့တဲ့လက ဈေးအမြင့်ဆုံးနဲ့ ဈေးကွက်ကိုဦးဆောင်ခဲ့တဲ့ စိမ်းကြီးက ပို့ကုန်တွက် ဝယ်လိုအားကောင်းပေမယ့် အဖျားသီး ဆွတ်ချိန်မို့အရည်အသွေးအနည်းငယ်နိမ့်တဲ့အတွက် ယခုတစ်ပတ်မှာ တစ်တင်း အနိမ့်ဆုံး ၃၅၀၀၀ ကျပ်မှ အမြင့်ဆုံး ၃၆၅၀၀ ကျပ်သာ ပေါက်ဈေးဖြစ်ခဲ့ပြီး ယခင်နှစ်ကာလတူပေါက်ဈေးထက် လျော့နည်းသွားခဲ့တာ တွေ့ရပါတယ်။ ဈေးအနည်းငယ်အေးလာတာနဲ့အမျှ ပဲအဝင်လေးလာတဲ့အတွက် တစ်ရက် အိတ် ၂၀၀၀ ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

လျှောင်လက်ကုန်သည်တွေထဲမှာရှိတော့တဲ့ ငုံနီဈေးကွက်လည်း ယခုပတ်အတွင်း နေ့စဉ်နီးပါး တက်ဈေးဖြစ်ခဲ့ရာ တစ်တင်း ၃၉၈၀၀ ကျပ်၊ ၄၀၀၀၀ ကျပ်မှ ၄၀၂၀၀ ကျပ်အသီးသီး ဈေးမြင့်ခဲ့ပြီး ရန်ကုန်လက်ပုံမှန်အဝယ်ရှိလို့ တစ်ရက်အိတ် ၅၀၀ ခန့် ဖြစ်လျက်ရှိတယ်လို့ သိရပါတယ်။

တောင်သူပဲလက်ကျန်မရှိဘဲ၊ ကုန်သည်ထံမှာသာ ပဲလက်ကျန်ရှိတော့တဲ့ ကုလားပဲမျိုးစုံဈေးကွက်လည်း ယခုတစ်ပတ်မှာ ဆက်လက်တက်ဈေးဖြစ်ပေါ်ခဲ့ရာ ထိုင်ဝမ်တစ်တင်း ၂၂၅၀၀ ကျပ်၊ V2 တစ်တင်း ၂၂၃၀၀ ကျပ်နဲ့ ၉၂၉ တစ်တင်း ၂၂၃၀၀ ကျပ်အသီးသီး ပေါက်ဈေးဖြစ်ခဲ့ပြီး၊ ရန်ကုန်ဝယ်လက်ရှိတဲ့နေ့မှာ တစ်ရက်အိတ် ၂၅၀၀ မှ ၃၅၀၀ ထိ အရောင်းအဝယ်ဖြစ်ခဲ့သလို ပုံမှန်အားဖြင့် တစ်ရက် အိတ် ၆၀၀ မှ ၇၀၀ ခန့်သာဖြစ်တယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။

မုံရွာကုန်စည်ဒိုင်ရဲ့ အနိမ့်ဆုံးပဲဈေးကွက်တွေအနက် စွန်တာနီ၊ ကသဲပဲနဲ့ ပဲနီလုံးကြားတို့ ယခုတစ်ပတ်မှာ တစ်တင်း ၁၃၅၀၀ ကျပ်၊ ၁၃၈၀၀ ကျပ်နဲ့ ၁၄၀၀၀ ကျပ်အသီးသီး အနိမ့်ဈေးမှာ ငြိမ်နေကာ၊ ပို့ကုန်တွက် အဆွဲမရှိဘဲ၊ ဒေသခံကုန်သည်နဲ့ လုပ်ငန်းသုံးသမားတွေ လျှောင်ဖို့သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ စီပီပြောင်းဈေးကွက်မှာတော့ နယ်အဝင် စဲသွားပြီး ဝယ်လက်နဲ့ ကုန်သည်ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့လို့ တစ်တင်း ၈၅၀၀ ကျပ်မှာ ဈေးငြိမ်နေတာ တွေရပါတယ်။

ယခုနှစ် မိုးပဲမျိုးစုံ စိုက်ပျိုးချိန်မှာ ကွက်ကျားမိုးသာ ရွာနေတဲ့အတွက် မိုးကိုအားပြုရတဲ့အညာက ပဲတောင်သူတွေ စိုက်ချိန်နောက်ကျနိုင်သလို ပဲအထွက်လည်း လျော့လာနိုင်ကာ Export ဈေးကွက် မျှော်လင့်ချက်ရှိတဲ့ပဲတွေ တက်ဈေးဖြစ်နိုင်တယ်လို့ ကုန်သည်အချို့တွက်ဆလျက်ရှိပြီး လှောင်လက်အဝယ် ဆက်လက်သွက်နိုင်တယ်လို့ ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ပဲနီပြား လက်လီသာအဝယ်ရှိပြီး ဈေးလည်းငြိမ်နေ

ဇွန်လလယ်အတွင်း ပြည်ဈေးကွက်မှာ ပဲနီပြားသီးနှံဟာလည်း ဈေးငြိမ်ငြိမ်နဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိနေခဲ့တာကို တွေ့ရပါတယ်။ တစ်တင်း ၁၈၅၀၀ ကျပ်ဖြင့်သာ လက်လီအဝယ်ရှိလို့ အိတ် ၂၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲနီပြားဈေးနှုန်းမှာ နှစ်စတွင် တစ်တင်း ၂၁၀၀၀ ကျပ်ရရှိပြီး ပဲသစ်ပေါ်ချိန် ဖေဖော်ဝါရီလလယ်မှစ၍ တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြရာမှ ပဲသစ်လှိုင်ချိန်တွင် တစ်တင်း ၂၁၀၀၀ ကျပ်ထိ ထပ်မံမြင့်တက်လာခဲ့ကာ ပဲလက်ကျန်အဝင်ပါးလာချိန်မှစ၍ တစ်တင်း ၁၈၀၀၀ ကျပ်ထိ ဈေးလျော့နည်းသွားခဲ့ပါတယ်။ မေလမှစ၍ ပဲဈေးမှာ ၁၈၅၀၀ ကျပ်ဖြင့် ယခုချိန်ထိဈေးဆက်ငြိမ်နေသလို လက်လီသမားသာ အဝယ်ရှိခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**



# ပြည်တွင်း၊ ပြည်ပ ဝယ်လက် အဆွဲသွက်လို့ မုံရွာမြေပဲ တက်ဈေးဖြစ်ပေါ်

မုံရွာကုန်စည်ဒိုင်ရဲ့ မြေပဲဈေးကွက်ထဲကို မုံရွာမြို့နယ် ပတ်ဝန်းကျင်က အရာတော်၊ ချောင်းဦး၊ ဘုတလင်၊ ယင်းမာပင်၊ ဆားလင်းကြီးမြို့နယ်တွေသာမက ကလေး၊ ဂန့်ဂေါ၊ ဟုမ္မလင်းစတဲ့ ဒေသတွေကပါ မိုး၊ ဆောင်းမပြတ် စီးဝင်လျက်ရှိပေမယ့် ဇွန်လလယ် မုံရွာကုန်စည်ဒိုင် မြေပဲဈေးကွက်အနေနဲ့ လောလောဆယ် ကုန်သည်လက်ဝယ် မြေပဲနည်းပါးလာပြီး၊ ပြည်တွင်းသုံးနဲ့ ပြည်ပဝယ်လိုအား ကောင်းမွန်နေတဲ့အတွက် တက်ဈေး သိသိသာသာဖြစ်ပေါ်ခဲ့တာတွေ့ရပါတယ်။

ယခင်နှစ်တွေက ယခုအချိန်ကာလမျိုးမှာ ဒိုင်ကိုမြေပဲအညံ့များသာ ဝင်လာတတ်ပြီး ကျဈေးဖြစ်ပေါ်လေ့ ရှိပေမဲ့ ယခုတစ်ပတ်မှာတော့ ဟုမ္မလင်းဘက်မှ မြေပဲများသာအဝင်များပါတယ်။ အရည်အသွေးကောင်းတဲ့ ပဲတွေကို ပြည်ပဝယ်လက်တွေ ဈေးပေးဝယ်ယူမှုသွက်ခဲ့သလို အရည်အသွေးညံ့တဲ့ မြေပဲတွေကိုတော့ ဒေသတွင်း ပြည်တွင်းသုံးအဖြစ် ဝယ်လိုအားသွက်ခဲ့တဲ့အတွက် အခုလိုတက်ဈေးဖြစ်ပေါ်ခဲ့ခြင်းဖြစ်တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

ဈေးကွက်ထဲမှာ မြေပဲဆန်အနီဟာ ဒီလဆန်းက တစ်ပိဿာ ၂၆၀၀ ကျပ်သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၉၅၀ ကျပ်ထိ၊ မြေပဲဆန်ဖြူက လဆန်းပိုင်းက တစ်ပိဿာ ၂၆၂၅ ကျပ်သာရှိခဲ့ရာမှ ယခုတစ်ပိဿာ ၂၈၅၀ ကျပ် အသီးသီးဈေးမြောက်ခဲ့တာတွေ့ရပါတယ်။ အရောင်းအဝယ်အားဖြင့် ဒိုင်မှာပွဲစားနှစ်ဦးသုံးဦးစုပေါင်းမှ အိတ် ၃၀၀ ခန့်သာဖြစ်ခဲ့ပေမဲ့ တချို့ပွဲရုံနဲ့ကုန်သည်တွေကတော့ နယ်အဝင်မြေပဲကို မန္တလေးဈေးကွက် တိုက်ရိုက်ရောင်းချမှုအနေနဲ့ အိတ် ၁၀၀၀ ခန့်ရှိနိုင်တယ်လို့ မုံရွာကုန်စည်ဒိုင် ဆီထွက်သီးနှံရပ်ကွက်က လေ့လာသိရှိရ ပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ဇွန်လလယ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲစင်းငုံ၊ ကုလားပဲ ဈေးမြင့်ပေမယ့် မတ်ပဲဈေး အနည်းငယ်ပြန်လျော့ခဲ့

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ အဓိက အရောင်းအဝယ်ဖြစ်ခဲ့သော ပဲများရဲ့ ဈေးနှုန်း အခြေအနေများကိုလေ့လာရာ၌ ပဲစင်းငုံနဲ့ ကုလားပဲဈေးမှာ ယခင်တစ်ပတ်ထက် ဈေးမြင့်လာပြီး မတ်ပဲဈေးမှာ ဈေးပြန်လျော့သွားသလို ပဲကြီးနှင့် ပဲလွန်းဖြူ၊ ထောပတ်ပဲဈေးများ အားလုံးကတော့ ဈေးငြိမ်အရောင်းအဝယ်ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ မေလဆန်းမှစ၍ ဈေးနှုန်းများ သိသိသာသာမြင့်တက်လာခဲ့ရာ လကုန်ရက်၌ ကျပ်လေးသောင်းနဲ့ အထက်ရရှိခဲ့သလို မေလ ဒုတိယပတ်မှာ တစ်တင်း ၄၄၅၀၀ ကျပ်ထိ ဈေးဆက်မြင့်ခဲ့ပြီး ရန်ကုန်ဝယ်လက်ကလည်း ပြည်ပဝယ်လိုအားပေါ်မူတည်၍ ဝယ်ယူမှုများခဲ့တာကို တွေ့ရပါတယ်။ ယခုတစ်ပတ်မှာတော့ တစ်တင်း ၄၂၀၀၀ ကျပ်ဖြင့် ဈေးအနည်းငယ်လျော့သွားခဲ့ကာ အိတ် ၃၀၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်ပြီး ပဲဝင်ရောက်မှုမှာလည်း ပန်းတောင်း၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ကျီးသဲမြို့နယ်များမှ လက်ကျန်ပဲများ ဝင်ရောက်လာသလို ပွဲရုံများမှလည်း လှောင်ပဲများထုတ်ရောင်းခဲ့တယ်လို့ သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ပြည်ပဝယ်လိုအားရှိသော်လည်း ပြည်ဈေးကွက်မှာ ပဲလက်ကျန်သိပ်မများလို့ ရက်ခြား လောက်သာ အိတ် ၃၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်မှ ဝယ်ယူနေသလို လက်လီသမားများလည်း အနည်းငယ်အဝယ်ရှိခဲ့ပြီး ပဲဈေးမှာ တစ်တင်း ၄၁၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် တစ်တင်း ၅၀၀ ကျပ်ခန့် ဈေးပိုရလာခဲ့ပါတယ်။ မေလမှစ၍ ဇွန်လဆန်းထိ ပြည်ပဝယ်လိုအားရှိသော မတ်ပဲနှင့် ပဲစင်းငုံမှာ ဈေးနှုန်းများမြင့်တက်လာခဲ့သော်လည်း ယခုတစ်ပတ်မှာ မတ်ပဲဈေး အနည်းငယ် ပြန်လျော့ပေမယ့် ပဲစင်းငုံဈေးကတော့ ဆက်တိုက်မြင့်တက်လျက်ရှိနေခဲ့ပါတယ်။

ကုလားပဲသီးနှံကလည်း ပဲအဝင်နည်းသွားလို့ အိတ် ၃၀၀ ကျော်သာ မင်းတုန်း၊ ကံမ၊ ပန်းတောင်းမြို့နယ်များမှ ဝင်ရောက်မှုရှိခဲ့သော်လည်း ဝယ်လက်လုပ်ငန်းသုံး ခွဲစက်သမားများ နေ့တိုင်းဝယ်လိုအားကောင်းနေလို့ ဝင်လာသမျှ ပဲများအပြင် လှောင်ပဲများလည်း ရောင်းချခဲ့ရပြီး တစ်ရက်အိတ် ၄၀၀ ကျော် အရောင်းအဝယ်သွက်နေခဲ့ပါတယ်။

ပဲဈေးမှာလည်း ဝယ်လိုအားကောင်းနေလို့ တစ်တင်း ၂၅၇၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးပိုရခဲ့ကြောင်းသိရပါတယ်။ ယခင်နှစ်က ကုလားပဲသီးနှံရဲ့ ကာလတူအချိန် ဇွန်လလယ်ဈေးနှုန်းမှာ တစ်တင်း ၁၅၀၀၀ ကျပ် တစ်ပတ်လည်သာရရှိခဲ့တဲ့အတွက် ယခုနှစ် ကုလားပဲဈေးက ပြည်ပဝယ်လိုအားရှိသော မတ်ပဲ၊ ပဲစင်းငုံသီးနှံလောက် ဈေးသိသိသာသာမြင့်တက်ခြင်းမျိုး မဟုတ်ပေမယ့် ဒီနှစ်ကုလားပဲဈေးကောင်းရတဲ့နှစ် ဖြစ်နေပါတယ်။

ပဲကြီးသီးနှံများကတော့ ရွှေကျွန်းထက် ကမ်းနားပဲက ပိုအရောင်းသွက်နေပြီး ပဲကြော်ဖိုသမားများ အဓိကထား ဝယ်ယူနေတယ်လို့ သိရပါတယ်။ မင်းတုန်း၊ ကံမ၊ ရွှေတောင်၊ ကျီးသဲ၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ အိတ် ၂၀၀၊ ၃၀၀ ဝင်ရောက်ပြီး ရွှေကျွန်းမှာ အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ပြီး ကမ်းနားပဲများက အိတ် ၃၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ကာ ဈေးနှုန်းမှာ တစ်တင်း ၂၁၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသလို ရွှေကျွန်းကလည်း တစ်တင်း ၂၄၅၀၀ ကျပ်ဖြင့် ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။

ထောပတ်ပဲ၊ ပဲလွန်းဖြူ သီးနှံများကလည်း ယခင်တစ်ပတ်အတိုင်း ပဲလွန်းဖြူတစ်တင်း ၂၂၀၀၀ ကျပ်၊ ထောပတ်ပဲ တစ်တင်း ၁၂၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသလို အရောင်းအဝယ်လည်း လက်လီသာရှိလို့ အိတ်အနည်းငယ်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မုံရွာကုန်စည်ဒိုင် ဇွန်လတတိယပတ် ပဲဈေးကွက် ပဲမျိုးစုံလက်ကျန်လျော့လို့ ဈေးမော့နေ

မုံရွာကုန်စည်ဒိုင် ဇွန်လတတိယပတ် ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဈေးကွက်ဝင် ပဲအများစု ဒိုင်မှာလက်ကျန်လျော့လာတဲ့အတွက် ဈေးမော့နေတာတွေ့ရပါတယ်။ အထူးသဖြင့် စိမ်းကြီးဈေးကွက်မှာ ယခုတစ်ပတ် တစ်တင်း ၄၀၅၀၀ ကျပ်ထိ ဈေးမော့လာခဲ့ပြီး၊ နယ်ကတစ်ရက်စိမ်းကြီးအိတ် ၂၀၀၀ ကျော်ပုံမှန်ဝင်နေကာ၊ ဝင်လာသမျှ ရောင်းကုန်တယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။ ဝယ်လက်အနေနဲ့ တရုတ်ပြည်အတွက် မန်းဝယ်လက်က အဓိကဖြစ်ပြီး ဒေသသုံးအတွက် ဝယ်လက်နည်းခဲ့တယ်လို့သိရပါတယ်။

ငုံနီဈေးကွက်လည်း ဒီလထဲတစ်တင်း ၄၂၀၀၀ ကျပ်အထိ အမြင့်ဆုံးပေါက်ခဲ့သလို ယခုတစ်ပတ်မှာ တစ်တင်း ၄၀၅၀၀ ကျပ်မှ ၄၁၃၀၀ ကျပ်ထိ ဈေးဆက်လက်မာနေပြီး ကုန်သည်လက်ဝယ် ပဲလက်ကျန်ရှားသွားလို့ လိုတဲ့သူကရှာဝယ်နေရတယ်လို့ ကုန်သည်ရပ်ကွက်ကဆိုပါတယ်။

ဒိုင်မှာ အရောင်းအဝယ်နေ့စဉ်မဖြစ်ခဲ့ဘဲ ဝယ်သူရောင်းသူဈေးညှိရတဲ့နေ့မှာ အိတ် ၂၀၀-၃၀၀ ခန့်သာဖြစ်ခဲ့တယ်လို့သိရပါတယ်။ မတ်ပဲဈေးကွက်မှာလည်း ဒိုင်မှာ ပဲလက်ကျန်မရှိသလောက် နည်းနေလို့ ဝယ်လိုအားရှိတဲ့နေ့မှာ တစ်တင်း ၄၆၀၀၀ ကျပ်ထိ အမြင့်ဈေးရခဲ့ပြီး တစ်ရက်အိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ကုန်သည်ရပ်ကွက်ကဆိုပါတယ်။

ကုလားပဲမျိုးစုံဈေးကွက်မှာတော့ ပြည်တွင်းသုံးလိုအပ်ချက်ရှိသလို ပြည်ပတင်ပို့ရန် ပဲစုဆောင်း ဝယ်ယူမှု လည်းရှိပေမယ့် ပဲလက်ကျန်နဲ့ပေါက်ဈေးအရ တစ်ရက်အိတ် ၁၅၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး ယခုတစ်ပတ်အတွင်း ကုလားပဲထိုင်ဝမ်တစ်တင်း ၂၃၇၀၀ ကျပ်၊ V2 ၂၃၅၀၀ ကျပ်နဲ့ ၉၂၉ တစ်တင်း ၂၄၀၀၀ ကျပ် အသီးသီး ဈေးမာနေတာတွေ့ရပါတယ်။

ယခုပဲနီ (စွန်တာနီ) ဈေးကွက်အနေနဲ့ လုပ်ငန်းသုံးသမားတွေ ပုံမှန်အဝယ်ရှိခဲ့သလို ကုန်သည်တချို့ လှောင်ကုန်ပဲအချို့မြတ်လို့ထုတ်ရောင်းခဲ့ပြီး၊ စွန်တာနီကို အောက်ဈေးရလို့ လှောင်ဖို့ အဝယ်အနည်းငယ်ရှိခဲ့တဲ့ အတွက် တစ်ရက်အိတ် ၅၀၀ ခန့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကာ ဒီရက်ပတ်အတွင်း တစ်တင်း ၁၄၀၀၀ ကျပ်ခန့်သာ ပေါက်ဈေးဖြစ်ခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်ဈေးကွက်မှာ CP ပြောင်းဖူးစေ့ဈေး အနည်းငယ်အေးသွားခဲ့ပြီး တစ်တင်း ၈၅၀၀ ကျပ်မှ ၉၀၀၀ ကျပ်အတွင်းသာ ပေါက်ဈေးဖြစ်ခဲ့ကာ အရောင်းအဝယ်လည်း အရင်ကတစ်ရက်အိတ် ၃၀၀၀ ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ရက် အိတ် ၁၀၀၀ ခန့်သာဖြစ်ခဲ့တယ်လို့ဆိုပါတယ်။ ပဲကြီးဈေးအနေနဲ့ ဒေသသုံးဝယ်လက် ပုံမှန်ရှိခဲ့သလို လှောင်လက်ကုန်သည်တွေ ထိန်းရောင်းခဲ့ကြလို့ ဒီရက်သတ္တပတ်အတွင်း ဈေးမာလာခဲ့ရာ တစ်တင်း ၂၇၀၀၀ ကျပ်အထိ အမြင့်ဈေးရခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ဈေးကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**



# ပြည်ဘိုကိတ် ဈေးငြိမ်သော်လည်း ယခင်နှစ်က ဈေးထက်ပိုရ

ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ လက်လီအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲများထဲမှ ဘိုကိတ်ပဲသီးနှံဟာ ပဲအဝင်ပါးလာလို့ အရောင်းအဝယ်လည်း အနည်းငယ်သာဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။

တစ်ခါတစ်ရံမှာ အိတ် ၂၀ မှ ၂၅ အိတ်အထိ အရောင်းအဝယ်ဖြစ်သလို အချို့ရက်တွေမှာတော့ ပုံမှန် ၁၅ အိတ်ခန့်သာ တစ်တင်း ဈေးနှုန်း ၁၅၅၀၀ ကျပ်ဖြင့် လက်လီသမားများ ဝယ်ယူခဲ့ကြပါတယ်။ ၂၀၁၄ ဇွန်လအတွင်း တစ်တင်း ၁၂၀၀၀ ကျပ်မှ ၁၂၄၀၀ ကျပ်ဖြင့်သာ ရောင်းဝယ်ခဲ့ကြတဲ့အတွက် ယခုနှစ် ဇွန်လ ဘိုကိတ်ပဲဈေးနှုန်းဟာ ယခင်နှစ်ကာလတူ ဈေးနှုန်းထက် ဈေးပိုခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## နနွင်း

### အရောင်းအဝယ်ပုံမှန်သာရှိတဲ့ ရှမ်းနနွင်း

ရှမ်းနနွင်းကတော့ ဈေးအေးနေပါတယ်။ အရောင်းအဝယ်ကလည်း ပုံမှန်သာရှိနေတယ်လို့သိရပါတယ်။ ချင်းလိုမျိုး ပြည်ပတင်ပို့မှုကလည်းမရှိတော့ ပြည်တွင်းဈေးပတ်သမားတွေကိုသာ အားကိုးပြီး ရောင်းနေရတယ်လို့သိရပါတယ်။ နနွင်းကလည်း ဈေးကွက်မှာ ပုံမှန်အဝင်ရှိနေပေမယ့် အရောင်းအဝယ်ကလည်း ပုံမှန်သာရှိပါတယ်။ ရန်ကုန်၊ မုံရွာ၊ စစ်တွေကတော့ လှော်ဖို့အတွက်လား၊ ဒေသတွင်းရောင်းဖို့ အတွက်လားမသိပေမယ့် ပုံမှန်တော့ ဝယ်ယူနေပါတယ်။ ဒေသတွင်းသုံးဖို့နဲ့ လှော်လက်တွေဝယ်နေတာကြောင့် တစ်ပတ်အတွင်း ပိဿာချိန် နှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အရင်တစ်ပတ်ကထက် ဈေးအနည်းငယ်ပြန်ကျလာတာကြောင့် ဝယ်လက်တွေက ဈေးကျချိန်မှာ ဝယ်ယူထားတာလည်း ဖြစ်နိုင်တယ်လို့ နနွင်းပွဲရုံတွေကဆိုပါတယ်။ ချင်းလိုပဲ ဈေးတက်လာမယ့်အချိန်ကို စောင့်ရင်းဝယ်ပြီး စုထားကြတဲ့ လှော်လက်တွေလည်း ရှိတာကြောင့်၊ နနွင်းက ပုံမှန်တော့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပေါက်ဈေးက တောင်ပို့လနနွင်းစဆိုရင် ၁၂၀၀ ကျပ်မှ ၁၅၀၀ ကျပ်-၁၆၀၀ ကျပ်ဈေးရှိပြီး ဆင်တောင်စက ၁၈၀၀ ကျပ်ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

### နနွင်းတင်ပို့မှုလျော့လာ

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇွန်လ ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်း နနွင်း ၄၈တန် ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံကို ၁၅ တန်နဲ့ စင်ကာပူနိုင်ငံကို ၃၃ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတန်ချိန် ၁၃၀ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၈၂ တန်တင်ပို့မှု လျော့ခဲ့ပါတယ်။မေလ ပထမ သီတင်းပတ်မှာ နနွင်းတန်ချိန် ၃၃၀ ကျော်ထိ တင်ပို့နိုင်ခဲ့ပြီး တစ်ပတ်ထက်တစ်ပတ် တင်ပို့မှုလျော့နည်းခဲ့တာတွေ့ရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၂၁၉၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## ကြက်သွန်

### အရောင်းအဝယ်အေးပြီး ဈေးတက်နေတဲ့ ပြည်ကြက်သွန်နီ

ပြည်ကြက်သွန်နီပွဲရုံများတွင် ဇွန် (တတိယပတ်) တွင်း ကြက်သွန်နီအရောင်းအဝယ်များ အလွန်အေးလျက်ရှိပါတယ်။ အရောင်းအဝယ်အေးပေမယ့် ကြက်သွန်နီဈေးကတော့ အနည်းငယ်စီ တက်လာပါတယ်။ ပွဲရုံဈေးတစ်ပိဿာ (ကြီး) ၅၅၀ ကျပ်၊ (လတ်) ၄၈၀ ကျပ်၊ (သေး) ၄၃၀ ကျပ်တို့ဖြစ်ပြီး အိတ်ဆွဲလက်လီသမားများရဲ့ ရောင်းဈေးကတော့ (ကြီး) ၆၀၀ ကျပ်၊ (လတ်) ၅၅၀ ကျပ် (သေး) ၅၀၀ ကျပ်တို့နဲ့ အရောင်းအဝယ်ပြုလျက်ရှိနေပါတယ်။

ကြက်သွန်နီဈေးဟာ မြင့်လာပေမယ့် အိတ်ဆွဲသမားများလည်း အရောင်းအဝယ် မကောင်းသလို ပွဲရုံမှာလည်း တင်ပို့မှုမရှိတဲ့အတွက် အရောင်းအဝယ်အေးလျက်ရှိနေခဲ့ပါတယ်။ နယ်မှကြက်သွန်နီ ဝင်ရောက်မှုကလည်း မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေးကြောင့် အဝင်နည်းနေခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။ ပွဲရုံများမှာ တစ်ရက်အိတ် ၂၀၀ ဝန်းကျင်ခန့်ထိသာရောင်းရပြီး ရောင်းအားကျနေကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

### တရုတ်နယ်စပ်ကရော ထိုင်းနယ်စပ်ကပါ ကြက်သွန်နီတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁ဝ၅)မိုင်ကုန်သွယ်ရေးဇုန်မှဇွန်လ၆ရက်မှ၁၂ ရက်တာ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၅၆၆၅၇ တန်ဖိုးရှိ ကြက်သွန်နီ ၁၉၁၈ တန်ကျော် တင်ပို့ခဲ့သလို မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၂၇၄၅၉ တန်ဖိုးရှိ ကြက်သွန်နီ ၈၉၇ တန်ခွဲနဲ့ တာချီလိတ်စခန်းမှ ကန်ဒေါ်လာ ၂၀၃၆၆ တန်ဖိုးရှိ ကြက်သွန်နီ တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၆၈၀ တန်ခွဲ၊ မြဝတီမှ ၄၃၃ တန်နဲ့ တာချီလိတ်မှ တန် ၁၀၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာကြက်သွန်နီတင်ပို့မှု ပိုမိုလာပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ယခုရက်ပိုင်းအတွင်း တောင်တွင်းကြီး၊မကွေး၊ ဆိပ်ဖြူနဲ့ ရေနံချောင်းမှ ကြက်သွန်တွေ ပုံမှန်ဝင်ရောက်မှုရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**



## ချင်း

### မိုးသိပ်မရွာလို့ ရှမ်းချင်း (ဥမ) ဖော်ဖို့ခက်

ဒီတစ်ပတ်တော့ အောင်ပန်းဈေးကွက်မှာ ချင်း (ဥမ)က အဝင်နည်းသွားပါတယ်။ ချင်းတက်တွေက ကုန်သလောက်ဖြစ်နေတဲ့အချိန်မှာ ချင်း (ဥမ)တွေကတော့ အရင်တစ်ပတ်ကစပြီး ဈေးကွက်ကို ဝင်လာပါတယ်။ ဒီတစ်ပတ်ကရှမ်းပြည်မှာ မိုးသိပ်ပြီးမရွာတာကြောင့် ဥမ ကဖော်ဖို့ခက်နေတယ်လို့ သိရပါတယ်။ တောင်သူတွေက ဖော်ချင်ပေမယ့် ဖော်လို့မရသေးတာလို့လည်း သိရပါတယ်။ ချင်းတက်တွေကတော့ ဒီတစ်ပတ်မှာ လှော်လက်တချို့ လက်ကျန်တွေဖြစ်တဲ့ချင်းတွေကို ထုတ်ရောင်းလာလို့ ပိဿာချိန် နှစ်ရာ၊ သုံးရာ ခန့်သာ အဝင်ရှိပါတယ်။ ချင်း (ဥမ) တွေကိုလည်း ပြည်ပတင်ပို့ဖို့အတွက် စစ်တွေဝယ်လက်တွေက ဝယ်ယူနေပါတယ်။ ပြည်ပဝယ်လက်တွေက ခပ်များများလိုချင်ပေမဲ့ အဝင်ကလည်းနည်းတော့ လိုသလောက်မရဘူးလို့ သိရပါတယ်။

ချင်းတက်တွေကို ပြည်ပဝယ်လက်က သိပ်မဆွဲဘဲ၊ ချင်း (ဥမ)ကိုတော့ အဆွဲများနေပါတယ်။ ချင်းတက်တွေကလည်း လှော်လက်တွေ ဆီမှာတောင် ပိဿာချိန် နှစ်ထောင်၊ သုံးထောင်ခန့်သာ ကျန်တော့တယ်လို့လည်း သိရပါတယ်။ ချင်းတက်နဲ့ ချင်း (ဥမ) တွေရဲ့ တစ်ပတ်အတွင်း ရောင်းအားကတော့ ပိဿာချိန် တစ်သိန်းသုံးသောင်းခန့်ရှိတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း (စို) တစ်ပိဿာ ပေါက်ဈေးက ၁၀၀၀ ကျပ်မှ ၁၁၀၀ ကျပ်၊ ချင်းခြောက်က ၂၁၀၀ ကျပ်-၂၂၀၀ ကျပ်ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

### ဈေးငြိမ်ပြီး အဝင်သွက်လာတဲ့ ပြည်ချင်းဈေးကွက်

ပြည်ချင်းဈေးကွက်ရှိ ချင်းဈေးမှာ ယခုတစ်ပတ်အတွင်း ဈေးငြိမ်ကာ ယခင်တစ်ပတ်ကအတိုင်း တစ်ပိဿာ လျှင် အနိမ့်ဆုံး ၁၂၀၀ ကျပ်မှ အမြင့်ဆုံး ၁၈၀၀ ကျပ်ထိရှိပြီး ပုံမှန်ရောင်းဝယ်လျက်ရှိပါတယ်။ ပြည်ချင်းဈေးကွက်ရှိ ချင်းရောင်းဝယ်သူများအနေနဲ့ ယခုအချိန်ဟာ အောင်ပန်းဘက်မှ ချင်း (ဥမ) များထွက်ရှိချိန်ဖြစ်သောကြောင့် ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ပိဿာ၃၀ ဝင် အိတ် ၈၀ ခန့်အထိ ဝင်ရောက်လာတာတွေ့ရပါတယ်။

အဝင်များပေမယ့် ဈေးနှုန်းပုံမှန်နဲ့ ပွဲရုံများမှ လက်လီ၊ လက်ကားရောင်းဝယ်သူများ ပိဿာချိန် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ ပိဿာချိန် ပျမ်းမျှ ၆၀၀ ခန့်ကို ဈေးကွက်မှတစ်ဆင့် စီးဆင်းသွားခဲ့ကြောင်းသိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### ချင်းတင်ပို့မှု ပို

ဇွန် ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်း ချင်း ၈၉ ဒသမ ၃၈၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ အိန္ဒိယနိုင်ငံကို ၃၆တန်၊ မလေးရှားကို၁၉ ဒသမ ၁၅၈တန်နဲ့ စင်ကာပူကို ၃၄ ဒသမ ၂၃တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ် ချင်း ၂၄ တန် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၆၅ တန်ကျော် တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၂၆၀၂၇ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း

### နယ်တင်ပို့မှု နည်းလာတဲ့ ပြည်မန်ကျည်းမှည့်

ပြည်မန်ကျည်းမှည့်များ ဒေသတွင်းထွက်ရှိမှုမရှိတော့ဘဲ တစ်နှစ်ပတ်လုံး လှောင်လက်သမားများထံတွင်သာ ရှိတာကြောင့် ဒေသတွင်း လက်လီအရောင်းသမားများသာ အရောင်းအဝယ်ရှိပါတယ်။ နယ်တင်ပို့ရန်မှာလည်း ကုန်ပစ္စည်း ရှားပါးချိန်ကြောင့် ပြင်ပအဝယ်ရှိပေမယ့် တင်ပို့နိုင်မှု မရှိသလောက်ကို ရှားပါးလာပါတယ်။ ရခိုင်ဘက်သို့ ယခုတစ်ပတ်အတွင်း ပိဿာချိန် ၂၇၀ လောက်သာ ရက်ခြားတင်ပို့နိုင်ကြောင်းလည်း သိရပါတယ်။ (ပွဲရုံဈေး) တစ်ပိဿာ ၁၄၀၀ ကျပ်ဖြစ်ပြီး (လက်လီ) တစ်ပိဿာဈေး ၁၈၀၀ ကျပ်ဖြင့် အတက်အကျမရှိဘဲ ပုံမှန်အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

### ပင်လယ်ရေကြောင်းမှ မန်ကျည်း တန် ၁၅၀ တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇွန်လ ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်း မန်ကျည်း တန်ချိန် ၁၅၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်ကို တန်ချိန် ၁၀၀နဲ့ ဖိလစ်ပိုင် ကိုတန်ချိန် ၅၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းနှစ်ပတ်မှာ တင်ပို့မှုပျောက်ခဲ့ပြီး ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၆၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါ တယ်။

**သီတာဝင်း(DOT)**



## အထွက်နည်းလို့ ဈေးကောင်းနေတဲ့ ရှမ်းကြက်သွန်ဖြူ

ဒီတစ်နှစ်တော့ ရှမ်းကြက်သွန်ဖြူက ဈေးကောင်းလာပါတယ်။ ဒီနှစ်စိုက်ဧကဟာ မနှစ်ကထက် ၃ ပုံ ၁ ပုံသာ ရှိတော့တယ်လို့ သိရပါတယ်။ ယခင်လေး၊ ငါးနှစ်ကတည်းက ကြက်သွန်ဖြူဈေးကွက် ပျက်သွားတာကြောင့် တောင်သူတွေက မစိုက်ရဲတော့တဲ့အတွက် စိုက်ဧက အတော့်ကိုနည်းသွားပါတယ်။ အစိုက်လည်း နည်းတာရယ်၊ ရာသီဥတုဖျက်တာရယ်ကြောင့် အထွက်နည်းလို့ ဈေးကလည်း ကောင်းနေပါတယ်။

ပြီးခဲ့တဲ့ တစ်ပတ်က ဒီထက်ပိုပြီး ဈေးကောင်းပါတယ်။ တစ်ပိဿာကို အနိမ့်ဆုံး ၁၆၅၀ ကျပ်မှ ၂၃၀၀ ကျပ်ဈေးထိပေါက်ခဲ့ပါတယ်။ တောင်ကြီးမြို့နယ်မှာ အစိုက်လျော့သွားပေမယ့် ကလောမြို့နယ်နဲ့ ပင်လောင်းမြို့နယ်မှာတော့ ပုံမှန်ရှိနေပါတယ်။ ဒေသတွင်းသုံးစွဲဖို့အပြင် ရန်ကုန်၊ မန္တလေးကပါ အဝယ်ရှိနေပါတယ်။ ဈေးကောင်း နေတော့ ရန်ကုန်၊ မန်းဝယ်လက်တွေက ခဏနဲ့ပြန်ပြီးအဝယ်ရပ်သွားပါတယ်။ ပစ္စည်းလက်ကျန် တွေကတော့ ရှိနေပါသေးတယ်။ သီတင်း ကျွတ်မှာ ပြန်စိုက်ကြပြီး သက်တမ်းက ၄၊ ၅ လထိကြာတတ်လို့ ဒီအတွင်းမှာ ဈေးကဘယ်လိုဖြစ်လာနိုင်လည်းတော့ မသိ သေးဘူးလို့ ဒေသခံပွဲရုံတွေက ဆိုပါတယ်။ တောင်ကြီးဈေးကွက်မှာ ကြက်သွန်ဖြူ တစ်ပိဿာပေါက်ဈေးက ကြက်သွန်ဖြူ (လတ်ခြား) ၁၅၀၀ ကျပ်၊ (ထူး-၁) ၁၆၀၀ ကျပ်၊ (ထူး-၂) ၁၇၀၀ ကျပ်၊ (ထူး-၃) ၁၉၀၀ ကျပ်နဲ့ (ထူး-၄) က ၂၁၀၀ ကျပ်ဈေး ရှိပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ကလောမြို့နယ်နဲ့ ပင်လောင်း၊ နောင်တယား၊ တီကျစ်စတဲ့မြို့နယ်တွေက ဝင်တဲ့ ကြက်သွန်ဖြူတွေကို အဓိကအရောင်းအဝယ်ပြုလုပ်ကြပါတယ်။ ကလောကြက်သွန်ဖြူတွေက တောင်ကြီးကြက်သွန်ဖြူတွေထက် ပိုမာပြီး၊ အထားခံလို့ ဝယ်လက်တွေကပိုပြီးကြိုက်ကြပါတယ်။ အောင်ပန်းဈေးကွက်မှာ ကြက်သွန်ဖြူ တစ်ပိဿာ ပေါက်ဈေး က (လတ်ခြား) ၁၄၀၀ ကျပ် ၊ (ရှယ်) ၁၆၀၀ ကျပ်၊ (ထူး-၁) ၁၈၀၀ ကျပ်၊ (ထူး-၂) ၂၀၀၀ ကျပ်၊ (ထူး-၃) ၂၂၀၀ ကျပ်၊ (ထူး-၄) ၂၄၀၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းကုန်စည်ဒိုင်က သိရှိရပါတယ်။

**ဧခိုင်-တောင်ကြီး**

Vol: 15, No.23 Monday June 22 2015

# တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဆောင်ရွက်မှုများ

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

ကမ္ဘာ့နိုင်ငံအသီးသီးသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး (Poverty Reduction) ကို နည်းအမျိုးမျိုးနှင့် ဆောင်ရွက်နေကြသည်။ ယင်းသို့ ဆောင်ရွက် ရာတွင်တစ်နိုင်ငံနှင့်တစ်နိုင်ငံမတူညီကြချေ။

**ဆင်းရဲနွမ်းပါးမှု (Poverty) ၏ အဓိပ္ပါယ်**

ဆင်းရဲနွမ်းပါးမှုဟူသည် သန့်ရှင်းသောရေ၊ အာဟာရဓါတ်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အဝတ်အထည်နှင့်နေစရာအစရှိသော အခြေခံလူသားတို့၏ လိုအပ်မှုများကိုဖြည့်ဆည်းရန် နည်းလမ်းများ မရှိသောအခြေအနေကို ရည်ညွှန်းကြသည်။ ဤသည်မှာ လုံးဝပကတိ ဆင်းရဲနွမ်းပါးမှုကို ရည်ညွှန်းခြင်းဖြစ်သည်။ ကမ္ဘာ့ဘဏ်ကမူ တစ်နေ့လျှင်အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ (PPP) ထက်နည်းသော ငွေကြေးဖြင့်နေထိုင်ရှင်သန်ခြင်းကို အလွန်အမင်းဆင်းရဲနွမ်းပါးမှု (Extreme poverty) ဟု အဓိပ္ပာယ်ဖွင့်ထားသည်။ တစ်နေ့လျှင် နှစ်ဒေါ်လာထက်နည်းပြီး နေထိုင်ရှင်သန်နေပါက သာမန်ဆင်းရဲနွမ်းပါးမှုဟု ယူဆထားသည်။

**ဆင်းရဲနွမ်းပါးမှုဖြစ်စေသော အကြောင်းအရင်းများ**

စက်မှုတော်လှန်ရေးမတိုင်ခင်က ဆင်းရဲနွမ်းပါးမှုကို မလွဲဧကန်ကြုံတွေ့ခဲ့ရသည်။ ခေတ်မီစိုက်ပျိုးရေးနည်းပညာမပေါ်ထွန်းခင်က အစားအစာပြတ်လတ်မှုများသည် အခြေခံအကြောင်းအရင်းတစ်ခု အဖြစ်တွေ့မြင်ခဲ့ရသည်။

ဒုတိယအကြောင်းရင်းမှာ နေထိုင်မှုစရိတ်များမြင့်တက်ခြင်းဖြစ်ပြီးဖြင့်ယင်းကဆင်းရဲသားမျာကို အခက်အခဲတွေ့စေခဲ့သည်။ ဆင်းရဲသောပုဂ္ဂိုလ်များသည် ချမ်းသာသောသူများထက်အစားအစာတွင် သူတို့ဘတ်ဂျက်ငွေကြေး၏ ကြီးမားသောအချိုးအစားကိုသုံးစွဲခဲ့ရသည်။ အစားအစာဈေးမြင့်သောအခါ ဆင်းရဲသားများအခက်ကြုံခဲ့ရသည်။ ဥပမာအားဖြင့် ၂၀၀၇ ခုနှစ်နှောင်းပိုင်းတွင် ဂျုံဈေးနှုန်းမြင့်တက်မှုကြောင့် နိုင်ငံအချို့တွင်အစားအစာနှင့်ပတ်သက်၍ အဓိကရုဏ်းများဖြစ်ခဲ့သည်။ လူပေါင်းသန်း ၁၀၀ သည် ဆင်းရဲမှုနွံတွင်းနစ်နေသည်ဟု ကမ္ဘာ့ဘဏ်က သတိပေးခဲ့သည်။

တတိယအကြောင်းအရင်းမှာ အစားအစာဖြည့်ဆည်းမပေးနိုင်မှုအန္တရာယ်ဖြစ်သည်။ ယင်းအန္တရာယ်ကို မိုးခေါင်းရေရှားမှုနှင့် ရေရရှိမှုအကျပ်အတည်းတို့ကြောင့် ဖြစ်စေခဲ့သည်။ ခန့်မှန်းခြေအားဖြင့် ကမ္ဘာ့စိုက်ပျိုးမြေ၏ ၄၀ ရာခိုင်နှုန်းသည် အလွန်အမင်းယိုယွင်းပျက်စီးလာခဲ့ သည်။ ဥပမာ-အာဖရိကတွင် မြေသားယိုယွင်းပျက်စီးမှုသည် လက်ရှိလမ်းကြောင်းအတိုင်းဆက်ဖြစ်နေလျှင် အာဖရိကတွင် ၂၀၂၅ ခုနှစ်၌ ယင်းလူဦးရေ၏ ၂၅ ရာခိုင်နှုန်းကိုသာ အစားအစာဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။

စတုတ္ထအချက်မှာ ကျန်းမာရေး စောင့်ရှောက်မှုဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုကို ဆင်းရဲသားများအတွက် ကျယ်ကျယ်ပြန့်ပြန့်မရခြင်းပင်ဖြစ်သည်။ ဆင်းရဲနွမ်းပါးသောနိုင်ငံများမှ ရွှေ့ပြောင်းလာကြသော လုပ်သားများ ကျန်းမာရေးစောင့်ရှောက်မှုဆုံးရှုံးမှုသည် ဆင်းရဲသားများကို ဒုက္ခရောက်စေသည်။

လူဦးရေထူထပ်ခြင်းနှင့် မွေးဖွားနှုန်းထိန်းချုပ်မှုနည်းလမ်းများသည် ဆင်းရဲနွမ်းပါးမှုကိုဖြစ်စေသည်။ ကမ္ဘာ့လူဦးရေသည် ၂၀၄၀ ခုနှစ်တွင် ကိုးဘီလီယံနီးပါးသို့ရောက်ရှိမည်ဟု မျှော်လင့်ထားသည်။

တရုတ်နိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုကို ကမ္ဘာ့ဘဏ်ကသတ်မှတ်ထားသော ဆင်းရဲနွမ်းပါးမှုလိုင်းအရ တစ်နေ့လျှင် ၁ ဒသမ ၂၅ ဒေါ်လာ ထက်နည်းသော ဝင်ငွေရှိသည့်လူများကို ရည်ညွှန်းသည်။ ဆင်းရဲနွမ်းပါးမှုသည် တရုတ်နိုင်ငံရှိ အသွင်အပြင်လက္ခဏာအားလုံးတွင် သက်ရောက်မှုရှိသည်။ ယင်းတို့တွင် ပတ်ဝန်းကျင်၊ ကျန်းမာရေး၊ ပညာရေး၊ နေအိမ်အဆောက်အအုံ၊ အာဟာရနှင့် စိုက်ပျိုးရေးတို့ အကျုံးဝင်သည်။

တရုတ်နိုင်ငံသည် ၁၉၇၀ နှောင်းပိုင်းတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် စတင်ဆောင်ရွက်ကတည်းက တစ်ဦးကျဝင်ငွေတွင်သိသိသာသာတိုးတက်မှုများအရှိန်ရခဲ့သည်။ ပြုပြင်ပြောင်းလဲမှု စတင်သည့်ကာလတွင် ဆင်းရဲနွမ်းပါးမှုနှုန်း ၆၄ ရာခိုင်နှုန်းရှိနေရာမှ ၂၀၀၄ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ကျဆင်းခဲ့သည်။ တစ်ချိန်တည်းတွင် ဝင်ငွေမညီမျှမှုများ မြင့်တက်ခဲ့သည်။ အလွန်အမင်းပညာတတ်သောမြို့ပြအသက်မွေးဝမ်းကျောင်းပညာရှင်များနှင့် မြို့ပြအလုပ်သမားလူတန်းစားအကြား ကွာဟမှုမြင့်တတ်လာခြင်းဖြင့် ကျေးလက်မြို့ပြဝင်ငွေကွာဟမှုဖြစ်လာခဲ့သည်။ ထို့ပြင် ကျန်းမာရေးနှင့် ပညာရေးရလဒ်များတွင် မညီမျှမှုများမြင့်တက်လာခဲ့သည်။

တရုတ်နိုင်ငံသည် ဈေးကွက်စနစ်ကိုစတင်မိတ်ဆက်ခဲ့သော်လည်း ကျေးလက်မှမြို့ပြရွှေ့ပြောင်းမှုများအား ကန့်သတ်မှုများသည်



ပိုမိုဆင်းရဲသော ကျေးလက်ပြည်သူအတွက် ကန့်သတ်ထားသော အခွင့်အလမ်းများဖြစ်လာခဲ့သည်။

တရုတ်နိုင်ငံသည် ကျန်းမာရေးနှင့် ပညာရေးအတွက် ရန်ပုံငွေထူထောင်ရန်ဒေသအစိုးရအပေါ်အားထားသောဘဏ္ဍာရေးစနစ်ကိုဗဟိုချုပ်ကိုင်မှုလျှော့ချခဲ့သည်။ ရလဒ်အနေဖြင့် ဆင်းရဲသောကျေးရွာများသည် ကောင်းမွန်သောဝန်ဆောင်မှုလုပ်ငန်းများကို မတတ်နိုင်ကြချေ။ ဆင်းရဲသောအိမ်ထောင်စုများသည် အခြေခံဝန်ဆောင်မှုလုပ်ငန်းများ၏ မြင့်မားသော ကုန်ကျစရိတ်များကို မတတ်နိုင်ကြချေ။ မကြာသေးမီနှစ်များက တရုတ်နိုင်ငံတွင် ကုန်သွယ်မှုပိုငွေ ကြီးမားမှုသည် ပြဿနာတစ်ခုဖြစ်ခဲ့သည်။ အကြောင်းမှုကား ယင်းသည် မြို့ပြစက်မှုလုပ်ငန်း အခန်းကဏ္ဍကို တွန်းအားပေးခဲ့ရာ ဆင်းရဲသားများအတွက် အလုပ်အကိုင်သစ်များကို ဆက်လက်မဖန်တီးနိုင်တော့ချေ။ ထို့ကြောင့် တရုတ်အစိုးရသည် ပြောင်းရွှေ့မှုကိုအားပေးရန်ပေါ်လစီကို ပြုပြင်ဆောင်ရွက်ခဲ့ရသည်။ ဆင်းရဲသောဒေသများနှင့် ဆင်းရဲသော အိမ်ထောင်စုများအတွက် ပညာရေးနှင့် ကျန်မာရေးရန်ပုံငွေ ထူထောင်ခဲ့ရသည်။ လူမှုရေးဆိုင်ရာကွာဟမှုများ လျှော့ချရန်ကူညီရေးအတွက် ပြည်တွင်းသုံးစွဲမှုနှင့် အစိုးရလုပ်ငန်းများသို့ ရှေးရှုလျက် ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်များဆိုင်ရာ စီးပွားရေးကို ပြန်လည်ချိန်ညှိခဲ့ရသည်။

လွန်ခဲ့သော ၂၅ နှစ်ကျော်ကာလတွင် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးစီးပွားရေးတိုးတက်သည့်နိုင်ငံဖြစ်လာခဲ့သည်။ ယင်းတိုးတက်မှုသည် လက်တွေ့နေထိုင်မှုအဆင့်အတန်းတွင် ထူးခြားသော တိုးတက်မှုသို့ ဦးတည်ခဲ့သည်။ ၁၉၈၁ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်အကြားတွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၈၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။

တရုတ်နိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုစတင်ခဲ့သော ၁၉၇၈ ခုနှစ်ကတည်းက နှစ် ၃၀ ကျော်မြင့်မားသောတိုးတက်မှုနှုန်းကို ထိန်းသိမ်းခဲ့သည်။ ၁၉၉၀ မှ ၂၀၀၅ ခုနှစ်ထိ တရုတ်နိုင်ငံသည် ပျမ်းမျှတစ်ဦးကျတိုးတက်မှုနှုန်း ၈ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သည်။ ဤပြုပြင်ပြောင်းလဲမှုအစီအစဉ်ကို "တံခါးဖွင့်မူဝါဒ" ဟု ရည်ညွှန်းခဲ့သည်။

တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုတွင် ကုန်သွယ်မှုဖြေလျှော့ပေးခြင်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့သည် အဓိကအရေးပါသည်။ တရုတ်နိုင်ငံသည် လူသားအရင်းအနှီးကိုတိုးတက်စေခဲ့သည်။ နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ဖွင့်လှစ်ပေးခဲ့သည်။ ပုဂ္ဂလိက ကဏ္ဍအတွက် ပိုမိုကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှု ရာသီဥတုကို ဖန်တီးခဲ့သည်။ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းသို့ ဝင်ရောက်ပြီးနောက် တရုတ်နိုင်ငံ၏ပျမ်းမျှအခွန်နှုန်းများသည် ၁၀ ရာခိုင်နှုန်းအောက်သို့ကျဆင်းခဲ့သည်။ ကုန်ထုတ်လုပ်ပြီး သွင်းကုန်များအတွက် ၅ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။

တရုတ်နိုင်ငံ၏ ရေရှည်ထိန်းထားနိုင်သော တိုးတက်မှုသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးသို့ တွန်းအားပေးနိုင်ခဲ့သည်။ ပြည်ထောင်စုစူးစမ်းလေ့လာမှုများအရ တရုတ်နိုင်ငံတွင် ၁၉၈၁ ခုနှစ်တွင် ဆင်းရဲမှုနှုန်းသည် လူဦးရေ၏ ၆၄ ရာခိုင်နှုန်းရှိနေရာမှ ၂၀၀၄ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။

တရုတ်နိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးသည် လှိုင်းများအသွင်ဖြစ်ခဲ့သည်။ အိမ်ထောင်စုတာဝန်ယူမှုစနစ်သို့ ရွှေ့ပြောင်းမှုသည် စိုက်ပျိုးရေးထုတ်ကုန်တွင် ကြီးမားသောတိုးတက်မှုသို့ တွန်းအားပေးခဲ့သည်။ ဆင်းရဲမှုနှုန်းသည် ၁၉၈၁ မှ ၁၉၈၇ ခုနှစ်ထိ တိုတောင်းသောကာလတွင် တစ်ပတ်ခန့်လျှော့ချနိုင်ခဲ့သည်။ ၁၉၈၇ ခုနှစ်မှ ၁၉၉၃ ခုနှစ်ထိ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းတန့်နေခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်ထိ ဆင်းရဲမှုကိုအနည်းငယ်လျှော့ချနိုင်ခဲ့ပြန်သည်။ တရုတ်နိုင်ငံသည် ၂၀၀၁ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းသို့ ဝင်ရောက်ကတည်းက ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းသည် အလွန်လျင်မြန်သောနှုန်းဖြင့်ပြန်စခဲ့သည်။ သုံးနှစ်တာကာလအတွင်း သုံးပုံတစ်ပုံ လျှော့ချနိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ကျေးလက်ဒေသများတွင် ၁၉၈၆ ခုနှစ်ကတည်းက အကြီးစားအဆင့်သက်သာချောင်ချိရေးစီမံကိန်းများဆောင်ရွက်ခဲ့သည်။ အစိုးရရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ခဲ့သည်။ ဆင်းရဲသောဒေသများအတွက် ဆင်းရဲမှုလျှော့ချရေးအတိုးနှုန်းနည်းသော ချေးငွေများစီစဉ်ခဲ့သည်။ လယ်သမားများကို ထုတ်လုပ်မှုအခြေအနေများတိုးတက်ရန်စွမ်းဆောင်ပေးသည်။ အခြေခံအဆောက်အအုံများတိုးတက်ရန် စွမ်းဆောင်ပေးသည်။ အခြေခံအဆောက်အအုံများတိုးတက်ရန် ဆင်းရဲသောကျေးရွာများကိုကူညီခဲ့သည်။ ထို့ပြင် မြို့ပြဧရိယာများတွင် အလုပ်အကိုင်များဖန်တီးခဲ့သည်။ အသေးစားချေးငွေများ အထောက်အပံ့ပေးခဲ့သည်။ ပိုမိုနှစ်လိုဖွယ်ရာကောင်းသောအခွန်မူဝါဒများ ချမှတ်ခဲ့သည်။

အစိုးရလုပ်ငန်းများနှင့် လူမှုအသိုက်အမြုံများကို ကူညီပံ့ပိုးပေးခဲ့သည်။ ပညာရေးအပိုင်းတွင် ကိုးနှစ်မသင်မနေရပညာရေးကို မြှင့်တင်ဆောင်ရွက်ခဲ့သည်။ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရေးကို အထောက်အကူပြုခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ဂျီဒီပီ (ပြည်တွင်းအသားတင်ထုတ်ကုန်) ၏ ၂ ဒသမ ၈၆ ရာခိုင်နှုန်းကို အစိုးရအသုံးစရိတ်အဖြစ်သုံးစွဲခဲ့သည်။ ရည်မှန်းချက်မှာ ဂျီဒီပီ၏ ၄ ရာခိုင်နှုန်းထိယင်းကိုမြှင့်တင်ရန်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် အထူးစီးပွားရေးဇုန်များအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုလက်ခံခဲ့သည်။ တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် အစိုးရ၏ဆင်းရဲမှုလျှော့ချရေးမူဝါဒသည် လူအများအပြားရွှေ့ပြောင်းမှုနှင့် အလုပ်အကိုင်ရရှိမှုကို အာရုံစိုက်ခဲ့သည်။ စီးပွားရေးတိုးတက်မှုကို ဆောင်ရွက်ပြီးပညာရေးနှင့် ကျန်းမာရေးတွင် ဆင်းရဲသားများအား အထောက်အကူပြုရန် ရန်ပုံငွေရှာခဲ့သည်။ တံခါးဖွင့်ဝါဒကျင့်သုံးပြီး ပုဂ္ဂလိကအခန်းကဏ္ဍကိုမြှင့်တင်ပေးခဲ့သည်။ ကျေးလက်ဒေသနှင့်မြို့ပြဖွံ့ဖြိုးမှု မူဝါဒများကို စနစ်တကျဆောင်ရွက်ခဲ့သည်။ သို့ဖြစ်ရာ တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် အစိုးရ၏ဆောင်ရွက်မှုများနှင့် လူမှုတာဝန်သိမှုများသည် အရေးပါသောအချက်များအဖြစ် သိသာထင်ရှားနေပါသည်။

၂၁ ရာစုတွင် ယခင် ဆင်းရဲသောနိုင်ငံများသည် ဆယ်စုနှစ်အတွင်းစီးပွားရေး သိသိသာသာတိုးတက်လာခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည်လည်း ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ လက်တွေ့အကောင်အထည်ဖော်နေပြီဖြစ်ရာ အရေးအကြီးဆုံး ရည်မှန်းချက်တစ်ခုဖြစ်သော ဆင်းရဲမှု ထက်ဝက်လျှော့ချနိုင်ရေးအတွက် လူတစ်ဦးချင်း၊ အိမ်ထောင်စု တစ်ခုချင်းစီးပွားရေးလုပ်ငန်းများ၊ ကျေးရွာနှင့် မြို့နယ်အဆင့် အသီးသီးဖြင့် ဘက်ပေါင်းစုံပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဤသို့ဖြင့် သိသာမြင်သာသော ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ပေသည်။

## ခတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ်ခတ်ဆီ၊ ဒီဇယ်အဝင်တော်တော်လေးလျော့နည်း

ဇွန်လ ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၁၆၄၄၈ တန်ဖိုးရှိ ခတ်ဆီ ၃ ဒသမ ၅၂ တန် နဲ့ကန်ဒေါ်လာ ၂၂၁၈၉၇၄ တန်ဖိုးရှိဒီဇယ် ၃၀ ဒသမ ၃၇၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့သိရပါတယ်။ ယခင်တစ်ပတ် ခတ်ဆီအဝင်မှာ ၂၁၄ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် မှာ တန် ချိန် ၂၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ကလည်း ယခင်သီတင်းပတ်မှာ တန်ချိန် ၁၄၀ ကျော်ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ ယှဉ်ရင် တန်ချိန် ၁၁၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ်ဒီဇယ်ရောခါတ်ဆီ ပါ အဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာဇွန်လ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့ အတွင်းရောင်းချနေတဲ့ ခတ်ဆီ၊ ဒီဇယ်ဈေးများကမော်လမြိုင်နဲ့ တောင်ကြီးမှာ ဈေးငြိမ်နေပြီး ရန်ကုန်မှာ ဈေးမြင့်နေတယ်လို့ သိရပါတယ်။ဒီတစ်ပတ်ပြင်ပမှာ လက်လီ ရောင်းချနေတဲ့ ဒီဇယ်၊ ခတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ခတ်ဆီဈေးအပြောင်းအလဲ သိပ်မရှိပေမယ့် ဒီဇယ်က ဈေးနည်းနည်းမြင့် လာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့အောက်တိန်းမှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ဈေးမှာဒီဇယ်၇၃၀ ကျပ်၊ အောက်တိန်း (92) ၇၈၀ ကျပ်၊ အောက်တိန်း (95) ၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၈၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လိုသိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဇွန်လ ၁၅ ရက်နေ့ ခတ်ဆီ ဝယ်ဈေး ၁၄၂၀၀၀ ကျပ်၊ရောင်းဈေး ၁၄၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး၁၇ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေးကျခဲ့ပေမယ့် ၁၈ ရက်နေ့တွင် ဝယ်ဈေး၊ ရောင်းဈေး ၅၀၀၀ ကျပ်ဈေးပြန်မြင့်လာခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာဇွန်လ ၁၅ ရက်မှာ ဝယ်ဈေး ၁၅၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ရောင်းဈေးများမှာ ခတ်ဆီဈေးက တစ်ဂါလန် ၄၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ် လို့ခါတ်ဆီ၊ဒီဇယ်အရောင်းအဝယ်သမား တစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ခတ်ဆီနဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာတယ်လို့သိရပါတယ်။ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ တစ်လီတာ ၇၇၀ ကျပ်၊အောက်တိန်း ၈၀၀ ကျပ်၊ ဒီဇယ် ၇၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၀၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာဇွန်လ ၁၅ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၅၁၀၀၀ ကျပ်၊ရောင်းဈေး ၁၅၄၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ရာမှ နောက်ရက်များတွင် ဆက်တိုက်ဈေးပြန်ကျခဲ့တယ်လို့ သိရပါတယ်။ဇွန်လ ၁၈ ရက်အရောင်းအဝယ်ဖြစ်တဲ့ ဒီဇယ်ဈေးမှာ ဝယ်ဈေး ၁၄၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၁၀၀၀ ကျပ်ဖြစ်တယ်လို့သိရပါတယ်။ ခတ်ဆီဈေးမှာ ဇွန်လ ၁၅ ရက်နေ့ ဝယ်ဈေး ၁၅၃၀၀၀ ကျပ်၊ရောင်းဈေး ၁၅၆၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး၁၈ ရက်တွင် ဝယ်ဈေး၊ရောင်းဈေး ၁၀၀၀ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင်ဒီဇယ်ဈေးကျခဲ့ပြီး ခတ်ဆီဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၄၀၀ ကျပ်၊ ခတ်ဆီ ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာဈေးငြိမ်ပြီးအရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ဈေးများက ခတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၈၅ ကျပ်၊ အောက်တိန်း ၃၄၆၅ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာခတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၃၀၀ ကျပ်၊အောက်တိန်း ၃၅၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ခတ်ဆီ၊ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများ ငြိမ်နေတယ်လို့ သိရပါတယ်။ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ခတ်ဆီတစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ်၃၃၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ ၄၀၀၀ ကျပ်၊ ဒီဇယ် ၃၁၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**MIRT-DOT**

### Energy NYMEX 19-6-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 60.21 | -0.24 | -0.40 |
| Brent Crude Futr (USD/bbl) | 64.14 | -0.12 | -0.19 |
| Gasoline Rbob Fut (Cent/gal) | 210.04 | -0.97 | -0.46 |
| Natural Gas Futr (USD/MMBtu) | 2.77 | -0.00 | -0.18 |
| Heating Oil Futr (Cent/gal) | 191.26 | -0.26 | -0.14 |

## စားသုံးဆီနှင့်စက်သုံးဆီ တင်သွင်းသူများကို ဗဟိုဘဏ်သတ်မှတ်နှုန်းအတိုင်း အကန့်အသတ်မရှိ ရောင်းချပေးမည်ဆိုခြင်းကြောင့် ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်ကျဆင်းလာ

တစ်လအတွင်း အမြင့်ဆုံးအဖြစ် အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၀၀ ကျပ်သို့ရောက်ရှိခဲ့ပြီးနောက် ဗဟိုဘဏ်နှင့်နိုင်ငံတော် အစိုးရမှတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် စက်သုံးဆီများနှင့်စားသုံးဆီသွင်းကုန်များအတွက် လိုအပ်သည့်နိုင်ငံခြားငွေကို ဗဟိုဘဏ်နှုန်းထားအတိုင်း အကန့်အသတ်မရှိ ရောင်းချပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ဆုံးဖြတ်ချက်များရ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့်ပုဂ္ဂလိကဘဏ် များအနေဖြင့် ယခုလ ၂၂ ရက်နေ့မှ စတင်၍ ရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးနောက် ဈေးကွက်အတွင်းတွင် ငွေလဲနှုန်းများ သိသိသာသာကျဆင်းသွားခဲ့ကြောင်း သိရသည်။

“နိုင်ငံတော်က ကြေညာသလိုမျိုး သွင်းကုန်ပမာဏများများစားစားသွင်းတာက စက်သုံးဆီနဲ့စားသုံးဆီသွင်းတဲ့ သူတွေပဲ။ သူတို့ကိုပါ ဒေါ်လာထုတ်ယူခွင့်ကန့်သတ်လိုက်တော့ သူတို့ကလည်း လိုအပ်တဲ့ငွေကို အပြင်ကနေ လိုက်ဝယ်ရတယ်။ အဲဒီလိုလိုက်ဝယ်ရတဲ့အခါကျတော့ ဈေးကစားချင်တဲ့သူတွေအတွက် အံကိုက်ဖြစ်သွားတာပေါ့။ ခုလိုလုပ်ပေးတာဟာ ဈေးကွက်တည်ငြိမ်မှုကိုဖြစ်စေနိုင်တယ်လို့ထင်ပါတယ်”ဟု ငွေလဲဈေးကွက်အတွင်းမှ ကိုကျော်မြင့်က ဆိုသည်။

ငွေလဲနှုန်းများသည် ဇွန် ၁၅ ရက်က ရောင်းဈေး ၁၁၈၅ကျပ်၊ ဝယ်ဈေး ၁၁၇၅ ကျပ်ရှိခဲ့ရာမှ ဇွန် ၁၇ ရက်တွင် ရောင်းဈေး ၁၂၀၅ကျပ်၊ ဝယ်ဈေး ၁၁၉၅ ကျပ်သို့ ပြန်လည်မြင့်တက်လာခဲ့သော်လည်း ယခုကဲ့သို့ကြေ ညာချက် ထွက်ပေါ်လာခဲ့အပြီးတွင် ဈေးများ ပြန်လည်ကျဆင်းလာခဲ့ကာ ဇွန် ၁၉ရက်တွင် ရောင်းဈေး ၁၁၆၃ ကျပ်၊ ဝယ်ဈေး ၁၁၅၈ကျပ်သာရှိခဲ့ကြောင်း သိရသည်။ **မယ်သီတာ**

## ကမ္ဘာ့ရွှေဈေး မြင့်တက်လာသော်လည်း ငွေလဲနှုန်း ကျဆင်းသဖြင့် ပြည်တွင်းရွှေဈေး ပြန်လည်ကျဆင်း

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အတက်ကြမ်း အကျကြမ်းခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ပြန်လည်ကျဆင်းလာခဲ့သည်။ ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်မှုကြောင့် မြန်မာ့ရွှေဈေး အတက်ကြမ်းခဲ့ရသလို ယခုအခါတွင် ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်ကျဆင်းလာခဲ့သဖြင့် မြန်မာ့ရွှေဈေးလည်း ပြန်လည်ကျဆင်းလာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“လဆန်းပိုင်းလောက်က တကယ့်ကို ကြောက်စရာ ကောင်းလောက်အောင် ဈေးကမြင့်တက်ခဲ့တာ။ ဈေးမြင့်တက်ခဲ့တဲ့အတွက် ကုန်သည်တွေ တော်တော်များများ အထိနာကြတယ်။ ခုဒီရက်ပိုင်းမှာငွေလဲနှုန်းပြန်ကျသွားတဲ့အတွက် ရွှေဈေးကလည်း ပြန်ကျသွားတယ်။ ကမ္ဘာ့ရွှေဈေးကတော့ နည်းနည်း ပြန်တက်လာတယ်။ ကမ္ဘာ့ရွှေဈေးတက်ပေမယ့် ပြည်တွင်းကငွေလဲနှုန်းမတက်ရင် ရွှေဈေးကတက်လာမှာမဟုတ်ဘူး။တကယ်ဆို ဒေါ်လာနဲ့ရွှေက ပြောင်းပြန်အချိုးပဲ။ နိုင်ငံတကာ ဒေါ်လာဈေးတက်ရင် ပြည်တွင်းကရွှေဈေးကျမယ်။ နိုင်ငံတကာဒေါ်လာဈေးကျရင် ပြည်တွင်းက ရွှေဈေးတက်မယ်။ အဲဒီလိုသဘောမျိုးပဲရှိတာ။ ခုချိန်မှာ ပြည်တွင်းငွေလဲနှုန်းက အဆမတန်မြင့်တက်သွားတဲ့အတွက် ပြည်တွင်းရွှေဈေးပါ မြင့်တက်သွားရတာပါ”ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် ဇွန်လ ၁၅ ရက်နေ့က ကျပ် ၇၃၈၀၀၀ ရှိခဲ့ရာမှ ဇွန်လ ၁၇ရက်နေ့တွင် ကျပ် ၇၄၈၀၀၀ သို့ မြင့်တက်ခဲ့သည်။ သို့သော် ဇွန်လ ၁၉ ရက်နေ့တွင်ကျပ် ၇၂၈၀၀၀ သို့ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇွန်လ ၁၅ ရက်နေ့တွင် ၁၁၈၂ ဒေါ်လာရှိခဲ့ရာမှ ဇွန်လ ၁၇ရက်နေ့တွင် ၁၁၈၀ ဒေါ်လာသို့အနည်းငယ်ကျဆင်းခဲ့ပြီး ဇွန်လ ၁၉ ရက်နေ့တွင် ၁၁၉၉ဒေါ်လာသို့ မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

June 19, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.29 |
| BDT | Bangladesh Taka | 77.85 |
| CAD | Canada Dollars | 1.22 |
| CNY | China Yuan Renminbi | 6.21 |
| EUR | Euro | 0.88 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 63.79 |
| IDR | Indonesia Rupiahs | 13317.34 |
| JPY | Japan Yen | 123.10 |
| MYR | Malaysia | 3.72 |
| PKR | Pakistan Rupees | 101.76 |
| PHP | Philippines Pesos | 45.05 |
| RUB | Russia Rubles | 53.43 |
| SGD | Singapore Dollars | 1.34 |
| KRW | South Korea Won | 1106.54 |
| LKR | Sri Lanka Rupe | 134.28 |
| THB | Thailand Baht | 38.65 |
| GBP | United Kingdom Pounds | 0.63 |
| VND | Vietnam Dong | 21800.65 |

*Source : xe.com*

### World Gold Price

June, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 15 | 1182 | 1183 | 1182 |
| 16 | 1183 | 1184 | 1185 |
| 17 | 1179 | 1178 | 1178 |
| 18 | 1185 | 1185 | 1186 |
| 19 | 1198 | 1198 | 1199 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 15-6- 2015 | 740.00 | 739.50 |
| 16-6- 2015 | 740.00 | 745.80 |
| 17-6- 2015 | 747.00 | 745.50 |
| 18-6- 2015 | 733.00 | 733.10 |
| 19-6- 2015 | 730.00 | 730.00 |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 15 | 6 .21 | 33.72 | 78.46 | 64.08 |
| 16 | 6. 21 | 33.69 | 77.37 | 64.17 |
| 17 | 6 .21 | 33.70 | 77.81 | 64.14 |
| 18 | 6 .21 | 33.65 | 77.07 | 63.83 |
| 19 | 6.21 | 33.65 | 77.85 | 63.79 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 15-June | 15.98 | 2127.33 | 1690.30 | 5910.46 | 1094.00 |
| 16-June | 16.06 | 2121.95 | 1688.29 | 5887.84 | 1090.00 |
| 17-June | 15.96 | 2099.33 | 1679.10 | 5810.34 | 1074.00 |
| 18-June | 16.18 | 2112.77 | 1692.99 | 5864.10 | 1081.00 |
| 19-June | 16.16 | 2085.89 | 1677.76 | 5840.13 | 1083.00 |

Source:kitco.com

## ဘိလပ်မြေ

### ဒီတစ်ပတ် ဘိလပ်မြေတန်ချိန် ကိုးသောင်းကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇွန်လ ၇ ရက်မှ ၁၃ ရက်အတွင်း ပြည်တွင်းကို ကန်ဒေါ်လာ၈၂၁၇၄၉၇ ကျော်တန်ဖိုးရှိ ဘိလပ်မြေ ၉၉၂၆၇ ဒသမ ၈၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ မှာယူတင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ်မှာ အိန္ဒိယမှ ၃၃၆ တန်၊စင်ကာပူမှ ၂၀၀၆၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၇၈၈၇၁ ဒသမ ၈၆ တန် တင်သွင်းခဲ့ပါတယ်။ ဝင်လာတဲ့တံဆိပ်များမှာ ဆင်၊ စိန်၊ မောင်းတိန်း၊ ရန်ကို စတဲ့ ဘိလပ်မြေများဝင်လာခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မောင်းတိန်းက တန်ချိန် ငါးထောင့်ရှစ်ရာကျော်၊စိန် က တန်ချိန် ခုနစ်ထောင်ကျော်၊ ဆင်က တန်ချိန် ခြောက်သောင်းလေးထောင်ကျော် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ အများဆုံးဝင်လာတဲ့ ဘိလပ်မြေက ဆင်ဖြစ်ပါတယ်။ ယခင်တစ်ပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၉၂၅၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဈေးမြင့်ပြီး အရောင်းအဝယ်ပုံမှန်ရှိနေဆဲ ဘိလပ်မြေ

ဇွန် ၇ ရက်မှ ၁၃ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၉၉၂၆၇ တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၅၀၀၁၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန် ၄၉၂၅၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၈၈၀၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ ၁၅၁၉၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၆၀၆ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ ရောနယ်စပ် လမ်းမှပါအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ စိန်နဲ့ဆင်က ယခင်တစ်ပတ်မှာ ဈေးမြင့်ခဲ့သလို ဒီတစ်ပတ်မှာလည်း ဆက်လက်မြင့်ခဲ့တယ်လို့ သိရပါတယ်။ဆင်(ထိုင်း) က ၅၀ ကျပ်၊စိန်(ထိုင်း) က ၁၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး၊ကြွံ(မြိုင်ကလေး) က ၅၀ ကျပ်ဈေးကျလာတယ်လို့ သိရပါတယ်။ မိုးတွင်းကာလရောက်လာတာကြောင့် အရောင်းအဝယ်က ဒီလိုပဲအေးတတ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ မြင်းခေါင်းက ဝယ်အားလည်း နည်းတာကြောင့် ဆိုင်တင်ရောင်းချမှုလည်း မရှိသလောက်နည်းသွားတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင် (ထိုင်း) ၅၄၀၀ကျပ်၊ ကြွံ(မြိုင်ကလေး) ၅၁၀၀ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ ဆင်ဘိလပ်မြေကဈေးငြိမ်နေပေမဲ့ စိန်နဲ့ ကြွံနှစ်ကောင်က ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ဆင်(ထိုင်း)၆၀၀၀ကျပ်၊ စိန် ၅၉၀၀ ကျပ်၊ ကြွံနှစ်ကောင် (အနီ) ၅၅၀၀ ကျပ်၊ ကြွံနှစ်ကောင်(အစိမ်း) ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းပုံမှန်ရှိပေမယ့် ဒီတစ်ပတ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ဆင်(ထိုင်း) ၇၅၀၀ ကျပ်၊ စိန်(ထိုင်း) ၇၅၀၀ ကျပ်၊ ခြင်္သေ့ ၅၀၀၀ ကျပ်၊ အပါချီ ၅၆၀၀ ကျပ်၊ ကျားခေါင်း ၅၀၀၀ ကျပ်၊ နဂါး ၅၆၀၀ ကျပ်၊ ကမ္ဘောဇ ၅၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### ယခင်တစ်ပတ်ထက်တန်ချိန် ၂၉၀၀ ကျော်ပိုဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇွန် ၇ ရက်မှ ဇွန်လ ၁၃ ရက် သီတင်းပတ်အတွင်းမှာ ပြည်တွင်းကို ကန်ဒေါ်လာ ၂၃၁၀၄၄၀ ကျော်တန်ဖိုးရှိ မြေသြဇာ ၇၇၁၉ ဒသမ ၆၁၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၂၆၂၆ ဒသမ ၆၁၉ တန်၊ ဂျာမနီမှ ၉၇၅ တန်၊ မလေးရှားမှ တန်ချိန် ၂၅၀၊ စင်ကာပူမှ ၁၃၈၅တန်၊ထိုင်းမှ၁၅၅၃ တန်၊ အာရပ်စော်ဘွားများပြည်ထောင်စုမှ တန်ချိန် ၇၂၀၊ဗီယက်နမ်မှ တန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်း၊ ပိုတက်၊ ဩဂဲနစ်နဲ့ ယူရီးယား စတဲ့မြေဆီများတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကွန်ပေါင်းမြေသြဇာ ၅၆၀၅ တန်ကျော်နဲ့ အမိုးနီးယမ်းဆာလဖိတ် ၁၆၉၄တန် ကျော်ဝင်လာတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်တန်ချိန် ၄၇၃၈ ကျော် အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၉၈၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### နယ်ဈေးကွက်မှာ ဈေးမြင့်လာတဲ့ ဓာတ်မြေသြဇာ

ဇွန်လ ၇ ရက်မှ ဇွန်လ ၁၃ ရက် အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၇၇၁၉ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၄၇၃၈ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ် မှာ ၂၉၈၀ တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ ၁၆၆၁၃ တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၅၀၄၀ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၅၇၃ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေး၊ မော်လမြိုင်နဲ့ တောင်ကြီးမှာ ဈေးမြင့်ပြီး ရန်ကုန်ဈေးကွက်မှာ ဈေးအနည်းငယ်ကျကာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေသြဇာ အရောင်းလိုက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ချောင်းဆုံနယ်ဘက်မှ အဆွဲရှိခဲ့တာကြောင့်နဲ့ မိုးသီးနှံအတွက်အဝယ်ရှိခဲ့တာကြောင့်အဝယ်က လိုက်လာတယ်။ အဝယ်လိုက်သလို ငွေဈေးလည်း အနည်းငယ်တက်တာကြောင့် မြေဆီ ဈေး လည်း အနည်းငယ်တက်လာတယ်လို့ သိရပါတယ်။ ဈေးတက်လာတာက ပုလဲအသေးနဲ့ ကွန်ပေါင်း၁၅ ပတ်လည်တို့ဖြစ်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ တစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးနှုန်းတွေမှာ ပုလဲ-အသေး၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ၂၁၅၀၀ ကျပ်၊ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၈၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၃၁၈၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၉၅၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၂၀၀၀၀ ကျပ်၊ တီစူပါ၁၆% (မြားကမ္ဘာ- တရုတ်) ၁၁၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာက အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ နွေစပါးအတွက်အဝယ်လိုက်သလို ငွေဈေးလည်းတက်တာကြောင့်မြေသြဇာဈေးလည်း နည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၃၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ(**GTSP** ၄၆%-တရုတ်) ၂၀၂၀၀ ကျပ်၊ တီစူပါ (**GSSP** ၁၆%-တရုတ်) ၁၀၂၀၀ ကျပ်၊ တီစူပါ(**GSSP** ၁၂%-တရုတ်) ၉၅၀၀ကျပ်၊ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၆၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာက အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြေသြဇာ ဈေးများ နည်းနည်းတက်လာတယ်လို့ ဆိုပါတယ်။ ယူရီးယားက ၁၃၀၀ ကျပ်၊ တီစူပါက ၁၀၀၀ ကျပ်၊ ဓာတ်ဆား က ၁၂၀၀ကျပ်၊ပိုတက် ၅၀၀ကျပ်၊ ယူရီးယား (ယူအေအီး)က ၇၀၀ကျပ်၊ မြားကမ္ဘာ က၁၀၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၄၀၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၁၀၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၁၇၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၈၀၀၀ ကျပ်၊ တီစူပါ၁၀း၁၀း၅ (တရုတ်)၁၅၅၀၀ကျပ်၊ ဓာတ်ဆား (တရုတ်)၁၇၀၀၀ကျပ်၊ ပိုတက်(တရုတ်)၂၄၀၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၂၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ် မြေသြဇာက အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ မြေသြဇာဈေး နည်းနည်းကျလာတယ်လို့ သိရပါတယ်။ ယူရီးယားက ၅၀၀ကျပ်၊ တီစူပါက၇၀၀ ကျပ်၊ ပိုတက် က၁၀၀၀ ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၂၂၅၀၀ ကျပ်၊ယူရီးယား (နေရွက်လှေ-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ(သံကွင်း-တရုတ်) ၂၀၃၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ)၂၃၀၀၀ ကျပ်၊ ကွန်ပေါင်း (နေရွက်လှေ- တရုတ်) ၁၅း၁၅း၁၅ ၃၆၅၀၀ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီအဝင်နည်းပြီးနို့မှုန့်အဝင်ပို

ပြည်တွင်းကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၆၅၆၄၉ တန်ဖိုးရှိနို့ဆီ ၂၇၃ ဒသမ ၂၄ တန်ကို ဇွန်လ ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်းမှာ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ နို့ဆီတစ်မျိုးတည်းသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန်၂၄ ဒသမ ၈၄ တန်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ စင်ကာပူမှ ၅၈၁ ဒသမ ၆၄၉ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် အဝင်နဲ့ယှဉ်ရင် ၅၅၃ ဒသမ ၈၁ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ **MIRT (DOT)**

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၆/၆ မှ ၁၂/၆ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၃၀/၅ မှ ၅/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၆၄·၇၅ | ၂၁၁၂·၃၀ | (-) | ၁၁၄၇·၅၅ |
| ၂။ | လွယ်ဂျယ် | ၅၁၆·၀၀ | ၅၉၄·၀၀ | (-) | ၇၈·၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၅၀·၀၀ | (-) | ၅၀·၀၀ |
| ၄။ | ကန်ပိုက်တီး | ၃၀၇၅·၇၅ | ၃၄၈၀·၀၀ | (-) | ၄၀၄·၂၅ |
| ၅။ | တာချီလိတ် | ၃၅၀၀·၀၀ | ၂၀၀၀·၀၀ | (+) | ၁၅၀၀·၀၀ |
| ၆။ | မြဝတီ | ၁၇၂·၈၀ | ၂၆၆၃·၃၀ | (-) | ၂၄၉၀·၅၀ |
| ၇။ | ကော့သောင်း | ၈၅၇၂·၀၀ | ၄၁၇၀·၅၀ | (+) | ၄၄၀၁·၅၀ |
| ၈။ | မြိတ် | ၂၀၀၀·၀၀ | ၁၂၅·၀၀ | (+) | ၁၈၇၅·၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၈၈၀၁·၃၀ | ၁၅၁၉၅·၁၀ | (+) | ၃၆၀၆·၂၀ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၆/၆ မှ ၁၂/၆ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၃၀/၅ မှ ၅/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၇၁၁·၇၆၉ | ၁၃၈၃၂·၄၄၀ | (+) | ၈၇၉·၃၂၉ |
| ၂။ | လွယ်ဂျယ် | ၂၃၃·၀၀၀ | ၂၉၆·၆၀၀ | (-) | ၆၃·၆၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၁၀၅·၇၅၀ | ၁၃၇·၂၅၀ | (+) | ၉၆၈·၅၀၀ |
| ၄။ | တာချီလိတ် | ၃၀·၀၀၀ | - | (+) | ၃၀·၀၀၀ |
| ၅။ | မြဝတီ | ၃၉၄·၀၅၀ | ၆၃၈·၄၆၀ | (-) | ၂၄၄·၄၁၀ |
| ၆။ | ကော့သောင်း | ၁၃၉·၀၀၀ | ၁၃၅·၅၀၀ | (+) | ၃·၅၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | - | | - |
| | စုစုပေါင်း | ၁၆၆၁၃·၅၆၉ | ၁၅၀၄၀·၂၅၀ | (+) | ၁၅၇၃·၃၁၉ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

# မိုးအေးအေးနဲ့ ဈေးအေးနေတဲ့ ပြည်ဆီထွက်သီးနှံဈေး

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းမှာအဝင်မရှိ၊ အထွက်မရှိဘဲ လက်ကျန်နှမ်း အနည်းငယ်ဖြင့်သာ ဒေသတွင်းစားသုံးရန်အတွက် ဆီစက်သမားများက အဝယ်ရှိသဖြင့် အရောင်းအဝယ် အနည်းငယ်သာ ဖြစ်လျှက်ရှိပါတယ်။ မြေပဲဆန်မှာလည်း ပစ္စည်းအဝင်မရှိဘဲ လှောင်မြေပဲဆန်ကိုသာ အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ နှမ်းမှာ နွေနှမ်းများဖူးပွင့်ချိန်ဖြစ်လို့ ဈေးကွက်တွင် နှမ်းအဝင်ရှိသော်လည်း ဈေးတက်မသွားဘဲ အဝယ်မရှိသဖြင့် အနည်းငယ်ကျလာတာတွေ့ရပါတယ်။ ယခုအချိန်တွင် မိုးဆက်တိုက်ရွာနေသဖြင့် မြေပဲဆန် အရောင်းအဝယ်အနည်းငယ်အေးသွားခဲ့ပါတယ်။ ဈေးနှုန်းများ အနေဖြင့် နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ၃၀၀၀၀ ကျပ်၊ ရိုးရိုးနှမ်းနက်တစ်တင်းလျှင် ၃၃၀၀၀ ကျပ်နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ၆၀၀၀၀ ကျပ်ဈေးဖြစ်နေသလို မြေပဲဆန်ဈေးမှာလည်း ဆီကြိတ်ဆန် တစ်ပိဿာလျှင် ၂၃၅၀ ကျပ်၊ လုံးဆံအဖြူတစ်ပိဿာ ၂၆၀၀ ကျပ်နဲ့ လုံးဆံအနီတစ်ပိဿာ ၂၇၀၀ ကျပ်ဈေးဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်နေကြောင်းတွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

## နှမ်းတင်ပို့မှု အနည်းငယ်လျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်စခန်းမှ ဇွန်လ ဒုတိယ သီတင်းပတ်တွင် ကန်ဒေါ်လာ သုည ဒသမ ၄၁၃ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၂၆၉ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်တွင် မူဆယ်မှ နှမ်းဖြူ(အခွံချွတ်)၃၆ တန်၊ ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၆၄၇ တန်ထိ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာလည်း နှမ်း တင်ပို့မှု ထပ်မံလျော့ကျသွားခဲ့ပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာတော့ ယခင်သီတင်းပတ်က နှမ်းဖြူတစ်တန် ၁၇၆၅၀၉၃ ကျပ်၊ နှမ်းနက်တစ်တန် ၂၀၄၂၈၇၀ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် နှမ်းဖြူတစ်တန်ကို ၁၇၈၁၅၈၉ ကျပ်နဲ့ နှမ်းနက်တစ်တန် ၂၀၆၁၉၆၃ ကျပ်သို့ နှမ်းဈေးများဆက်တိုက်မြင့်တက်နေတာကို တွေ့ရပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့-

**တန်ချိန်-ကိန်းပြည့်**

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် |
|---|---|---|
| နှမ်းဖြူ | ၁၆. ၅၀ | ၁၀၀ |
| နှမ်းနက် | ၁၇. ၇၅ | ၁၀၀ |
| နှမ်းဖြူ(အခွံချွတ်) | ၃၅. ၀၀ | - |

**မော်မော်အောင်**

## စားအုန်းဆီ

# အယ်လ်နီညိုအန္တရာယ်ကြောင့် ရောင်းလိုအားကျပြီး စားအုန်းဆီဈေးမြင့်တက်နိုင်

အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မယ့် အန္တရာယ်ကြောင့် ရာသီဥတု ပူပြင်းခြောက်သွေ့ပြီး အထွက်နှုန်း ကျမယ်ဆိုတဲ့ စိုးရိမ်မှုတွေနဲ့ ထုတ်လုပ်သူတွေကလည်း အရောင်းကို ဆိုင်းထားကြတဲ့အတွက် စားအုန်းဆီ ရောင်းလိုအား ကျဆင်းလာတာကို တွေ့ရပါတယ်။ ဒီလိုကျဆင်းမှုအန္တရာယ်တွေက စားအုန်းဆီဈေးကို တွန်းတင်ပေးခဲ့ကြောင်း ဘလွမ်းဘတ်သတင်းမှာ ဖော်ပြထားပါတယ်။

"ထုတ်လုပ်သူတွေက တက်ဈေးကို မျှော်နေတဲ့အတွက် အရောင်းဆိုင်းထားပါတယ်။ ဈေးနှုန်းတွေက အတက်ဘက်ကိုဦးတည်နေပါတယ်။ ဘယ်လောက်ထိ တက်နိုင်မယ်ဆိုတာကတော့ ရာသီဥတုနဲ့ဆိုင်တဲ့ ပြဿနာတွေ ဘယ်အတိုင်းအတာအထိဖြစ်လာမလဲဆိုတဲ့အပေါ်မှာ မူတည်ပါတယ်" လို့ နှစ် ၃၀ ကျော် စားသုံးဆီ ရောင်းဝယ်ဖောက်ကားခဲ့တဲ့ မစ္စတာ မစ္စထရီက ပြောပါတယ်။

အယ်လ်နီညိုကျရောက်တဲ့ အခြေအနေက အမျိုးမျိုးကွဲပြားနေတဲ့အတွက် အာရှဒေသရှိ အစိတ်အပိုင်း အတော်များများမှာ ပူပြင်းခြောက်သွေ့ပြီး အမေရိကတိုက်မှာ မိုးရွာသွန်းမှုတွေဖြစ်စေနိုင်ပါတယ်။ အယ်လ်နီညို အဆိုးဝါးဆုံးဖြစ်ခဲ့တဲ့ ၁၉၉၇-၉၈ ခုနှစ်က လက္ခဏာမျိုးတွေကို ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တွေ့ရကြောင်း ဩစတြေးလျ မိုးလေဝသဌာနက ပြောပါတယ်။

ဇွန်လ ၁၇ ရက်နေ့က ကွာလာလမ်ပူရှိ ကြိုရောင်းဈေးက စားအုန်းဆီတစ်တန်ကို ၂၂၉၁ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၁၄) နှုန်းရှိပြီး၊ မေလဆန်းနောက်ပိုင်း ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်။ ၁၉၉၇-၉၈ ခုနှစ် အယ်လ်နီညိုဖြစ်စဉ်ကာလက စားအုန်းဆီထုတ်လုပ်မှုက အင်ဒိုနီးရှားမှာ ၇ ရာခိုင်နှုန်းနဲ့ မလေးရှားမှာ ၅ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့တဲ့အတွက် စားအုန်းဆီဈေးနှုန်းတွေမြင့်တက်ခဲ့ပါတယ်။

အများဆုံးဝယ်လက်ဖြစ်တဲ့ အိန္ဒိယနိုင်ငံကို မလေးရှားနိုင်ငံရဲ့ တင်ပို့မှုက ယခင်လနဲ့နှိုင်းယှဉ်ရင် မေလမှာ လေးဆနီးပါးမြင့်တက်ခဲ့ကြောင်း စားအုန်းဆီဘုတ်အဖွဲ့မှ ကိန်းဂဏန်းတွေအရ သိရပါတယ်။ တရုတ်နိုင်ငံကို တင်ပို့မှုက ၃၇ ရာခိုင်နှုန်းမြင့်တက်ပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ စားအုန်းဆီတင်ပို့မှုကို ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ပထမသုံးလမှာ ၄၀ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း စားအုန်းဆီအသင်းက ထုတ်ပြန်တဲ့အချက်အလက်တွေအရ သိရပါတယ်။

အယ်လ်နီညိုနဲ့ အိန္ဒိယသမုဒ္ဒရာ မှာဖြစ်ပေါ်မယ့် မုတ်သုံရာသီဥတုအခြေအနေ ကိုကြည့်ပြီးမှသာ ဈေးနှုန်းတက်မတက်ကို ခန့်မှန်းနိုင်မှာဖြစ်ကြောင်း မစ္စတာ မစ္စထရီက ပြောပါတယ်။ အိန္ဒိယနဲ့ တရုတ်တို့က လာမယ့်လေးလအတွင်း ယခင်နှုန်းထားအတိုင်း ဝယ်မဝယ်နဲ့ အထွက် နှုန်းမြင့်တက်နေမယ်ဆိုရင် မြင့်တက်လာတဲ့ ကုန်လက်ကျန်တွေကို ထုတ်လုပ်သူတွေက ဘယ်လိုဖြေရှင်းမယ်ဆိုတဲ့ အချက်ကလည်း ဈေးနှုန်းအတက်အကျကို အဆုံးအဖြတ်ပေးလိမ့်မယ်လို့ သူက ဇွန်လ ၁၅ ရက်နေ့မှာပြောပါတယ်။

လက်ရှိအချိန်ထိ ရောင်းလိုအားကျဆင်းမယ့် လက္ခဏာကို မတွေ့ရသေးပါဘူး။ အင်ဒိုနီးရှားနိုင်ငံရဲ့ ထုတ်လုပ်မှုကလည်း မေလအထိ လေးလမြောက်ဆက်လက်မြင့်တက်နေဆဲဖြစ်ပါတယ်။ ဒီအခြေအနေကြောင့် လက်ကျန်က ၂၀၁၂ ခုနှစ် နောက်ပိုင်း အမြင့်ဆုံးဖြစ်လိမ့်မယ်လို့ ဘလွမ်းဘတ်က ခန့်မှန်းပါတယ်။ မလေးရှားရဲ့ ထုတ်လုပ်မှုက မတ်လနောက်ပိုင်း လစဉ်မြင့်တက်နေပါတယ်။

မလေးရှားနိုင်ငံရှိ ပြည်နယ်တွေမှာ ဇွန်လကနေ နိုဝင်ဘာအထိ ပျမ်းမျှမိုးရေချိန်အတိုင်းရှိမယ်လို့ မိုးလေဝသဌာနက ဇွန်လ ၅ ရက်နေ့က ထုတ်ပြန်ထားပါတယ်။ အယ်လ်နီညိုရဲ့ ဂယက်က စက်တင်ဘာမှာစတင် အကျိုးသက်ရောက်မယ်လို့ အင်ဒိုနီးရှား မိုးလေဝသဌာနက ခန့်မှန်းထားပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၉-၆-၂၀၁၅)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| ရန်ကုန် | ၅၃၀၀ | ၅၃၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၅၃၀ | ၁၄၇၀ | ▽ |
| မန္တလေး | ၄၂၀၀ | ၄၅၀၀ | △ | ၃၈၀၀ | ၃၈၀၀ | □ | ၁၇၀၀ | ၁၅၉၀ | ▽ |
| ပဲခူး | ၂၉၀၀ | ၃၁၀၀ | △ | ၄၉၀၀ | ၄၈၀၀ | ▽ | ၁၆၈၀ | ၁၆၂၀ | ▽ |
| မကွေး | ၄၇၀၀ | ၄၇၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၂၀ | ၁၆၂၀ | ▽ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

***Source: mirt***

### စားအုန်းဆီဈေးနှုန်းများ (၁၅-၆-၂၀၁၅ မှ ၁၉-၆-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၁၅-၆-၂၀၁၅ | ၆၈၅ |
| (၂) | ၁၆-၆-၂၀၁၅ | ၆၉၀ |
| (၃) | ၁၇-၆-၂၀၁၅ | ၆၉၀ |
| (၄) | ၁၈-၆-၂၀၁၅ | ၆၉၀ |
| (၅) | ၁၉-၆-၂၀၁၅ | ၆၉၀ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၉-၆-၂၀၁၅ **US$/Ton**

| အမျိုးအစား | ဇွန်လဒုတိယပတ် | ဇွန်လတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၃၈.၀၀ | ၆၃၂.၅၀ | ▽ |
| **RBD P.Olein** | ၆၃၆.၅၀ | ၆၃၁.၀၀ | ▽ |
| **RBD P.Strarin** | ၅၇၉.၀၀ | ၅၆၅.၅၀ | ▽ |

***Source: econ.mpob***

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၉- ၆ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၃၃၀.၃၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၃၃ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၆၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၅၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၂.၅၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၉.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၇၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၇၁.၄၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၉-၆-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၀ဒေါ်လာ၊ FOB ၆၆၅ဒေါ်လာနှင့် Earning ဈေး ၁၁၈၀ ကျပ်ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၁၉-၆-၂၀၁၅နေ့ ဝယ်ယူပြီးနောက် (၁၀) ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၁၁၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ကရာတူးမြောင်းစီမံကိန်းကြောင့် လုံခြုံရေးနှင့် လူမှုရေးဂယက်ရိုက်ခတ်မှုများစွာ ရင်ဆိုင်ရဖွယ်ရှိ

အချိန်ကြာမြင့်စွာက အဆိုပြုခဲ့သော ကရာတူးမြောင်း စီမံကိန်းဆိုင်ရာ သတင်းများသည် မကြာသေးခင်က ပြန်လည်ထွက်ပေါ်လာခဲ့ပါသည်။ အဆိုပါစီမံကိန်းသည် ဆယ်စုနှစ်များစွာ ပေါ်လိုက်ပျောက်လိုက်ဖြစ်နေခဲ့သော စီမံကိန်းဖြစ်ပါသည်။ အိန္ဒိယသမုဒ္ဒရာနှင့်ပစိဖိတ်သမုဒ္ဒရာအကြား ကုန်စည်ပို့ဆောင်မှု ပိုမိုမြန်ဆန်စေရန် (ရေလမ်းကြောင်းအား ၁၂၀၀ ကီလိုမီတာခန့်လျော့သွားစေရန်) တူးမြောင်းတူးဖော်မည့် အယူအဆသည် ဆွဲဆောင်မှု ရှိနေဆဲဖြစ်သည်။ သို့ရာတွင် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆွေးနွေးစရာများရှိနေဆဲပင်ဖြစ်သည်။

၁၉၃၀ ခုနှစ်လွန်ပိုင်းမှစ၍ ထိုင်းနိုင်ငံခေါင်းဆောင်များစွာသည် မလက်ကာရေလက်ကြားသို့ သွားရောက်ရန် အစားထိုးရေလမ်းကြောင်းအဖြစ် ကရာတူးမြောင်းစီမံကိန်းကို အကြံပြုခဲ့ကြကြောင်း၊ သို့ရာတွင် ၎င်း၏ကုန်ကျစရိတ်ကြီးမားခြင်းနှင့်ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဒေသခံအသိုင်းအဝိုင်းနှင့်ပတ်ဝန်းကျင်အပေါ် ထိခိုက်မှု ဖြစ်နိုင်ချေများရှိသောကြောင့် အကောင်အထည်ပေါ်လာခဲ့ခြင်းမရှိကြောင်းသိရှိရပါသည်။

ဝန်ကြီးချုပ်ဟောင်း ချာဗာလစ်ယောင်ချိုင်ယုသည် ရည်ရွယ်ချက်ကြီးမားသည့် ကရာတူးမြောင်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ထိုင်း-တရုတ် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်ဟူသောသတင်း ထွက်ပေါ်လာခဲ့ပါသည်။ သို့ရာတွင် ချာဗာလစ်ကမဟုတ်ကြောင်း ငြင်းဆိုခဲ့သည်ဟု သိရှိရပါသည်။

အိန္ဒိယသမုဒ္ဒရာရှိ အန်ဒမန်ပင်လယ်နှင့်ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ တောင်တရုတ်ပင်လယ်အကြား သင်္ဘောသွားလာချိန် (ကုန်စည်ပို့ဆောင်ရန်ကြာချိန်) လျော့နည်းသွားစေမည့် ပင်လယ်ရေကြောင်းအသစ် ဖော်ထုတ်သည့် အယူအဆ၏ အားကောင်းသော ဆွဲဆောင်မှုသည် ပျောက်ဆုံးသွားခြင်းမရှိကြောင်း၊ အမှန်တကယ်အားဖြင့် စီးပွားရေးကဏ္ဍတွင် သာမက ဒေသတွင်းလုံခြုံရေး၊ လူမှုရေးကဏ္ဍများတွင်ပါ ဂယက်ရိုက်ခတ်မှုများ ရှိနိုင်ကြောင်း (အကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ကြောင်း) ဇွန်လ ၈ရက်နေ့ ထုတ် The Nation သတင်းစာ၌ ဖော်ပြထားပါသည်။

မြန်မာနိုင်ငံရှိ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း၏ အကျိုးသက်ရောက်နိုင်မှုများကို မကြာသေးခင်က ထိုင်းနိုင်ငံရေတပ်ဌာန၌ အဆင့်မြင့် အကြံပေးပုဂ္ဂိုလ်များအား တင်ပြခဲ့ပြီးဖြစ်ကြောင်း ITD Group ၏ Dawei Development Co. မှ မန်နေဂျင်းဒါရိုက်တာ Somjet ကပြောကြားခဲ့ပါသည်။

တရုတ်နှင့် ထိုင်းနိုင်ငံတို့သည် ထိုင်းနိုင်ငံတောင်ပိုင်း (၎င်း၏စီးပွားရေး၊ နိုင်ငံရေးနှင့်အခြားသော ဂယက်ရိုက်ခတ်မှုများသည် အရေးပါဖွယ်ရှိသောဒေသ)တွင် ကရာတူးမြောင်းအစီအစဉ်ကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်ဟူသော သတင်းများကြားသိရကြောင်း၊ အဆိုပါဆက်သွယ်မှု၏ မဟာဗျူဟာနှင့် လုံခြုံရေးအရ အရေးပါမှု (ထားဝယ်ဆိပ်ကမ်းစီမံကိန်းမှဖန်တီးထားသည့်အတိုင်း) သည် ဂယက်ရိုက်ခတ်မှုများစွာဖြင့် ဒေသတွင်း၌ ဩဇာအာဏာဟန်ချက်ညီမှုကို ထိခိုက်စေမည် ဖြစ်ကြောင်းလည်း Somjet က ပြောကြားခဲ့ပါသည်။

ယခုလက်ရှိ အနေအထားတွင် အခြေအမြစ်ကင်းမဲ့သောကြောင့် ကရာတူးမြောင်းစီမံကိန်း အကောင်အထည်ဖော်ခြင်းအား ထည့်သွင်းစဉ်းစားခြင်းမရှိသော်လည်း ဩဇာအာဏာအားပြိုင်နေမှုများ အထူး သဖြင့် အမေရိကန်နှင့်တရုတ်ကြား အားပြိုင်မှုကို ပြဆိုနေပါသည်။

အရေးကြီးဆုံးအနေဖြင့် ဖိလစ်ပိုင်နှင့်အခြားသောအရှေ့တောင်အာရှနိုင်ငံများတွင် အရေးပါ သောကဏ္ဍမှပါဝင်ခြင်းဖြင့် အရှေ့ တောင်အာရှ၌ ပြန်လည်ထိန်းညှိသည့် အမေရိကန်၏ မဟာဗျူဟာကို မြင်တွေ့ခဲ့ရပြီဖြစ်ကြောင်း၊ အထူးသဖြင့် တောင်တရုတ်ပင်လယ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့်အငြင်းပွားသည့် နိုင်ငံ များတွင်ဖြစ်ကြောင်း Somjet ကသုံးသပ်ခဲ့ပါသည်။

ထို့ပြင် ယခုအချိန်တွင် အမေရိကန်သည် အရှေ့တောင်အာရှ ကို ပိုမိုစိတ်ဝင်စားလျက်ရှိကြောင်း၊ ၎င်း အနေဖြင့် ဒါဝင်မြို့၌ အခြေစိုက်ပြီး ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ဧက ၂၀၀၀ ရှိသော ကျွန်းအားပိုင်ဆိုင်ခွင့် ပြန်လည်တောင်းဆိုမှုကိုလည်း တွေ့မြင်ခဲ့ရပြီးဖြစ်ကြောင်း ၊ ပစိဖိတ်သမုဒ္ဒရာအပြင် အိန္ဒိယသမုဒ္ဒရာအား ထိန်းချုပ်ခြင်းသည်လည်း အလွန်အရေးပါလာပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့် တစ်နှစ်၊ နှစ်နှစ်အတွင်း အမေရိကန်၏ လှုပ်ရှားမှုများက သက်သေပြနေကြောင်း Somjet က ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံရှိ ထားဝယ်ဆိပ်ကမ်းစီမံကိန်းအား ထည့်သွင်းစဉ်းစားသုံးသပ်မည်ဆိုပါကလည်း များစွာသော စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးအရ အကျိုးဆက်များစွာ(ဂယက်ရိုက်ခတ်မှုများစွာ) ရှိနေကြောင်း၊ တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသမှ ရေနံသယ်ယူမှုအတွက် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ facility ကို အသုံးပြုနေသော်လည်း ၎င်း၏တောင်ပိုင်းဒေသသည် ပင်လယ်သို့ထွက်ပေါက် အနည်းငယ်သာရှိနေဆဲဖြစ်ကြောင်း အဆိုပါ facility သည် တပ်သို့မဟုတ်လုံခြုံရေးအတွက် မသင့်တော်ကြောင်း သုံးသပ်ထားပါသည်။

ကရာတူးမြောင်း စီမံကိန်း ဆောင်ရွက်ပါက ပိုမိုရှုပ်ထွေးမည်ဖြစ်ကြောင်း စက်မှုနယ်မြေအာဏာပိုင်ဥက္ကဋ္ဌဟောင်းဖြစ်သူ Somjet ကယူဆပါသည်။ ပင်လယ်ရေကြောင်း သို့မဟုတ် ရေလမ်း ဆက်သွယ်မှု ဖန်တီးရန် ထိုင်းနိုင်ငံတောင်ပိုင်းရှိ မြေအချို့အား ဖြတ်တောက်သည့် အယူအဆသည် နှစ်ပေါင်းနှစ်ရာကျော်တိုင် ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။

ကရာတူးမြောင်း စီမံကိန်းသည် အယူအဆအားဖြင့် ကောင်းသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အလွန်ခက်ခဲသောလုပ်ငန်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် စီမံကိန်းမစခင်မှာပင် များစွာသော အဖျက်သဘောဆောင်သည့် အချက်များကို ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်း Somjet မှပြောကြားခဲ့ပါသည်။

အကောင်အထည်ဖော် ဆောင်ရွက်မည့်နည်းလမ်းသို့မဟုတ်လုံခြုံရေးမဟာဗျူဟာ အပေါ်မူတည်၍ ကရာတူးမြောင်းစီမံကိန်းသည် ထိုင်းနိုင်ငံ၏ လုံခြုံရေးကို မြှင့်တင်ပေးနိုင်သကဲ့သို့ ထိခိုက်မှုလည်း ရှိနိုင်ကြောင်း၊ လုံခြုံရေးအရ စိန်ခေါ်မှုကို ကျော်လွှားနိုင်ပြီး အားသာချက်အဖြစ် ပြောင်းလဲနိုင်ပါက (အဆိုပါနေရာ၌ ရေတပ်စခန်း တည်ဆောက်ခြင်း စသည်)အကျိုးကျေးဇူးရှိသော စီမံကိန်း ဖြစ်လာပြီး စီးပွားရေးအရသာမက လူမှုရေးအရပါ(ဆယ်စုနှစ်များစွာအထိ) အကျိုးအမြတ်များစွာ ရရှိလာနိုင်ကြောင်း Somjet က သုံးသပ်ပြောကြား ခဲ့ပါသည်။

တရုတ်နှင့် အရှေ့အာရှသည် ကမ္ဘာတွင် နေရာရလာပြီဖြစ်ရာ ကရာတူးမြောင်းသည် ပနားမားနှင့် စူးအက်တူးမြောင်းများကို ယှဉ်နိုင်ဖွယ်ရှိကြောင်း ယနေ့ခေတ်တရုတ်နိုင်ငံနှင့် ကျန်အာရှနှင့်ဥရောပနိုင်ငံတို့ကို ဆက်သွယ်ပေးသည့် အဝေးပြေးကားလမ်းနှင့် ရထားလမ်း(ပိုးလမ်းများ)ကို ဖြည့်စွက်ပေးမည့်(တရုတ်နိုင်ငံ၏ဒီဇိုင်း)ရေကြောင်း ပိုးလမ်းမအတွက် လစ်လပ်နေသော အဆက်တစ်ခုအဖြစ် ယူဆနိုင်ကြောင်း သုံးသပ်ဖော်ပြထားပါသည်။

အလားတူပင် ထိုင်းနိုင်ငံသည် ကရာကျွန်းဆက် (kra lsthmus)ကို ဖြတ်၍ (ရေကြောင်းလမ်းသစ်အတွက်) တူးမြောင်းတူးဖော်ရန် တရုတ်နိုင်ငံနှင့် သဘောတူစာချုပ်လက်မှတ် ရေးထိုးသည်ဆိုသော သတင်းသည် မဟုတ်မှန်ကြောင်း ထိုင်းအစိုးရအရာရှိများမှ ငြင်းဆိုခဲ့သည်ဟုလည်း channel-newsasia သတင်းတွင် ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာနမှလည်း ကရာတူးမြောင်းစီမံကိန်းနှင့်ပတ်သက်၍လည်း ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံအစိုးရတို့အကြား သဘောတူစာချုပ်ချုပ်ဆိုထားခြင်း မရှိကြောင်း ပြောကြားသကဲ့သို့ ထိုင်းနိုင်ငံ သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနမှလည်း ကရာတူးမြောင်းစီမံကိန်းကို ဆောင်ရွက်ခြင်း မရှိကြောင်းပြောဆိုခဲ့သည်ဟု သိရှိရပါသည်။

ကရာတူးမြောင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက ဆယ်နှစ်ခန့်ကြာနိုင်ပြီး ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံခန့်ရှိနိုင်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ကရာတူးမြောင်း တည်ဆောက်ရေးအတွက် တွန်းအားပေးမည်မှာ သေချာသည်ဟု ယူဆကြကြောင်း၊ စီမံကိန်းနာမည်ပြောင်း၍ ဆောင်ရွက်ဖွယ်ရှိကြောင်းလည်း channel-newsasia သတင်းတွင် ပါရှိပါသည်။

ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံ လုံခြုံရေးအတွက် စိုးရိမ်သောကြောင့် ကရာစီမံကိန်းကို သဘောတူဖွယ်မရှိကြောင်း၊ စီမံကိန်းဖြစ်နိုင်ချေ လေ့လာရေးဆောင်ရွက်သော ထိုင်းနိုင်ငံရှိ ကရာတူးမြောင်းကော်မတီတွင် ထိုင်း စီးပွားရေးလုပ်ငန်းရှင်များနှင့် ယခင် အရာရှိများပါဝင်ကြောင်း၊ သို့ရာတွင် နှစ်နိုင်ငံအစိုးရများအနေဖြင့် စီမံကိန်းအား တရားဝင်စတင်ခြင်း မရှိကြောင်း သိရှိရပါသည်။

ကရာတူးမြောင်းစီမံကိန်းသည် တရုတ်နှင့်အမေရိကန်အားပြိုင်မှုဖြစ်ကြောင်း၊ ထို့ပြင်စင်ကာပူနိုင်ငံ၏ ထားဝယ်စီမံကိန်း ပျက်ပြားရေး အစီအမံအား အထောက်အကူပြုတွန်းအားပေးမှုဖြစ်သည့်အပြင် ပြိုင်ဘက်ထိုင်းနိုင်ငံ၏ နိုင်ငံရေးအခြေအနေ ရှုပ်ထွေးနေစဉ် စီးပွားရေးစီမံကိန်းများအား မှားယွင်းစွာ ဆောင်ရွက်စေရန် စီးပွားရေးကစားကွက်များ ဖြစ်သည်ဟုယူဆနိုင်သည့်အပြင် ထိုင်းနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံအား ပူးတွဲဆောင်ရွက်ရမည့် ထားဝယ်စီမံကိန်းအပြင်၎င်းတို့ အစီအစဉ်ဖြင့်လည်း ကရာတူးမြောင်းမတ်တာဖုဆိပ်ကမ်း စီမံကိန်းများ တိုးချဲ့လုပ်ဆောင်နိုင်ကြောင်း ပြသသည့် စီးပွားရေးကစားကွက်ပင်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

■

## MERS ကြောင့် ကိုရီးယားတို့ ဈေးဝယ်မှုပုံစံပြောင်းလဲလာခဲ့

လူ၁၁ ဦးသေဆုံးသွားပြီးဖြစ်သော MERS ကူးစက်ရောဂါကြောင့် ကိုရီးယားလူမျိုးများသည် အွန်လိုင်းမှ ဈေးဝယ်ခြင်းကို ပိုမိုအားသန်လာခဲ့ကြသည်။ အွန်လိုင်းရှော့(ပ်)ပင်းအခြေအနေသည်လည်း ဈေးကွက်တိုးတက်လာခဲ့ပြီး၊ ယခုအခါ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ရှိလာပြီဖြစ်သည်။ ဇွန်လ ၁၅ ရက်နေ့ Emart စာရင်းအရ အွန်လိုင်းမှ အရောင်းစံချိန်သည် ဇွန်လ ၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း နှစ်အလိုက်အနေဖြင့် ၆၃ ဒသမ ၁ ရာခိုင်နှုန်းတိုးလာခဲ့ပြီး အမှာစာ အရေအတွက်သည်လည်း ၅၁ ဒသမ ၉ ရာခိုင်နှုန်းတိုးလာခဲ့သည်။

ကုန်ပစ္စည်းအမျိုးအစားများအနေဖြင့် အိမ်သုံးစားသောက်ကုန်အရောင်းသည် ၉၀ ဒသမ ၁ ရာခိုင်နှုန်း အိမ်သုံးကုန်ပစ္စည်းများသည် ၈၃ ရာခိုင်နှုန်းနှင့် အသင့်စား စားသောက်ကုန်များသည် ၆၉ ဒသမ ၉ ရာခိုင်နှုန်းတိုးလာခဲ့ပြီး အထွေထွေစားသောက်ကုန်များ၏ နှစ်အလိုက်ပျမ်းမျှ တိုးတက်ရောင်းချရမှုသည် ၇၇ ဒသမ ၄ ရာခိုင်နှုန်းတိုးသွားခဲ့သည်။ ၎င်းအပြင် အိမ်သုံးပစ္စည်းနှင့်ကြံ့ခိုင်ရေးအားကစားပစ္စည်းများ၏ အွန်လိုင်းမှ အရောင်းစံချိန်သည် ၄၇ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၄၁ ဒသမ ၈ ရာခိုင်နှုန်း အသီးသီးတိုးလာခဲ့သည်။ HomePlus စတိုးမှ စုစုပေါင်းအရောင်းသည်လည်း ၄၈ ဒသမ ၁ ရာခိုင်နှုန်းတိုးလာပြီး အွန်လိုင်းမှအရောင်း စံချိန်သည်လည်း ဖော်ပြပါ ကာလတိုအတွင်း ၃၇ ဒသမ ၅ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း တွေ့ရှိရပါသည်။ **သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဗီယက်နမ်ရှိ ဆမ်ဆောင်းစက်ရုံ၏ အရောင်းစံနှုန်းတိုးမြှင့်ချမှတ်

ဗီယက်နမ်ရှိ ဆမ်ဆောင်းမိုဘိုင်းစက်ရုံအနေဖြင့် အရောင်းရည်မှန်းချက်ကို အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၈ ဘီလီယံ မြှင့်တင်သွားမည်ဖြစ်ကြောင်း ဆိုးလ်မြို့ရှိ ဆမ်ဆောင်း ရုံးချုပ်က ဇွန်လ ၂ ရက်နေ့တွင်ပြောကြားခဲ့သည်။ ယင်းအရောင်းပမာဏသည် ယခင်နှစ်က အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၆ ဘီလီယံထက် ၄၀ ရာခိုင်နှုန်းတိုး၍ ချမှတ်ထားခြင်းဖြစ်သည်။ အီလက်ထရောနစ် ကုမ္ပဏီကြီးဖြစ်သည့် ဆမ်ဆောင်းသည် ဗီယက်နမ်တွင် စက်ရုံနှစ်ရုံတည်ဆောက်ထားသည်။

ယင်းစက်ရုံနှစ်ရုံအနက် Yen Binh ရှိစက်ရုံသည် အကြီးဆုံးဖြစ်ပြီး၊ ယခင်နှစ် မတ်လကစတင်လည်ပတ်ခဲ့ခြင်းဖြစ်သည်။ ယင်းစက်ရုံသည် သတ္တုပါဝင်သည့် မိုဘိုင်းဖုန်းများဖြစ်သည့် Galaxy S6, S6 Edge နှင့် ဈေးသက်သာသော Galaxy A Series များကို ထုတ်လုပ်လျက်ရှိသည်။ ယင်းစက်ရုံမှ ယခုနှစ်တစ်နှစ်တည်းမှာပင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံ တန်ဖိုးရှိ မိုဘိုင်းဖုန်းများ ထုတ်လုပ်လျက်ရှိသည်ဟုဆိုသည်။ ဆမ်ဆောင်း၏ ၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံးတွင် မိုဘိုင်းဖုန်းအလုံးရေ ၄၅၂ သန်းရောင်းချခဲ့ရပြီး၊ ယခင်နှစ်က ရောင်းချခဲ့ရသော အလုံးရေ သန်း ၄၅၀ ထက်အနည်းငယ်ပိုမိုသည်မှာ Galaxy S5 ထုတ်လုပ်မှုကြောင့် ဖြစ်ကြောင်းသိရသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ATTF Luxembourg ၏ နည်းပညာအကူအညီဖြင့် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

လူဇင်ဘတ်နိုင်ငံအခြေစိုက် ATTF Luxembourg သည် မြန်မာနိုင်ငံဘဏ်များအသင်းနှင့်ပူးပေါင်းလျက် ဒုတိယအကြိမ် ဘဏ်လုပ်ငန်းနှင့်ငွေရေးကြေးရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်အား မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ် ဇွန်လကုန်နှင့်ဇူလိုင်လဆန်းပိုင်းတွင် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဆွေးနွေးပွဲခေါင်းစဉ်မှာ " Fundamentals of Risk Management " ဖြစ်ကြောင်း ATTF Luxembourg မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် ဒေဝါလီခံရမှုနှုန်းကျဆင်း

၂၀၁၅ ခုနှစ် ဧပြီလတွင် ဘယ်လ်ဂျီယံနိုင်ငံ၌ စီးပွားရေးလုပ်ငန်း စုစုပေါင်း ၈၆၆ ခုဒေဝါလီခံခဲ့ပါသည်။ ထိုသို့စီးပွားရေးလုပ်ငန်းများ ဒေဝါလီခံလာကြသဖြင့် အချိန်ပြည့်ဝန်ထမ်း ၁၀၀၃ ဦး၊ အချိန်ပိုင်းဝန်ထမ်း ၅၆၄ ဦး၊ လခ စားအလုပ်ရှင် ၃၃၈ ဦး အလုပ်အကိုင်များ ဆုံးရှုံးခဲ့ပါသည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် ဧပြီလအထိ ဘယ်လ်ဂျီယံနိုင်ငံ၌ စီးပွားရေးလုပ်ငန်းစုစုပေါင်း ၅၄၉၅ ခုဒေဝါလီခံခဲ့ရပြီး လွန်ခဲ့သော နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက စီးပွားရေးလုပ်ငန်းဒေဝါလီခံခဲ့ရမှုနှုန်းသည် ၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## ဆိုးလ်၏အချမ်းသာဆုံး စာရင်းဝင်များ၏ ၃၇ ရာခိုင်နှုန်းခန့်သည် ဂန်နမ်တွင်နေထိုင်

ဝမ် ၁ ဘီလီယံ(အမေရိကန်တစ်ဒေါ်လာ= ၁,၁၂၃ ဝမ်)ထက်ပိုမိုကြွယ်ဝကြသည့် တောင်ကိုရီးယားနိုင်ငံသား ၁၈၀,၀၀၀ ဦးအနက် ၃,၀၀၀ဦးခန့်သည် ဟန်မြစ်၏ တောင်ဘက်ပိုင်းဂန်နမ်တွင် နေထိုင်လျက်ရှိကြသည်။ ကိုရီးယားရှိ လူပေါင်း ၁၈၂,၀၀၀ ဦးခန့်သည် ဝမ် ၁ ဘီလီယံကျော်ပိုမိုကြွယ်ဝကြကြောင်း KB financial Group Research ကပြောဆိုခဲ့ပြီး ယင်းအရေအတွက်သည် ယခင်နှစ်က ထက် ၈ ဒသမ ၇ရာခိုင်နှုန်းတိုးလာကြောင်း၊ ယင်းလူချမ်းသာများအနက် ၄၅ ဒသမ ၂ ရာခိုင်နှုန်းသည် ဆိုးလ်မြို့တွင်နေထိုင်ကြကြောင်း သုတေသနရလဒ်အရ သိရှိရသည်။ အခြားသောလူချမ်းသာအများအပြားနေထိုင်သည့် မြို့မှာ Gyeonggi ပြည်နယ်ဖြစ်ပြီး ၁၉ ဒသမ ၈ ရာခိုင်နှုန်းနေထိုင်ကြ၍ ဘူဆန်မြို့တွင် ၇ ဒသမ ၁ ရာခိုင်နှုန်း နေထိုင်ကြသည်။

လူချမ်းသာများ၏ စုပေါင်းကြွယ်ဝချမ်းသာမှုမှာ ဝမ် ၄၀၆ ထရီလီယံဖြစ်ပြီး တစ်ဦးလျှင် ပျမ်းမျှဝမ် ၂ ဒသမ ၂၃ ဘီလီယံခန့်ကြွယ်ဝကြသည်။ လူချမ်းသာများသည် အိမ်ခြံမြေကဏ္ဍတွင် ကြွယ်ဝမှုမှာ ၂၄ ဒသမ ၃ ရာခိုင်နှုန်းဖြစ်၍ နိုင်ငံရပ်ခြားတွင် ရင်းနှီးမြှုပ်နှံထားမှုမှာ ၁၂ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး၊ ပြည်တွင်းတွင် ၁၁ ဒသမ ၃ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားကြသည်။ အိမ်ခြံမြေကဏ္ဍမှ အမြတ်ငွေ ၅ ဒသမ ၉၁ ရာခိုင်နှုန်းခန့် ယခင်နှစ်ကရရှိခဲ့ကြပြီး၊ ငွေကြေးကဏ္ဍရင်းနှီးမြှုပ်နှံမှုမှ အမြတ်ငွေသည် ၃ ဒသမ ၅ ရာခိုင်နှုန်းသာရှိခဲ့သည်။ လူချမ်းသာများအနက်မှ ၅၉ ဒသမ ၆ ရာခိုင်နှုန်းက အတိုးနှုန်းချပေးထားခြင်းသည် စီးပွားရေးကို လှုံ့ဆော်ပေးနိုင်ကြောင်း ဆိုသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ထိုင်းနိုင်ငံဗဟိုဘဏ်က ငွေလဲနှုန်းအပေါ် အာရုံစိုက်လာ

ထိုင်းနိုင်ငံဗဟိုဘဏ်၏ ငွေကြေးမူဝါဒကော်မတီသည် ပြည်ပပို့ကုန်များ၏ ယှဉ်ပြိုင်မှုစွမ်းအား တောင့်တင်းခိုင်မာစေရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ၎င်း၏မူဝါဒချမှတ်ရာတွင် နိုင်ငံခြားငွေလဲနှုန်း (Foreign exchange rate) အပေါ် ပိုမိုအာရုံစိုက်ရန် ရည်ရွယ်ထားပါသည်။

ငွေကြေးမူဝါဒ ကော်မတီအနေဖြင့် ပြန်လည်နာလန်ထူလာမှု နှေးကွေးနေသော ပြည်တွင်းဝယ်လိုအားနှင့် ပြည်ပတင်ပို့မှုများ အဓိကနိုင်ငံများ၏ ငွေကြေးမူဝါဒ ဦးတည်ချက် ကွဲပြားခြားနားနေခြင်း အာရှနိုင်ငံများ၏ စီးပွားရေး နှေးကွေးနေခြင်းတို့သည် အတိုးနှုန်းသတ်မှတ်ရေး ကော်မတီအား ငွေလဲနှုန်းအပေါ် ပိုမိုအလေးထားဆောင်ရွက်ရန် တွန်းအားပေးခဲ့သော အချက်များဖြစ်ကြောင်း ဗဟိုဘဏ်၏ လက်ထောက်ဥက္ကဋ္ဌ Mr.Mathee က ပြောကြားခဲ့ပါသည်။

ဘတ်ငွေတန်ဖိုးကျဆင်းခြင်းသည်ပြည်ပတင်ပို့မှုပြန်လည်နာလန်ထူလာမှု အရှိန်မြင့်တက်လာစေမည့် ကုထုံး(ဖြေရှင်းရန်နည်းလမ်း) မဟုတ်ကြောင်း ငွေကြေးတန်ဖိုးသည် ဖိအားပေးမှုရှိကြောင်း သို့ရာတွင်၎င်းကို ငွေကြေးမူဝါဒ၏ အကျိုးသက်ရောက်မှုများကို လွှဲပြောင်းရန်လမ်းကြောင်းအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း အတိုးနှုန်းများသည် မူဝါဒအကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် အဓိကလက်နက်ကိရိယာဖြစ်ကြောင်း ငွေလဲနှုန်း၏ pass-through အကျိုးသက်ရောက်မှုသည် ခိုင်မာသောကြောင့် နိုင်ငံခြားငွေလဲနှုန်း အပြောင်းအလဲကို ပိုမိုထည့်သွင်း စဉ်းစားသုံးသပ်မည်ဖြစ်ကြောင်းလည်း Mr.Mathee ကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုသည် ဧပြီလ၌ ၁ ဒသမ ၇ရာခိုင်နှုန်းကျဆင်း၍ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉ ဘီလီယံဖြစ်ရာ လေးလဆက်တိုက်ကျဆင်းခဲ့ပြီ ဖြစ်ပါသည်။ ပထမလေးလအတွင်း ပြည်ပတင်ပို့မှု အနေဖြင့်လည်း ၃ ဒသမ ၉၉ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ ပြည်ပတင်ပို့မှုသည် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး GDP တွင် ၆၀-၇၀ ရာခိုင်နှုန်းပါဝင်သောကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အဓိကမဏ္ဍိုင်ဖြစ်ပါသည်။

ငွေကြေးမူဝါဒကော်မတီအနေဖြင့် နိုင်ငံခြားငွေကြေးသည် ပြည်ပတင်ပို့မှုနှင့်စီးပွားရေး တိုးတက်မှုအပေါ် ပိုမိုကြီးမားသော အကျိုးသက်ရောက်မှုဖြစ်ပေါ်စဉ်တွင် ငွေကြေးတန်ဖိုးသည် ပြည်ပတင်ပို့မှုမြှင့်တင်ရန် အဓိကအချက် ဖြစ်မနေကြောင်းကို အများပြည်သူ နားလည်အောင် ရှင်းလင်းပြောကြားလိုကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ထုတ်လုပ်မှုဆိုင်ရာ ယှဉ်ပြိုင်မှုစွမ်းအားနှင့်တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းတို့အပေါ် ပိုမိုအလေးထား ဆောင်ရွက်ရန် ဖြစ်လာခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံ၏ သာမန်စာရင်း (Current account) တွင်ပိုငွေပြနေပြီး၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)စီးဝင်မှုရှိနေသော်လည်း ဘတ်ငွေတန်ဖိုးသည် မူဝါဒအတိုးနှုန်း ပြောင်းလဲမှုနှင့်အညီ ပြောင်းလဲခဲ့ကြောင်း ငွေကြေး(တန်ဖိုး)အပြောင်းအလဲကို ပိုမိုစောင့်ကြည့်လေ့လာသွားရမည်ဖြစ်ကြောင်း Mr.Mathee ကသုံးသပ်ခဲ့ပါသည်။

နိုင်ငံခြား ငွေကြေးအား ပြည်တွင်းပြည်ပပြဿနာများကို ထိန်းပေးသည့်အရာ (Shock absorber) အဖြစ် သဘောထားပါက မူဝါဒအတိုးနှုန်းပြောင်းလဲခြင်းသည် နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်းအပေါ် Pass through အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။ စံအတိုးနှုန်းညှိနှိုင်းပြင်ဆင်ခြင်းများသည်ချေးငွေတိုးတက်မှုနှုန်း (Loan growth)နှင့်ချေးငွေအတိုးနှုန်း (Lendi -ngrate) အပေါ် အကျိုးသက်ရောက်မှုရှိပါသည်။

ဘတ်ငွေတန်ဖိုးသည် အတိုင်းအတာတစ်ခုအထိ ကျဆင်းခဲ့သော်လည်း တန်ဖိုးကျဆင်းမှုလမ်းကြောင်း (အခြေအနေ)သည် တည်ငြိမ်ခဲ့ပြီ ဖြစ်ပါသည်။ ယခုအချိန်အထိ အတိုးအမြတ်ပုံမှန်မရှိသော စတော့နှင့်ရှယ်ယာ (Equities)၊ ငွေချေးစာချုပ်များ (Bonds)စီးဝင်မှုသည် ကျဆင်းခဲ့သော်လည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် စီးဝင်နေဆဲဖြစ်သည်။

ဗဟိုဘဏ်အနေဖြင့် ဘတ်ငွေတန်ဖိုးအား အခြားဒေသတွင်း ငွေကြေးများနှင့်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ပိုမိုရှိစေလိုကြောင်း ငွေကြေးဈေးကွက်များသို့ အတည်ပြုပြောကြားချက်ကို ထိုင်းနိုင်ငံဗဟိုဘဏ်မှ ဇွန်လ ၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## MERS ကူးစက်ရောဂါကြောင့် တောင်ကိုရီးယား၏ စီးပွားရေးဖွံ့ဖြိုးမှုကို သုည ဒသမ ၁၅ ရာခိုင်နှုန်း လျော့ကျစေခဲ့

ပြီးခဲ့သည့်လအတွင်းကတည်းက ဖြစ်ပွားနေသည့် MERS ကူးစက်ရောဂါကြောင့် ပြည်တွင်းစားသုံးမှုများ လျော့ကျလာခဲ့ရာ ကိုရီးယား၏စီးပွားရေးတိုးတက်မှုသည် သုည ဒသမ ၁၅ ရာခိုင်နှုန်းခန့် ကျဆင်းသွားနိုင်ကြောင်း မော်ဂန်စတန်လေကခန့်မှန်းထားခဲ့သည်။ Korea Center for International Finance ၏စာရင်းဇယားများအရ ဇွန်လအတွင်း လက်လီအရောင်းဆိုင်သည် ၁၀ ရာခိုင်နှုန်းကျဆင်း၍ စားသောက်ဆိုင်များအရောင်းသည် ၁၅ ရာခိုင်နှုန်းကျဆင်းသည်။

MERS ကူးစက်ရောဂါသည် တစ်လအတွင်း ပြီးဆုံးခဲ့လျှင် တောင်မှ ဇွန်လမှဇူလိုင်လအတွင်း ပြည်တွင်းခရီးသွားလုပ်ငန်းဈေးကွက်သည် ၂၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားနိုင်သည်။ ယင်းသို့ကျဆင်းမှုများသည် စီးပွားရေးဖွံ့ဖြိုးမှုကို သုည ဒသမ ၁၅ ရာခိုင်နှုန်းကျဆင်းနိုင်သည်။ MERS ကူးစက်ရောဂါသည် သုံးလခန့်ရှည်ကြာနေပါက ကိုရီးယားစီးပွားရေးဖွံ့ဖြိုးမှုသည် သုည ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း Investment Bank ကသတိပေးပြောကြားထားပါသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးမြို့**

Vol: 15, No.23 Monday June 22 2015



# ညမအိပ်သောမြို့သို့ ခရီးသွားခြင်း

| မောင်မောင်အေး-လှိုင်ကော် |

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မကာအိုမှာ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပ ပြုလုပ်တဲ့ "International Jewellery, Jade and Wood Craft Exhibition 2015, Macau ပြပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စားလှယ် အနေနဲ့ လိုက်ပါတက်ရောက်ခွင့်ရခဲ့ပါတယ်။

အတူသွားရောက်ခဲ့တဲ့ အဖွဲ့ဝင်တွေကတော့ မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်အသင်းမှ ဥက္ကဋ္ဌများ၊ အကောက်ခွန်ရှင်းလင်းရေး ဆိုင်ရာ အသင်းအဖွဲ့ဝင်များ၊ ရန်ကုန်နဲ့မန္တလေးမှ ကျောက်မျက်ရတနာ ကုန်သည်များ၊ လက်မှုနဲ့သစ်သားပန်းပုကုန်သည်များ စုစုပေါင်း ၉၈ ဦး လိုက်ပါကြပါတယ်။

ဇွန်လ ၁၁ ရက်နေ့ နံနက် ၀၁း၁၀ နာရီမှာ ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်ကနေ Dragon Airline နဲ့ ဟောင်ကောင်ကို တိုက်ရိုက်သွားပြီး၊ ဟောင်ကောင်ကနေ မကာအိုကို ဒေသစံတော်ချိန် ၁၀း၀၀ နာရီမှာ Turbo Woter Jet က ရေယာဉ်တွေနဲ့ဆက်သွားရာ မကာအိုကို ၁၂း၃၀ နာရီမှာ ရောက်ရှိပါတယ်။ မကာအိုမှာရှိတဲ့ နာမည်ကြီးဟိုတယ်များထဲမှ အကောင်းဆုံးတစ်ခုဖြစ်တဲ့ Harbour View Hotel မှာ အားလုံးကိုနေရာချထားပေးပါတယ်။ ကြိုဆိုနေကြတဲ့ အိမ်ရှင်တွေကလည်း မကာအို-မြန်မာအသင်းသားတွေဖြစ်တဲ့ မြန်မာပြည်ဖွား တရုတ်များဖြစ်နေကြလို့ မြန်မာစကားသံတွေနဲ့ အတိုးချ ပြောဆိုနေကြပါတယ်။ ညနေပိုင်းမှာတော့ ပြပွဲကျင်းပမဲ့ "Macau Fisherman's World Convention and Exhibition Center" ကို သွားရောက်ကြပြီး သက်ဆိုင်ရာပြခန်းတွေမှာ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းတွေ ဆောင်ရွက်ကြပါတယ်။

ခန်းမကြီးကတော့ အပြင်ပိုင်းမှာ ရောမ၊ ခေါမခေတ်က သမိုင်း ပြယုဂ်တွေနဲ့ မွမ်းမံထားပြီး အတွင်းပိုင်းမှာတော့ ခေတ်မီပစ္စည်း ကိရိယာတွေနဲ့ တန်ဆာဆင်ထားတဲ့အတွက် အရသာနှစ်မျိုး ပေးစွမ်း နိုင်တာတွေ့ရပါတယ်။ ပြခန်းပေါင်း ၉၉ ခန်းမှာ စီးပွား/ကူးသန်း ၁ ခန်း၊ မန္တလေးကုန်သည်များ ၂၇ ဦး၊ ရန်ကုန်ကုန်သည် ၇ ဦးနဲ့ကျန်တာ မကာအိုဘက်မှ ကုန်မျိုးစုံကုန်သည်များက လှပသေသပ်စွာ ခင်းကျင်း ပြသရောင်းချကြတာတွေ့ရပါတယ်။

ဒီနေရာမှာ မကာအိုအကြောင်း အနည်းငယ်တင်ပြလိုပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာတည်ရှိပြီး၊ ၁၈၈၇ ခုနှစ်မှာ ပေါ်တူဂီ ကိုလိုနီနယ်ဖြစ်ခဲ့ရာမှ ၁၉၉၉ ခုနှစ်မှာ တရုတ်အစိုးရထံ လွှဲပြောင်း ပေးခဲ့ပါတယ်။ ဒါပေမဲ့ စည်းကမ်းချက်များအရ ၁၉၉၉ ခုမှ ၂၀၄၉ခု အထိ အနှစ် ၅၀ ကြာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်တည်ရှိနေ ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ခန့်မှန်းလူဦးရေက ၆၄၀၇၀၀ ဦးရှိပြီး မြန်မာ ပြည်မှာ ပြောင်းရွှေ့နေထိုင်သူများက ၁၀ ရာခိုင်နှုန်း နီးပါးရှိတယ်လို့ သိရပါတယ်။

မကာအိုက စီးပွားရှာလို့ကောင်းတော့ မြန်မာပြည်မှတင် မဟုတ်ပါဘူး။ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား စတဲ့ နိုင်ငံတွေက လည်း ပြောင်းရွှေ့လာကြပါတယ်။ အဓိကကြီးမားနေတဲ့ စီးပွားရေး လုပ်ငန်းကတော့ ကာစီနိုလောင်းကစားလုပ်ငန်း၊ ဟိုတယ်နဲ့ခရီးသွား လုပ်ငန်းတို့ပဲဖြစ်ကြပါတယ်။ ၂၀၀၆ ခုနှစ်မှာတော့ ကမ္ဘာ့အကြီးဆုံး လောင်းကစားဗဟိုဌာနအဖြစ် အသိအမှတ်ပြုခံရတဲ့ အထိပါပဲ။ မကာအိုကို လောင်းကစားဝါသနာရှင်များ နိုင်ငံတကာကလာကြတာ မှန်ပေမယ့် ပမာဏအကြီးမားဆုံးနဲ့ အရေအတွက်အများဆုံးကတော့ တရုတ်ပြည်မက လာရောက်ကြတာလို့ဆိုပါတယ်။

ဒါကြောင့် ညပိုင်းဆိုရင် နီယွန်မီးလုံးတွေ၊ ရောင်စုံမီးစကြာတွေ၊ လျှောက်ပြေးမီးတန်းတွေ၊ ပွင့်ချီတစ်ခါ၊ မှိတ်ချီတစ်လှည့်နဲ့ မီးကုံးတွေ နဲ့ သွားနေ၊ လာနေ၊ စားနေ၊ သောက်နေ၊ ကစားနေကြတာနဲ့ မအိပ်ကြ တော့ပါဘူး။ မြို့ထဲကဆိုင်တွေဆိုင်တွေကလည်း နေ့ခင်း ၁၁း၀၀ နာရီလောက်မှဖွင့်ကြပြီး အသက်ဝင်လှုပ်ရှားကြတာ တွေ့ရပါတယ်။

ဇွန်လ ၁၂ ရက် နေ့ခင်း ၁၀း၀၀ နာရီကစပြီး ပြပွဲမှာ အသက်ဝင် လှုပ်ရှားနေပါပြီ။ အနုပညာဆန်ဆန် ခင်းကျင်း ပြသထားတဲ့ ကျောက် မျက်ရတနာမျိုးစုံကလည်း မှန်ကောင်တာထဲကနေ လျှပ်စစ်မီးရောင် တွေနဲ့ ပြပွဲလာပရိသတ်တွေကို ညှို့ယူဖမ်း စားနိုင်စွမ်းရှိကြပါတယ်။

အဲဒီနေ့ ညနေ ၃း၀၀ နာရီမှာတော့ ပြပွဲ၊ ဖွင့်ပွဲကျင်းပပြုလုပ်ပါ တယ်။ ပြပွဲဖွင့်ပွဲကို မြန်မာနိုင်ငံ ဟောင်ကောင်ကောင်စစ်ဝန်ချုပ်၊ ဦးဇော်ဇော်စိုး၊ ကွမ်ရှီးပြည်နယ် အာဆီယံစီးပွားရေး ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌ Mr.Huang Haibo၊ မကာအို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဆိုင်ရာကိုယ်စားလှယ် Mr. Gao Shangde၊ မကာ အို -မြန်မာဆက်ဆံရေးအသင်းဥက္ကဋ္ဌ Mr.Hao Tak Kang စတဲ့ တရုတ်ကိုယ်စားလှယ်များနဲ့ မြန်မာကိုယ်စားလှယ်များ၊ ပြပွဲမှ တရုတ် -မြန်မာကုန်သည်များ တက်ရောက်ကြပါတယ်။

အခမ်းအနားစတာနဲ့ တရုတ်အမျိုးသမီး ကလေးနှစ်ယောက်က ရိုးရာတူရိယာများနဲ့ တီးမှုတ်ဖျော်ဖြေပြီး၊ မြန်မာဘက်မှ မော်ဒယ်မိန်းကလေး ၃ ယောက်ကလည်း အကအလှတွေနဲ့ ဧည့်ခံ ဖျော်ဖြေကြပါတယ်။ ဆက်လက်ပြီး တက်ရောက်လာကြတဲ့ တာဝန်ရှိ သူများက Laser Pointer ကိုယ်စီကိုင်ပြီး၊ International Jewellery, Jade and Woodcraft Exhibition 2015, Macau ပြပွဲကို ဖွင့်လှစ် ပေးလိုက်ကြပါတယ်။

ကျင်းပရေးကော်မတီဥက္ကဋ္ဌ Mr.Hau Tak Kang က အဖွင့် အမှာစကားပြောကြားပြီး နှစ်နိုင်ငံလက်ဆောင်များ အပြန်အလှန် လဲလှယ်ကြပါတယ်။ UMFCCI ၊ မြန်မာနိုင်ငံဆန်စပါးအသင်း၊ မြန်မာနိုင်ငံ ကျောက်မျက်ကုန်သည်များအသင်း၊ ကွမ်ရှီးပြည်နယ်နဲ့ မကာအို-မြန်မာအသင်းတို့ ပူးပေါင်းဆောင်ရွက်ရေးအတွက် MOU များ ရေးထိုးခဲ့ကြပါတယ်။ ညပိုင်းမှာတော့ မကာအိုမျှော်စင်မှာ ညစာ စားပွဲကျင်းပပြုလုပ်ခဲ့ပါတယ်။

ဇွန်လ ၁၃ ရက်နေ့မှာတော့ ပြပွဲကို လာရောက်ကြည့်ရှုသူတွေ၊ စိတ်ဝင်စားသူတွေ တဖွဲဖွဲနဲ့ လာရောက်ကြတာတွေ့ရပါတယ်။ ဒီနေ့ ကတော့ စိတ်ဝင်စားတဲ့ ရတနာပစ္စည်းတွေကို သေချာစေ့စပ်စွာ ကိုင်ကြည့်ခြင်း၊ စစ်ဆေးခြင်း၊ ဈေးစကားဆိုခြင်းများပြုလုပ်ပြီး၊ မျက်စေ့နဲ့ ဝယ်သွားတယ်လို့ပြောနိုင်ပါတယ်။ အိမ်ပြန်ရောက်ရင် တော့ အိမ်ကလူတွေနဲ့တိုင်ပင်ကြဦးမှာသေချာပါတယ်။ ခေတ်မီ နည်းပညာခေတ်ဆိုတော့ ဝယ်လာတဲ့ကျောက်အတုအစစ် သံသယ ဖြစ်စရာမလိုပါဘူး။ တရုတ်နိုင်ငံ ဂွမ်ဒေါင်းနဲ့မကာအိုက ကျောက်မျက် စစ်ဆေးရေးကုမ္ပဏီက အခန်းနှစ်ခန်းယူပြီး ချက်ချင်းစစ်ဆေးကာ သက်သေခံလက်မှတ်တွေ ထုတ်ပေးနေတာတွေ့ရပါတယ်။

ဇွန် ၁၄ ရက်နေ့က နောက်ဆုံးနေ့ဆိုတော့ ပြပွဲလာပရိသတ်ရဲ့ စိတ်ထဲမှာ ဝယ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုယ်စီနဲ့ လက်ထဲမှာတော့ ငွေနဲ့ကြေးနဲ့ရောက်လာကြပါတယ်။ တကယ်လည်း ဝယ်လည်း ဝယ် ကြပါတယ်။ ရောင်းလည်းရောင်းကြပါတယ်။ ဈေးဦးမပေါက်တဲ့ဆိုင်၊ မရောင်းရတဲ့ဆိုင်မရှိတဲ့အတွက် ကုန်သည်အားလုံး ပြုံးပျော်နေကြ တာတွေ့ရပါတယ်။

ညနေ ၃း၀၀ နာရီမှာတော့ စာရေးသူရဲ့ တောင်းဆိုချက်အရ မကာအို -မြန်မာအသင်းဥက္ကဋ္ဌနဲ့ Commerce Journal သတင်း ထောက် မောင်မောင်အေး (လှိုင်ကော်)တို့ အင်တာဗျူးတဲ့ပွဲကလေးပါ။ အပြန်အလှန်ပါပဲ။ တရုတ်အမျိုးသမီးတင်ဆက်သူကလည်း မိမိကို စီးပွား/ကူးသန်းကိုယ်စားလှယ်အနေနဲ့ မေးမြန်းတာတွေကို ပြန်ဖြေ ပေးခဲ့ရပါတယ်။ တက်ရောက်တဲ့ သတင်းထောက်များကလည်း မေးပါတယ်။

ဆက်လက်ပြီး စီးပွားကူးသန်းဌာနကပဲ ဦးဆောင်ပြီး VIP နားနေခန်းထဲမှာ Business Matching ပွဲကလေးတစ်ခု မမျှော်လင့်ဘဲ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ မြန်မာလိုပေါ့ လွင်အောင်ပြောရရင် လွတ်လပ်တဲ့ စီးပွားရေးဆိုင်ရာ ရေနွေးကြမ်းဝိုင်းကလေးပါပဲ။ ဒီဝိုင်း ကလေးကနေ မကာအို-မြန်မာဆက်ဆံရေးတိုးတက်ခိုင်မြဲမယ့် စီးပွား ရေးအစီအမံများ ချမှတ်လျှာထားနိုင်ကြပါတယ်။ နောက်အပတ်များ မှာ ဆက်လက်ပြီး အသေးစိပ်တင်ပြ ပါမယ်။

ညနေပိုင်းမှာတော့ မြန်မာကိုယ်စားလှယ်များကဦးဆောင်ပြီး မြနန္ဒာသီချင်းနဲ့ ပြပွဲကိုပိတ်ပွဲပြုလုပ်ခဲ့ပါတယ်။ မကာအိုရောက် တရုတ်နွယ်ဖွားတွေဆီမှာ မြန်မာသီချင်းတွေအစုံရှိပါတယ်။ မပြတ် လှပါဘူး။ မကာအို အာဏာပိုင်က မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန် ရေကစားပွဲကို မကာအိုမှာ နှစ်စဉ်ကျင်းပခွင့်ပေးတယ်လို့သိရပါ တယ်။ မြနန္ဒာသီချင်းဖွင့်တော့ ရန်ကုန်၊ မန္တလေး၊ မြန်မာကုန်သည်တွေ ရော၊ မကာအိုက တရုတ်မကြီးတွေရော (ဘယ်သူ့မှလျှောက်မပြောနဲ့ နော်၊ ခင်ဗျားမို့ပြောတာ . . ကျွန်တော်လည်းပါတယ်) စင်ပေါ်တက် ပြီး ဆိုကြ၊ ဟဲကြ၊ ကကြတာပျော်စရာပေါ့ခင်ဗျာ၊ အသက် ၂၀-၂၅ လောက်ပြန်ငယ်သွားသလိုပဲ။

အစစအရာရာ အောင်မြင်တဲ့ပွဲကလေးပါခင်ဗျ။ သွားရေး၊ လာရေး၊ တည်းခိုနေထိုင်ရေး၊ စားရေး၊ သောက်ရေးတွေကို စီစဉ်ပေး တဲ့ San Omoon (Myanamr) Co., ကိုလည်း ကျေးဇူးတင်ပါတယ်။ ဇွန်လ ၁၅ ရက်နေ့တစ်နေ့လုံး မကာအိုမြို့ပေါ်က အထင်ကရနေရာ တွေကို အဲဒီကုမ္ပဏီက မှန်လုံဘတ်စကားကားကြီး နှစ်စီးနဲ့ လိုက်ပို့ ပေးတယ်ခင်ဗျ။ ဇွန် ၁၆ ရက်နေ့ နေ့လယ်ပိုင်းမှာ ဟိုတယ်ကထွက်ပြီး မကာ အိုကနေ ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုသွား၊ လေဆိပ်ကနေ Dragon လေကြောင်းလိုင်းနဲ့ပဲ အမိမြန်မာနိုင်ငံကို ပြန်လာတာ ည ၁၁း၁၅ မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ချောမောစွာပြန်လည်ရောက်ရှိကြောင်းကို မှတ်တမ်းပြု ရေးသား လိုက်ရကြောင်းပါ။

➲ စာမျက်နှာ ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ….မှ အဆက်

အောင်မြင်စွာဖြင့် သင်တန်းများ၊ ဆွေးနွေးပွဲများကို ကျင်းပပေးလျက်ရှိကြောင်း၊ မျက်မှောက်ခေတ်တွင် အဖွဲ့အစည်းများသည် မိမိအဖွဲ့အစည်း၏ ရည်မှန်းချက်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အသင်းအဖွဲ့စိတ်ဓာတ်မွေးမြူပြီး ဝန်ထမ်းများအားလုံး အတူတကွ ပါဝင်ဆောင်ရွက်သည့် အုပ်စုလိုက် အဖွဲ့လိုက်ဖွဲ့စည်းကာ လုပ်ငန်း တာဝန်များဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဖွဲ့ဝင်များအကြား သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ အကြံဉာဏ်သစ်များပေးခြင်း၊ ပြဿနာများစုပေါင်းဖြေရှင်းခြင်း၊ လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကြောင့် လုပ်ငန်းများ ပိုမိုလျင်မြန်စေပြီး၊ လုပ်ငန်းအရည်အသွေးများပိုမိုတိုးတက်လာမည်ဟု အခိုင်အမာယုံကြည်ပါကြောင်း၊ အုပ်စုလိုက်၊ အဖွဲ့လိုက်လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် အဖွဲ့ဝင်အချင်းချင်း အပြန်အလှန်နားလည်ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု ပိုမိုကောင်းမွန်လာပြီး အဖွဲ့အစည်း၏ ရည်မှန်းချက်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှာဖြစ်ပြီး တစ်ဦးချင်း၏ လုပ်ဆောင်ချက်အရည်အသွေးများ တိုးတက်လာမှာဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းတာဝန်များကိုထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများတွင်ဗဟုသုတ အရည်အချင်းများ ပြည့်ဝနေရန်နှင့် အသင်းအဖွဲ့စိတ်ဓာတ်မွေးမြူကာ စုပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ သင်တန်းသားများအနေဖြင့် ဟောပြောပွဲကာလအတွင်း ထိထိရောက်ရောက်လေ့လာဆွေးနွေးပြီး ရရှိလာသည့် သင်ခန်းစာများကို မိမိဌာနတွင် ပြန်လည်ဝေငှအသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်သွားကြရန် စသည်ဖြင့် ပြောကြားသည်။

အဆိုပါဟောပြောပွဲသို့ ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၄၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။



➲ စာမျက်နှာ ၃ ပြည်ထောင်စုဝန်ကြီး ….မှ အဆက်

ပြည်ထောင်စုဝန်ကြီးသည် ဇွန်လ ၁၂ ရက်နေ့ နံနက် ၈ နာရီ ၂၀ မိနစ် တွင် Dianchi အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲစင်တာသို့ သွားရောက်၍ ပြခန်းများကို လှည့်လည်ကြည့်ရှုကာ မြန်မာပြခန်း ၃၅ ခန်းခင်းကျင်းပြသမှုများကို အသေးစိတ်လေ့လာကြည့်ရှု၍ လာရောက်ပြသသည့် လုပ်ငန်းရှင်များကို အားပေးစကားပြောကြားခဲ့ပြီး နံနက် ၁၀ နာရီအချိန်တွင် တတိယအကြိမ်မြောက် တရုတ် - တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၃) ကြိမ်မြောက် ကူမင်းကုန်စည်ပြပွဲ ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ခဲ့ပါသည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တယ်ဟုန်ပြည်နယ်ခွဲ၏ ကုန်စည်ပြခန်းသို့ သွားရောက်လေ့လာခဲ့ပါသည်။ ယင်းနေ့ညနေ ၅ နာရီတွင် ပြည်ထောင်စုဝန်ကြီးတည်းခိုရာ InterContinental ဟိုတယ်တွင် တယ်ဟုန်ပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အားလည်းကောင်း၊ လင်ချန်းမြို့ပါတီအတွင်းရေးမှူး Mr. Sun Qingyoun နှင့် မြို့တော်ဝန် Mr. Yang Haodong တို့အားလည်းကောင်း လက်ခံတွေ့ဆုံ၍ လင်ချန်းမြို့ ပါတီအတွင်းရေးမှူးက တည်ခင်းသော ညစာစားပွဲသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန်လ ၁၃ ရက်နေ့ နံနက် ၈ နာရီတွင် ကူမင်းမြို့ ယူနီယံဟိုတယ်သို့သွားရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပူးပေါင်းကျင်းပသော ယူနန်-မြန်မာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး နေ့လယ် ၁ နာရီ ၅၅ မိနစ်အချိန်တွင် လေကြောင်းဖြင့် ကူမင်းမြို့မှ ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ၂ နာရီ ၃၀ မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

တတိယအကြိမ်မြောက် တရုတ် - တောင်အာရှကုန်စည်ပြပွဲနှင့် (၂၃) ကြိမ်မြောက် ကူမင်းကုန်စည်ပြပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ၊ မော်လဒိုက်နိုင်ငံသမ္မတ၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဘင်္ဂလားဒေ့ရှ်ပါလီမန်ဥက္ကဋ္ဌနှင့် ကမ္ဘောဒီးယား၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ နီပေါ နိုင်ငံတို့မှ ဝန်ကြီးများနှင့် အကြီးတန်းအရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

➲ စာမျက်နှာ ၃ ကုန်သွယ်ရေးနှင့်စီးပွားရေး ….မှ အဆက်

ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီအဖွဲ့ဝင်များ၊ Doing Business Working Group အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာမှ အရာထမ်းများ တက်ရောက်ခဲ့ကြပါသည်။ ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် ကမ္ဘာ့ဘဏ်မှ Resident Representative ၊ Vikram Kumar တို့မှ နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက အမှာစကားပြောကြားရာတွင် လက်ရှိအစိုးရသစ်လက်ထက်တွင် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သော ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများကို အဓိကဆောင်ရွက်နေသည့် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံ့စီးပွားရေး လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖြစ်သည့်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် နိုင်ငံ့စီပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် ပုဂ္ဂလိက ကဏ္ဍကို နိုင်ငံတော်က အားပေးမြှင့်တင်ရာတွင် အတွေ့အကြုံများစွာရှိသည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။ ဒါကြောင့် အတွေ့အကြုံများရယူရန်နှင့် ပိုမိုပူးပေါင်းဆောင် ရွက်ရန် အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း (IFC) နှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတာဝန်ယူဆောင်ရွက်နေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အကြား ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံ မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကမ္ဘာ့ဘဏ်မှဌာနေကိုယ်စားလှယ် Mr.Anshul Krishan တို့မှ အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

# သီရိလင်္ကာနိုင်ငံတွင် ကျင်းပမည့် Ayurveda Expo 2015 ပြပွဲ

သီရိလင်္ကာကုန်သည်ကြီးများအသင်းနှင့် ကျန်းမာရေးနှင့် တိုင်းရင်းဆေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ဇူလိုင် ၃ ရက်နေ့မှ ၅ ရက်နေ့အထိ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တွင် Ayurveda Expo 2015 ပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

Ayurveda Expo 2015 ပြပွဲသည် သီရိလင်္ကာတိုင်းရင်းဆေးဝါးဖြင့် ကျန်းမာရေး၊ လူနေမှုပုံစံများကို မြှင့်တင်ရန်၊ တိုင်းရင်းဆေးဝါး၏ အသုံးဝင်မှုကို သိရှိစေရန်နှင့် သီရိလင်္ကာ တိုင်းရင်းဆေး Ayurveda ကို ဒေသတွင်းမှာသာမက အခြားနိုင်ငံများတွင်ပါ ကျယ်ပြန့်စွာ အသုံးပြုနိုင်စေရန် ဖြစ်ပါသည်။

Ayurveda Expo 2015 ပြပွဲ၏ရည်ရွယ်ချက်မှာ အခြားနိုင်ငံများ၏ Ayurveda နှင့် ပတ်သက်သည့် နည်းပညာများကို သီရိလင်္ကာနိုင်ငံသားများ ရရှိနိုင်စေရန်၊ တိုင်းရင်းဆေးအသုံးပြုမှုသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် အကျိုးသက်ရောက်မှုရှိကြောင်း သိရှိစေရန်နှင့် တိုင်းရင်းဆေးကို အခြေခံ၍ ခရီးသွားလုပ်ငန်းမြှင့်တင်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကို ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဗဟိုဌာနများ ဌာနခွဲ၊ မြန်မာကုန်သွယ်မှုဗဟိုဌာန၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို) နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

# အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် 5th Agro Protech 2015 ပြပွဲ

အိန္ဒိယနိုင်ငံ Indian Chamber of Commerce မှ ကြီးမှူး၍ နိုဝင်ဘာလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ အိန္ဒိယနိုင်ငံ၊ ကိုလ်ကတ္တားမြို့၊ Milan Mela Grounds တွင် 5th Agro Protech 2015 ပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

5th Agro Protech 2015 ပြပွဲတွင် မြန်မာနိုင်ငံအတွက် နည်းပညာနှင့် ကုန်ပစ္စည်းများ ပြသရန် နိုင်ငံတကာပြခန်းနေရာ၌ ပြခန်း တစ်နေရာ ပေးအပ်မည်ဖြစ်ပါသည်။ အဆိုပါပြပွဲတွင် လယ်ယာစိုက်ပျိုးရေး၊ သစ်သီးဝလံပန်းမန်၊ အစားအစာထုတ်လုပ်ခြင်း၊ နို့ထွက်ကုန်ပစ္စည်း၊ မွေးမြူရေး၊ အသားငါး၊ လယ်ယာသုံးစက်ကိရိယာများ၊ ရိတ်သိမ်းခြင်းစီမံခန့်ခွဲမှု၊ ထုပ်ပိုးခြင်း နည်းပညာများနှင့် သက်ဆိုင်သည့်ကဏ္ဍများကို ပြသသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ၊ လယ်ယာစိုက်ပျိုးရေးအတတ်ပညာရှင်များနှင့် ဘဏ်လုပ်ငန်းရှင်များလည်း တက်ရောက်မည်ဖြစ်ပါသည်။

စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ကုန်စည်ပြပွဲနှင့်ကုန်သွယ်မှုဗဟိုဌာနများဌာနခွဲ၊ မြန်မာကုန်သွယ်မှုဗဟိုဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

Commodity Exchange News
Vol: 15, No.23 Monday June 22 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၂–၆–၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲကို အိန္ဒိယဝယ်လက် ဈေးမြှင့်အဝယ်ရှိ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ၁၃၄၀၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပြီး နောက်ပိုင်းရက်တွေမှာ ဈေးပေးပြီးအဝယ်ရှိတာကြောင့် တရိပ်ရိပ်ဈေးမြင့်လာကာ ဈေးကွက်ပိတ်ချိန်တွင် တစ်တန်ကို ၁၃၅၇၀၀၀ ကျပ်ဈေးအထိထပ်မံဈေးမြင့်တက်ခဲ့ကြောင်းသိရပါတယ်။ မတ်ပဲဈေးမြင့်တက်ရခြင်းရဲ့ အဓိကအကြောင်းက အိန္ဒိယဘက်မှာ မိုးခေါင်မှုအပေါ် စိုးရိမ်မှုကြောင့် မြန်မာ့မတ်ပဲကို အဝယ်လိုက်လာတာကြောင့် အခုလိုဈေးမြင့်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပြီး ဈေးကွက်မျှော်လင့်ချက်နှင့် အရောင်းနည်းနေကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်း(သစ်)တချို့ဝင်ရောက်လာ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်း(သစ်)ရောလက်ကျန်ပြောင်းတွေပါ ဈေးကွက်သို့ တန်ချိန် ၁၃၄၀၀ ကျော်ဝင်ရောက်ခဲ့ပြီး တရုတ်ဘက်မှာ အဖမ်းအဆီးတချို့ရှိပေမယ့် အရောင်းအဝယ်တော့ ပုံမှန်ဖြစ်ခဲ့ကြောင်း ၊ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၉၇ ယွမ်မှ အမြင့်ဆုံး ၁၀၁ ယွမ်ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒီအချိန်မှာ ငွေလဲနှုန်းက တက်နေတယ်။ ပြောင်းသီးနှံအနေဖြင့် ဈေးကောင်းလည်းရနေတော့ ကုန်သည်တွေထိုက်သင့်တဲ့ အကျိုးအမြတ်ရနေကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲမျိုးစုံဈေးမာလာ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ပဲခွဲစက်တွေအပြင် ရန်ကုန်ဝယ်လက်ကပါ ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၂၂၀၀ ကျပ် (တစ်တန်ကို ၁၃၄၇၀၀၀ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ပို့ကုန်အတွက် အဓိကဝယ်ယူနေတဲ့ရန်ကုန် ဝယ်လက်ကတော့ ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၂၀၈၅ ကျပ် (တစ်တန်ကို ၁၂၇၆၈၃၃ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး(ထိပ်စ)ကို တရုတ်ဝယ်လက်က ပဲရဲ့ အရည်အသွေးပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၂၉၀ ကျပ် (တစ်တန်ကို ၁၄၀၂၃၇၃ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားသွက်တာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၁၂၂၅ ကျပ်(တစ်တန်ကို၇၅၀၁၇၇ ကျပ်) ဈေးဖြင့်အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကို မန္တလေးဝယ်လက်က အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားရှိနေ၊ မတ်ပဲဈေးမြင့်လာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီး(ထိပ်စ)ကို တရုတ်အတွက်ဝယ်ယူနေတဲ့မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး စိစစ်ဝယ်ယူမှုတွေရှိတာကြောင့် ဈေးအနည်းငယ်ကျလာပေမယ့် အရောင်းအဝယ်တော့ ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၀၅ ကျပ် (တစ်တန်ကို ၁၂၈၉၀၈၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၈၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက်တွေက ဈေးမြှင့်အဝယ်ရှိတာကြောင့် ယခင်အပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၂၂၀၀ ကျပ်(တစ်တန်ကို ၁၃၄၇၂၅၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို လက်ရှိရောင်း နေတဲ့ကုန်သည်တွေက မတ်ပဲဈေးဆက်လက်ကောင်းနိုင်တယ်လို့ သုံးသပ်ပြီး မတ်ပဲကို အရောင်းနည်းနေကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ သိပ္ပံနှမ်းနက်ကို မန္တလေးဝယ်လက်က ဈေးမြှင့် အဝယ်ရှိ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်သိပ္ပံနှမ်းနက်ကို မန္တလေးဝယ်လက်က ဈေးမြှင့်အဝယ်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၄၁၅၆ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် အိန္ဒိယအတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၀၆၀ ကျပ်(တစ်တန်ကို ၁၂၆၁၅၂၃ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။



## မကွေးမှာ ကုလားပဲကို ခွဲစက်တွေ ဝယ်လိုအားနည်း

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်)ကို ပဲခွဲစက်တွေက ဝယ်လိုအား နည်းပေမယ့် ဈေးကောင်းရနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၄၀ ကျပ် (တစ်တန်ကို ၇၅၉၃၆၃ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ နှမ်းဖြူ(ထိပ်စ)နှင့် နှမ်းဖြူ(ပုံမှန်စ)ကိုလည်း မန္တလေး=ရန်ကုန်ဝယ်လက်က ဝယ်လိုအားပါးပေမယ့် အရောင်းအဝယ် ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းဖြူ(ထိပ်စ) တစ်ပိဿာ ၂၃၅၆ ကျပ်၊ နှမ်းဖြူ(ပုံမှန်စ) တစ်ပိဿာ ၂၂၈၉ ကျပ်ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲဈေးမာ

ဒီတစ်ပတ် ရေစကြိုဈေးကွက်တွင် ကုလားပဲ (ထိုင်ဝမ်)ကို ပဲခွဲစက်များက ဝယ်လိုအားတောက်လျှောက်ရှိတာကြောင့် ယခင်အပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၂၆၀ ကျပ် (တစ်တန်ကို ၇၇၁၆၁၁ ကျပ်) ဈေးဖြင့် အရောင်းရော အဝယ်ပါ သွက်လာကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်လိုအားပုံမှန်ရှိ

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ(Raw)ကို အိန္ဒိယအတွက်အဓိကဝယ်ယူနေသည့် ရန်ကုန်ဝယ်လက်က ဝယ်လိုအားဆက်တိုက်ရှိပေမယ့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၀၀ ကျပ်(တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၂၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက် ပြောင်းသီးနှံကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၄၅၀ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်-မန္တလေး ဝယ်လိုအားပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေပေမယ့် ရန်ကုန်-မန္တလေးဝယ်လက်နှင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ လက်ကျန်ပြောင်းတွေပစ္စည်းနည်းလာပေမယ့် ဇူလိုင်နှင့် ဩဂုတ်လ မှာ ရေသွင်းပြောင်း(သစ်)တွေ ဈေးကွက်ထဲဝင်ရောက်နိုင်စွမ်းရှိလို့ ပြောင်

## လားရှိုးမှာ ပြောင်းသီးနှံကို တရုတ်အဝယ်လိုက်နေ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံကို တရုတ်က အဝယ်လိုက်လာသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာအရောင်းများခဲ့ကြောင်း သိရပါတယ်။ ပြောင်းသီးနှံကို တရုတ်ဝယ်လိုအားက တောက်လျှောက်ရှိနေပေမယ့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပြောင်းလက်ကျန် နည်းနေကြောင်း သိရပါတယ်။ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာ ၅၁၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၇ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲနှင့် ကုလားပဲကို ဈေးမြှင့်အဝယ်ရှိလာ၊ ပဲစင်းငုံနီ လက်ကျန်နည်းသလို အရောင်းလည်းနည်းလာ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (Raw) ကို ပို့ကုန်အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးမြှင့်အဝယ်ရှိသလို ဝယ်လိုအားပါသွက်လာတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်များက ဝယ်လိုအားသွက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၁၂၈၅ ကျပ်(တစ်တန်ကို ၇၈၆၉၂၁ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပြီး ဈေးကောင်းရမှ ထုတ်ရောင်းမှုတွေရှိနေကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်ဈေးလျှော့အဝယ်ရှိ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ဈေးလျှော့အဝယ်ရှိသလို ဝယ်လိုအားပါနည်းခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို အနိမ့်ဆုံး ၁၇၈၉ ကျပ် (တစ်တန်ကို ၁၀၉၅၅၆၅ ကျပ်) ဈေးမှ အမြင့်ဆုံး ၂၁၀၅ ကျပ် (တစ်တန်ကို ၁၂၈၉၀၈၀ ကျပ်)ဈေးအတွင်းအရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ပို့ကုန်အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၀၂၅ ကျပ် (တစ်တန်ကို ၁၂၄၀၀၈၉ ကျပ်)ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ပေမယ့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

# စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအပေါ် တုံ့ပြန်မှုနှင့်အမြင်များ

*ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ ကျောင်းများ၊ ဈေးများ၊ စက်မှုဇုန်များ၊ ပြည်သူလူထုများသို့စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲများ၊ ကွင်းဆင်းစစ်ဆေးပညာပေးမှုများ ဆောင်ရွက်လျက်ရှိရာ ထိုကဲ့သို့ ဆောင်ရွက်မှုများအပေါ် တက်ရောက်လာကြသူများ၏ အမြင်နှင့် တုံ့ပြန်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို စားသုံးသူပြည်သူများ သိရှိစေရေးအတွက် စဉ်ဆက်မပြတ်ရေးသားတင်ပြသွားပါမည်။*



**ဒေါ်ခိုင်ခိုင်သန်း၊ ကျောင်းအုပ်ကြီး**
**အထက(၄)အလုံ**

မိမိတို့ကျောင်းကို ယခုလိုစားသုံးသူကာကွယ်ရေးနဲ့ပတ်သက်လို့ လာရောက်ဟောပြောပေးသည်ကို အထူးပင်လှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်။ ပြီးခဲ့တဲ့နှစ်ကတည်းက ယခုလို ဟောပြောပွဲများကို လာရောက်လုပ်ပေးရန် မျှော်လင့်ခဲ့ပါတယ်။ ကျောင်းမုန့်ဈေးတန်းကို အမြဲတမ်းတိုးတက်အောင် ကြိုးစားလုပ်ပေးနေပေမယ့် မိမိတစ်ဦးတည်းကသာ လုပ်နေတယ်လို့ ထင်နေကြတာ။ ယခုလို အဖွဲ့များ လာရောက်ဟောပြောပေးတဲ့အတွက် ထင်သာမြင်သာရှိသွားပြီး ကျောင်းအတွက်လည်း ပိုမိုကောင်းမွန်လာမှာဖြစ်ပါတယ်။

---

**အထက(၄)အလုံမှ ကျောင်းသူတစ်ဦး**

သမီးတို့ကျောင်းကို လာရောက်ဟောပြောပေးတဲ့အတွက် စားသုံးသူကာကွယ်ရေးနဲ့ပတ်သက်ပြီး မသိရှိသေးတာတွေ သိရှိရတဲ့အတွက် ဝမ်းသာမိပါတယ်။ အရင်တုန်းက စားသုံးသူကာကွယ်ရေးနဲ့ ပတ်သက်ပြီး ဗဟုသုတများမရှိခဲ့လို့ စားချင်တာကိုသာ ဝယ်စားမိခဲ့ပါတယ်။ ခုဆိုရင် ဘယ်လိုဝယ်ယူစားသုံးရမယ်ဆိုတာ သိရှိခဲ့ပါပြီ။ ခုလို ဟောပြောဆွေးနွေးပွဲတွေကို ကျောင်းတိုင်း ကျောင်းတိုင်း၊ မြို့နယ်တိုင်း မြို့နယ်တိုင်းမှာလည်း လုပ်ပေးစေချင်ပါတယ်။

---

**အထက(၄)အလုံမှ ကျောင်းသားတစ်ဦး**

ယခင်က စားသုံးသူကာကွယ်ရေးနဲ့ပတ်သက်တဲ့ အသိပညာ၊ ဗဟုသုတများ မရှိခဲ့တဲ့အတွက် ဝယ်စားလို့ရတာတွေအားလုံးကို ဝယ်စားခဲ့ပါတယ်။ ယခုလို လာရောက်ဟောပြောဆွေးနွေးတဲ့အတွက် ကိုယ့်ကိုယ်ကို ကာကွယ်သွားနိုင်မှာ ဖြစ်ပါတယ်။ ဟောပြောပေးခဲ့တဲ့ဆရာတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။

---



**အထက(၄)အလုံမှ ကျောင်းဈေးသည်တစ်ဦး**

ယခုလိုလာရောက်ပြီး ပညာပေးဟောပြောတဲ့အတွက် ကလေးတွေအတွက်ရော၊ ကျောင်းအတွက်ပါ အဘက်ဘက်က အစစအရာရာ အဆင်ပြေ၊ ကောင်းလည်း ကောင်းပါတယ်။ ကျွန်မတို့ ကျောင်းဈေးရောင်းတဲ့သူတွေကိုလည်း ရောင်းချခွင့်မပြုခင် ကျန်းမာရေးအရ ဆေးစစ်ပြီး ဆရာဝန်ခွင့်ပြုချက်ရမှ ရောင်းချခွင့်ပြုပါတယ်။ ကျောင်းမုန့်ဈေးတန်းကိုလည်း ကျောင်းအုပ်ဆရာမကြီးက ဆရာမနှစ်ဦးကို တာဝန်ပေးပြီး ကျောင်းမုန့်ဈေးတန်းအတွက် ဆောင်ရွက်ပေးနေပါတယ်။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေထွက်ရှိပြီး ဖြစ်တာကို သတင်းစာ၊ ဂျာနယ်တွေမှာဖတ်ရှုခဲ့ရတဲ့အတွက် သိရှိပြီးဖြစ်ပါတယ်။

---



**သာကေတမြို့နယ်**
**ဒုတိယအုပ်ချုပ်ရေးမှူး ဦးကံထွန်းအောင်**

အစားအသောက်နဲ့ပတ်သက်လို့ ကျောင်းသူ၊ ကျောင်းသားတွေမှအစ ပြည်သူတွေအဆုံး ဘေးကင်းစွာနဲ့လုံခြုံစိတ်ချစွာ စားသုံးနိုင်လျှင် ပိုမိုကောင်းမွန်မှာဖြစ်ပါတယ်။ ခုလို ဌာနဆိုင်ရာတွေ၊ အဖွဲ့အစည်းတွေက စားသုံးသူကာကွယ်ရေးနဲ့ပတ်သက်ပြီး ပြည်သူတွေ များများသိလေ ပိုကောင်းလေဖြစ်တဲ့အတွက် လာရောက်ဟောပြောဆွေးနွေးတာကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ရေးအတွက် မိမိတို့အနေနဲ့လည်း နိုင်တဲ့ဘက်မှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန် အသင့်ရှိပါတယ်။

---



**သာကေတမြို့နယ် အမှတ်(၁)ရပ်ကွက် ဈေးတာဝန်ခံ**

ကျွန်တော်တို့ ဈေးများဌာနအနေဖြင့် အများပြည်သူနှင့်လက်တွဲ လုပ်ကိုင်နေရပါတယ်။ ခုလိုစားသုံးသူများအတွက် အကျိုးကျေးဇူးရှိပြီး ကျယ်ကျယ်ပြန့်သိရှိနိုင်မည့် ဟောပြောဆွေးနွေးပွဲဖြစ်တဲ့အတွက် ကြိုဆိုပါတယ်။ ဟောပြောဆွေးနွေးပွဲမှ သိရှိရတဲ့အချက်များကို ဈေးသူ၊ ဈေးသားများအား ပြန်လည်ပြီး အသိပညာပေးဖြန့်ဝေသွားမှာဖြစ်ပါတယ်။ စားသုံးရန်မသင့်တဲ့ ဆိုးဆေးပါ အစားအသောက်တွေ၊ ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံပိုင်သတင်းစာတွေမှာ ထုတ်ပြန်ကြေညာတဲ့ စားသုံးရန်မသင့်တဲ့ စားသောက်ကုန်တွေ၊ ဆေးဝါးတွေ၊ သုံးစွဲရန်မသင့်သည့် အလှကုန်တွေကို ဈေးအတွင်း ဖြန့်ဖြူး၊ ရောင်းချခြင်းများ မပြုစေရေး သတိပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်နေပါတယ်။



**သာကေတမြို့နယ်(၆)အနောက်ရပ်ကွက်**
**အုပ်ချုပ်ရေးမှူး ဦးခင်လှိုင်**

ခုလိုဟောပြောဆွေးနွေးပွဲတွေကို အစောကြီးကတည်းက လုပ်သင့်ပါတယ်၊ လူတွေဟာ အစားအသောက်တွေမဆင်မခြင် စားသုံးနေတာကို တွေ့မြင်ကြားသိနေရပါတယ်။ ကျွန်တော့်အနေနဲ့ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲကရရှိတဲ့ လက်ကမ်းစာစောင်ကို ရပ်ကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ပြန်လည်ဖြန့်ဝေဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ထွက်ရှိပြီး ဖြစ်တာကို သိရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရပ်ကွက်နေ ပြည်သူများကိုလည်း လာရောက်ဟော ပြောဆွေးနွေးပေးဖို့ ဝမ်းပန်းတသာ ဖိတ်ခေါ်ကြိုဆိုပါတယ်။

---



**ဦးဝင်းမြင့်**
**မြန်မာနိုင်ငံ စားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း**

စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှု တိုးတက်လာတာ၊ အင်တိုက်အားတိုက် ဖြစ်လာတာကို တွေ့မြင်ကြားသိနေရပါတယ်။ စားသုံးသူပြည်သူလူထုကလည်း ဌာနရဲ့လုပ်ဆောင်ချက်တွေကို လက်သင့်ခံတာကိုလည်း ပြန်လည်ကြား သိရပါတယ်။ ဥပဒေ၊ နည်းလမ်းများကို ဖြစ်နိုင်ရင် အမြန်ဆုံး အကောင်အထည်ဖော်နိုင်လေကောင်းလေဖြစ်ပါတယ်။ ဒါမှလည်း ဌာနနဲ့ ကျွန်တော့်တို့အသင်း ပူးပေါင်း ဆောင်ရွက်တာတွေ၊ ပြည်သူလူထု လိုက်နာဆောင်ရွက်တာတွေ တစ်နိုင်ငံလုံးသိရှိပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းတဲ့ ကုန်စည်တွေကို ဝယ်ယူသုံးစွဲနိုင်မှာဖြစ်ပါတယ်။

■ မောင်မျိုးချစ်

# ကော့သောင်းနဲ့ မြိတ်နယ်စပ်မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ၂၀၁၅ ခုနှစ် ဇွန်လ ၆ ရက်မှ ၁၂ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၃ ဒသမ ၂၃၆ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၆၂၉ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၁ သန်းဖိုးခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုများမှာ-

**ကော့သောင်းကုန်သွယ်ရေးစခန်းမှ** ကန်ဒေါ်လာ သုည ဒသမ ၆၂၉ သန်းတန်ဖိုးရှိရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၈၆၅ တန်ကျော်နဲ့ ကင်းမွန် ၁ တန်ခန့် တင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်တွင် ပုစွန်တင်ပို့နိုင်ခြင်းမရှိပေမဲ့ ငါးမျိုးစုံ ပိုမိုတင်ပို့နိုင်ခဲ့တာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ သုည ဒသမ ၂၅၀ သန်းပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**မြိတ်ကုန်သွယ်ရေးစခန်းမှ**လည်း ကန်ဒေါ်လာ ၂ ဒသမ ၅၁၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၀၁၀ တန်ကျော်၊ ကင်းမွန် (အခွံခွာ) ၄၈ တန်ကျော်၊ ငါးမှုန့် တန် ၄၄၀၊ ပုစွန် ၆၃ တန်ကျော်၊ ကဏန်းပျော့ ၁၉ တန်ကျော်၊ ကင်းမွန် ၉၁ တန်ကျော်၊ အေးခဲအသားလွှာ ၂၄ တန်၊ ငါးခြောက် ၈ တန်ကျော်၊ အေးခဲကင်းမွန် (လက်ချောင်း) ၂ တန်ကျော်နဲ့ သဲကဏန်းအနည်းငယ် တင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်တွင် ယခင်တစ်ပတ်က တင်ပို့နိုင်ခြင်း မရှိသော ကင်းမွန် (အခွံခွာ) ၊ ကဏန်းပျော့၊ အေးခဲအသားလွှာ၊ ငါးခြောက်နဲ့ အေးခဲကင်းမွန် (လက်ချောင်း) တို့ တင်ပို့နိုင်ခဲ့တာကြောင့် ကန်ဒေါ်လာ သုည ဒသမ ၈၀၉ သန်းပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**မြဝတီကုန်သွယ်ရေးဇုန်မှ** ကန်ဒေါ်လာ သုည ဒသမ ၀၉၂ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၄၄ တန်ကျော်နဲ့ ကဏန်း ၁၇ တန်နီးပါး တင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်တွင် ငါးရှဉ့်တင်ပို့နိုင်ခြင်း မရှိတဲ့အပြင် ငါးမျိုးစုံနဲ့ ကဏန်းလျော့နည်းတင်ပို့ခဲ့တာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ သုည ဒသမ ၁၂၀ သန်းလျော့နည်းတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**

# အိန္ဒိယနယ်စပ်မှ မေလအတွင်း ITC နဲ့ ကျပ်သန်းပေါင်း ၁၆၆၀ ကျော်ကုန်သွယ်နိုင်

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနဲ့ ရိဒ်ကုန်သွယ်ရေးစခန်းများမှ မေလအတွင်းမှာ ITC ကတ်နဲ့ ကျပ်သန်းပေါင်း ၁၆၀၀ ကျော်ခန့် ကုန်သွယ်နိုင်ခဲ့ပါတယ်။ တမူးနယ်စပ်မှ ကုန်သွယ်မှုပမာဏ ကျပ်သန်းပေါင်း ၈၂ ဒသမ ၀၆၃ နဲ့ ရိဒ်နယ်စပ်မှ ကျပ်သန်းပေါင်း ၁၅၈၅ ဒသမ ၂၄၂ ကုန်သွယ်ခဲ့ပါတယ်။ တမူးနယ်စပ်မှ ပို့ကုန်အဖြစ် အုန်းသီး ၈၇၅၀၀ ကီလိုကို ITC ကတ်နဲ့ တင်ပို့နိုင်ပြီး သွင်းကုန်အဖြစ် ချည်ခင်၊ ပလတ်စတစ်ရေတိုင်ကီ၊ ပလတ်စတစ်အကြည်ပြား ၊ စက်ဘီးအပိုပစ္စည်းများ၊ ရွှေရည်စိမ်လက်ကောက်၊ ခေါင်းလျှော်ရည်၊ ပလတ်စတစ်လက်ကောက်၊ ဖန်စီပစ္စည်းများ၊ ဆွဲကြိုး၊ အဝတ်ကပ်ကော်၊ အဝတ်ဖြတ်စ၊ ဖိနပ်မျိုးစုံ၊ ဒူးစွပ်၊ ဖနောင့်စွပ်၊ စက်ဘီးတာယာ၊ ဆိုင်ကယ်အပိုပစ္စည်းတို့ကို တင်သွင်းနိုင်ခဲ့ပါတယ်။ ရိဒ်နယ်စပ်မှ ကွမ်းသီး ကီလို ၆၆၀၀၀ ခန့်တင်ပို့နိုင်ပြီး နိုင်လွန်ချည် ၂၁၇၈၀ ကီလို တင်သွင်းခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ မေလ ၂၂ ရက်ထိ ITC ကတ်နဲ့ ကုန်သွယ်ခဲ့တဲ့ နယ်စပ်စခန်းများကတော့ မူဆယ်၊ လွယ်ဂျယ်၊ မြဝတီ၊ တာချီလိတ်၊ ချင်းရွှေဟော် ၊ ကန်ပိုက်တီး၊ တမူး၊ရိဒ်၊ မောတောင်နဲ့ ကျိုင်းတုံစခန်းများဖြစ်ပြီး ယင်းစခန်းများမှ ပို့ကုန် ကျပ်သန်းပေါင်း ၁၀၁၃ ဒသမ ၆၃၈ ၊ သွင်းကုန် ကျပ်သန်းပေါင်း ၆၃၂ ဒသမ ၀၃၂ ကုန်သွယ်မှုပမာဏ ကျပ်သန်းပေါင်း ၁၆၄၅ ဒသမ ၆၇၀ ခန့် ကုန်သွယ်ပြီးဖြစ်ပါတယ်။

**ခင်မိုးသူ MIRT**

# မူဆယ်စခန်းမှ သကြားဖြူရော သကြားညိုပါတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန်လ၆ရက်မှ၁၂ရက်ထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၄၃၈ သန်းတန်ဖိုးရှိ သကြားဖြူ ၇၂၉ တန်ခွဲ၊ ကန်ဒေါ်လာ သုည ဒသမ ၀၅၅ သန်းတန်ဖိုးရှိသကြားညို ၉၅ တန်တင်ပို့ခဲ့ရာ ယခင်သီတင်းပတ်ထက် သကြားဖြူ တန် ၄၆၀ လျော့နည်းခဲ့ပြီး သကြားညို ၅ တန်ကျော် ပိုမိုခဲ့ပါတယ်။သကြားတစ်ပိဿာပေါက်ဈေးက ၉၀၀-၁၀၀၀ ကျပ်ကြားရှိတယ်လို့ သိရပါတယ်။ သကြားကို အကြမ်းရော အနုပါတရုတ်နိုင်ငံသို့တင်ပို့ရတဲ့အတွက် အဆင်ပြေတယ်လို့ သကြား ကုန်သည်တစ်ဦးထံမှ သိရပါတယ်။

**မြင့်မြင့်မာ**

# တမူးနယ်စပ်ဒေသတွင် အခြေခံစားကုန်နဲ့ ဓာတ်ဆီ၊ဒီဇယ်ဈေးတည်ငြိမ်

တမူးခရိုင်နဲ့ ကလေးခရိုင်တို့တွင် အခြေခံစားကုန်များဖြစ်တဲ့ ဆန်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးခြောက်ဈေးတို့မှာ ဒေသတွင်းမှာ ပုံမှန်စိုက်ပျိုးထွက်ရှိပြီး ဒေသရဲ့ လူဦးရေအချိုးနဲ့ နှိုင်းယှဉ်ပါက လုံလောက်တဲ့အနေအထားမှာ ရှိနေတဲ့အတွက် အခြေခံစားကုန်ဈေးနှုန်းများမှာ ပုံမှန်ဈေးနှုန်းများသာဖြစ်ပြီး ထူးခြားပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိတယ်လို့ သိရှိရပါတယ်။ ဓါတ်ဆီ၊ ဒီဇယ်ဆီနဲ့ပတ်သက်ပြီး ကလေးခရိုင်အတွင်း တစ်ပိုင်တစ်နိုင် ရေနံတွင်းတူးတဲ့ လုပ်ငန်းများမှထွက်ရှိသော ဒီဇယ်ဆီ၊ ဓာတ်ဆီများရှိခြင်း ၊ တမူးမြို့နယ်အတွင်း၌လည်း ဆီပန့်ဆိုင်သုံးဆိုင်ခန့်ရှိပြီး တစ်ပိုင်တစ်နိုင်ရောင်းချသည့် ဆိုင်များရှိခြင်း၊ ၎င်းဆိုင်များအနေနဲ့ မန္တလေး၊ မုံရွာတို့မှ သယ်ယူရောင်းချမှုများရှိခြင်းတို့ကြောင့် ပုံမှန်ဈေးနှုန်းများသာဖြစ်ပြီး ထူးခြားပြောင်းလဲမှုမရှိကြောင်း တမူးနယ်စပ်မှ သတင်းရရှိပါတယ်။

**ခင်မိုးသူ MIRT**

# စစ်တွေကုန်သွယ်ရေးစခန်းမှ စက်မှုကုန်ချောနဲ့လယ်ယာထွက်ကုန် ၁၄၇ တန်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းက ဇွန်လ၆ ရက်မှ ၁၂ ရက်ထိကာလအတွင်း စက်မှုကုန်ချောနဲ့ လယ်ယာထွက်ကုန် ၁၄၇ တန်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၂၆ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၃၉၃ သန်းဖိုးတင်ပို့ခဲ့သဖြင့် ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၃၆၇ သန်းလျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ ယခုလို တင်ပို့မှုလျော့နည်းခဲ့ရခြင်းမှာ ယခုတစ်ပတ် ရေထွက်ကုန်တင်ပို့မှု မရှိခဲ့လို့ဖြစ်ပါတယ်။

ယခုသီတင်းပတ်မှာ ဆီးယိုထုတ် ၂၅ တန်၊ လယ်ယာထွက်ကုန် ပစ္စည်းဖြစ်တဲ့ မန်ကျည်းစေ့ ၉၆ တန်၊ နနွင်းတက် ၂ တန် ၊ ကွမ်းသီး ၄ တန်၊ ချင်း(အစို)၄ တန်နဲ့ ဆီးသီးခြောက် ၁၆ တန်ကို တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

# ကောက်ညှင်းဆန်တန် တစ်ထောင်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းက ဇွန်လ ၁ ရက်မှ ၁၅ ရက်တာ ကာလ အတွင်း ကန်ဒေါ်လာ သုည ဒသမ ၄၈၃ သန်း တန်ဖိုးရှိ ကောက်ညှင်းဆန် ၁၀၀၇ တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ မေလအတွင်းမှာ ကောက်ညှင်းဆန် ၁၆၁၃ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၇၇၄ သန်းဖိုး တင်ပို့ခဲ့တယ်လို့လည်း မူဆယ်ကုန်သွယ်ရေးဇုန်မှ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

# မြန်မာ့သရက်ကို လမ်းကြောင်းစုံဖြင့် ပိုမိုတင်ပို့

မြန်မာနိုင်ငံမှထွက်ရှိတဲ့ သစ်သီးများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့မှုရှိသလို ပင်လယ်ရေကြောင်းနဲ့ လေကြောင်းကို အသုံးပြုပြီး နိုင်ငံတကာသို့ တင်ပို့လျက်ရှိရာ ဇွန်လ ၆ ရက်မှ ၁၂ ရက်တာကာလအတွင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁ ဒသမ ၁၀၁ သန်းဖိုးရှိ သရက်သီး ၃၂၃၇ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်ကတော့ ၂၆၂၅ တန်သာ တင်ပို့နိုင်ခဲ့လို့ ၆၁၂ တန် ပိုမို လာတာတွေ့ရပါတယ်။တရုတ်နိုင်ငံသို့ သရက်သီးနဲ့ နာနတ်သီးတင်ပို့မှုများတဲ့ ရာသီဖြစ်တာကြောင့် သရက်သီးနဲ့အတူ နာနတ်သီး ၆၉၆ တန်ခွဲ(ကန်ဒေါ်လာ သုည ဒသမ ၀၄၁ သန်းဖိုး)ကိုလည်း ယခုတစ်ပတ်မှာ တင်ပို့ခဲ့ပါတယ်။ လတ်တလောတွင် မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်သို့ ၁ ရက်လျှင် သရက်သီးကားစီးရေ ၆၅-၈၅ ခန့်၊ နာနတ်သီးကား ၁၀-၁၅ ခန့် နေ့စဉ်ပျမ်းမျှဝင်ရောက်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

# ဇွန်လ ဒုတိယပတ် ကုန်သွယ်မှုပိုငွေပြ

ယခုဘဏ္ဍာနှစ် ဇွန်လ ၆ ရက်မှ ၁၂ ရက်ထိ ရက်သတ္တပတ်မှာ ပို့ကုန် ကန်ဒေါ်လာ ၄၀၃ ဒသမ ၇၅၈ သန်းနဲ့ သွင်းကုန် ကန်ဒေါ်လာ ၂၈၁ ဒသမ ၇၀၃ သန်းရှိသဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၆၈၅ ဒသမ ၅၄ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သဘာဝဓာတ်ငွေ့တင်ပို့မှု ပိုမိုသဖြင့် ကုန်သွယ်မှုပိုငွေရရှိခဲ့တယ်လို့သိရပါတယ်။ဒေါ်အပြင် ဒေါ်လာဈေးမြင့်တက်သွားတဲ့အတွက် သွင်းကုန်တင်သွင်းမှုပိုင်းမှာအနည်းငယ်ရပ်တန့်ခဲ့တာကြောင့် ကုန်သွယ်မှုပိုငွေပြခဲ့တာဖြစ်ပါတယ်။ဘဏ္ဍာနှစ်အစမှ ဇွန်လ ၁၂ ရက်အထိ ကုန်သွယ်မှု အခြေအနေကတော့ ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၁၀၃၃ ဒသမ ၅၄၇ သန်းရှိတယ်လို့သိရပါတယ်။ယမန်နှစ်ကာလတူနဲ့နှိုင်းယှဉ်ရာမှာလည်း ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၂၉၀ ဒသမ ၆၉၃ သန်း လျော့နည်းခဲ့ပါတယ်။

ဘဏ္ဍာနှစ်အစမှ ဇွန်လ ၁၂ ရက်နေ့အထိ ပို့ကုန်တင်ပို့နိုင်မှုနဲ့ ယမန်နှစ်ကာလတူတင်ပို့မှုကို နှိုင်းယှဉ်ပါက လယ်ယာထွက်ကုန်တင်ပို့မှု၌ ဆန်၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်း၊ ရော်ဘာစိမ်းတို့ ကာလတူထက် ပိုမိုတင်ပို့ခဲ့ပါတယ်။ စက်မှုကုန်ချောနဲ့ အခြားအုပ်စုတို့မှ တင်ပို့မှုလျော့နည်းခဲ့တဲ့အတွက် ယမန်နှစ်ကာလတူထက် ပို့ကုန် ၁၃၃ ဒသမ ၆၃၉ သန်း လျော့နည်းခဲ့တာဖြစ်ပါတယ်။

**MIRT**

# ခန့်မှန်းတန်ဖိုးကျပ် သိန်း ၉၉၀ ရှိ တရားမဝင်မော်တော်ယာဉ်ရှစ်စီးအား လရ-၂ အဖွဲ့က ဖမ်းဆီးရမိ

မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းတွင် တာဝန်ထမ်းဆောင်နေသော Mobile Team လရ-၂ အဖွဲ့သည် ဇွန်လ ၁၁ ရက်နဲ့ ၁၂ ရက်နေ့များမှာ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နဲ့ ယာဉ်များကို စစ်ဆေးရာ တရားဝင် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိတဲ့ ခန့်မှန်းတန်ဖိုးကျပ် သိန်း ၉၉၀ တန်ဖိုးရှိ ယာဉ် ရှစ်စီးကို သိမ်းဆည်းရမိခဲ့တဲ့အတွက် အသေးစိတ် စစ်ဆေးပြီး အကောက်ခွန် အမှုတွဲများ ဖွင့်လှစ်အရေးယူထားတယ်လို့ သတင်းရရှိပါတယ်။ ဇွန်လ ၁၁ ရက်နေ့ ၀၄:၀၀ နာရီမှ ဇွန်လ ၁၂ ရက် ၁၆:၀၀ ချိန်ထိ ၃၆ နာရီအတွင်း သိမ်းဆည်းရမိ တရားမဝင်ယာဉ်များမှာ -Toyotamark II နှစ်စီး၊ Honda Odyssey နှစ်စီး၊ Toyota Fortuner တစ်စီး၊ Toyota Hilux Surf (၁)စီး၊ Honda Fit တစ်စီးနဲ့ Honda CRV တစ်စီးတို့ ဖြစ်ကြပါတယ်။

**MIRT**

Vol: 15, No.23 Monday June 22 2015

# ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆုရ

## မုံရွာမြို့နယ်ရဲ့ ကျယ်ပြန့်ထွန်းကားလာမယ့်

## အသေးစားကုန်ထုတ်လုပ်ငန်းများ

|လှိုင်ထွန်းဦး-မုံရွာ|










ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့က နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ နိုင်ငံတော်သမ္မတရဲ့ ကဏ္ဍအလိုက် စွမ်းဆောင်ရည်ဆုများ ချီးမြှင့်ပွဲမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်ဟာ၊ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့တဲ့အတွက် မုံရွာသားတစ်ယောက် အနေနဲ့ ဂုဏ်ယူမိသလို ကဏ္ဍကြီး ၁၂ ရပ်ထဲက မြို့ပြဒေသ အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကို ဦးဆောင်ပါဝင်ခွင့်ရလို့ ဌာနအတွက် ဂုဏ်ယူမိခဲ့ရပါတယ်။

ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆုဆိုတာ ပုဂ္ဂလိကတစ်ဦးတစ်ဖွဲ့ကောင်းနဲ့ ရယူခြင်းမဟုတ်သလို စီးပွားရေး၊ လူမှုရေး၊ ကဏ္ဍတစ်ခုတည်းအောင်မြင်ရုံနဲ့ ရတဲ့ဆုမျိုးမဟုတ်ဘဲ ဒေသရှိလူမှုစီးပွားဘဝတွေ ဘက်စုံဖွံ့ဖြိုးနိုင်စေမယ့် ကဏ္ဍကြီး ၁၂ ရပ်လုံးကို ကျရာတာဝန်ကနေ တစ်မြို့နယ်လုံး စုရုံးပူးပေါင်းနိုင်မှ ရနိုင်တဲ့ဆုမျိုးဖြစ်လို့ ဂုဏ်ယူထိုက်တဲ့ဆုအဖြစ် ခံယူထားခြင်းဖြစ်ပါတယ်။

ဒီဆုအတွက် မြန်မာနိုင်ငံအတွင်းရှိပြည်နယ်၊ တိုင်းများက ၁၄ မြို့နဲ့ နေပြည်တော်က တစ်မြို့ စုစုပေါင်း ၁၅ မြို့ ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်တဲ့အတွက် တိုင်းဒေသအသီးသီး ကိုယ်စားပြုမြို့နယ်အားလုံးဟာ သတ်မှတ်စည်း မျဉ်းများအပေါ် စွမ်းဆောင်နိုင်မှုရလဒ်တွေနဲ့ ယှဉ်ပြိုင်ကြရပါတယ်။ မြို့နယ်တစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ကဏ္ဍကြီး ၁၂ ရပ်ရဲ့ စံရမှတ်နဲ့ တိုင်းတာခဲ့ကြပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ မြို့ပြအသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ အသေးစားချေးငွေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ သမဝါယမလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနဲ့ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးရာလုပ်ငန်းများ၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ စတဲ့ ကဏ္ဍ ၁၂ ရပ်အတွက် ပေးမှတ် ၁၄၅၀ သတ်မှတ်ထားခဲ့ရာ မုံရွာမြို့နယ်အနေနဲ့ အများဆုံးအမှတ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့အတွက် ခုလိုဆုမျိုးချီးမြှင့်ခံရခြင်း ဖြစ်ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနအနေနဲ့ မုံရွာမြို့နယ်မှာ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူထားရသလို စွမ်းဆောင်ရည်ဆုအတွက် ဒီကဏ္ဍကို ဦးဆောင်ကာ စက်မှုကြီးကြပ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီနဲ့ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနတွေနဲ့ပူးပေါင်းပြီး လိုအပ်တဲ့ အချက်အလက်တွေကို မှတ်တမ်းဓာတ်ပုံပြုစုကာ လာရောက်စစ်ဆေးတဲ့ အဖွဲ့တွေကိုမြို့နယ်အတွင်းရှိ လုပ်ငန်းတည်နေရာများအနှံ့ လိုက်လံရှင်းလင်းပြသခဲ့ပါတယ်။

မိမိတို့ အသေးစားအလတ်စား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ စွမ်းဆောင်ခဲ့မှုကို လေ့လာနိုင်ဖို့ အခုလို မျှဝေပေးချင်ပါတယ်။

### အသေးစားစက်မှုလက်မှုလုပ်ငန်းများ

မုံရွာမြို့နယ်အနေနဲ့ ဒေသပတ်ဝန်းကျင်မှ စိုက်ပျိုးရေးထွက်ကုန်များ စက်မှုကုန်ကြမ်းများကို ကုန်ချောအဖြစ် ပြုပြင် ထုတ်လုပ်ရာတွင် လုပ်ငန်းအောင်မြင်စေရန် စက်မှုဇုန်အဖြစ်တည်ဆောက်ပြီး ပြည်တွင်း၊ ပြည်ပ ပို့ကုန်များအဖြစ်ထုတ်လုပ်ကာ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများကို များစွာပွင့်လင်းစေနိုင်တာ အခုလိုတွေ့ရပါမယ်။

| စဉ် | လုပ်ငန်း အမျိုးအစား | ၂၀၁၀-၂၀၁၁ လုပ်ငန်း အရေအတွက် | ၂၀၁၄-၂၀၁၅ လုပ်ငန်း အရေအတွက် |
|---|---|---|---|
| ၁ | စားသောက်ရေးလုပ်ငန်း | ၇၂ | ၂၅၃ |
| ၂ | ဝတ်ဆင်ရေးလုပ်ငန်း | ၃၄ | ၉၇ |
| ၃ | လူသုံးကုန်ပစ္စည်းလုပ်ငန်း | ၁၀ | ၃၁ |
| ၄ | နေထိုင်ရေးလုပ်ငန်း | ၂၈ | ၇၇ |
| ၅ | အထွေထွေလုပ်ငန်းများ | ၁၉၃ | ၂၃၃ |
| | စုစုပေါင်း | ၃၃၇ | ၆၉၁ |

### မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ

မုံရွာမြို့နယ်မှာ လူဦးရေစုစုပေါင်း ၃ဒသမ၇ သိန်းကျော်ရှိတဲ့အနက် ကျေးလက်ဒေသတွေမှာ ၁ ဒသမ ၇ သိန်းခန့်နဲ့ မြို့ပြမှာ ၂ဒသမ ၁ သိန်းခန့်ရှိတဲ့အတွက် မြို့ပြအင်္ဂါရပ်နဲ့ညီအောင် စည်ပင်သာယာရေးလုပ်ငန်းများကို ခုလိုဆောင်ရွက်လျက်ရှိတာတွေ့ရပါတယ်။

| စဉ် | လုပ်ငန်း အမျိုးအစား | ၂၀၁၀-၂၀၁၁ လုပ်ငန်း အရေအတွက် | ၂၀၁၄-၂၀၁၅ လုပ်ငန်း အရေအတွက် |
|---|---|---|---|
| ၁ | ကုန်စုံဆိုင် | ၁၅၀ | ၂၀၅ |
| ၂ | အိမ်ဆိုင် | ၃၀၀ | ၄၀၅ |
| ၃ | စားသောက်ဆိုင် | ၅၀ | ၈၄ |
| ၄ | လက်ဘက်ရည်ဆိုင် | ၅၀ | ၉၁ |
| ၅ | စက်သုံးဆီဆိုင် | ၂ | ၁၈ |
| | စုစုပေါင်း | ၅၅၂ | ၈၀၃ |

### အိမ်တွင်းစက်မှုလက်မှုလက်ငန်းများ

မုံရွာမြို့အနေနဲ့ မြို့ပြအင်္ဂါရပ်နဲ့အညီ အိမ်တွင်စက်မှုလက်မှုလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာပြီး၊ ဒေသရှိပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းများနဲ့ တစ်ဦးချင်းဝင်ငွေကို တိုးတက်လာစေမယ့် အောက်ပါလုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်ဆောင်ရွက်လျက်ရှိတာ တွေ့ရပါတယ်။

| စဉ် | လုပ်ငန်း အမျိုးအစား | ၂၀၁၀-၂၀၁၁ လုပ်ငန်း အရေအတွက် | ၂၀၁၄-၂၀၁၅ လုပ်ငန်း အရေအတွက် |
|---|---|---|---|
| ၁ | စားသောက်ကုန်လုပ်ငန်းများ | ၅၀ | ၇၈ |
| ၂ | ဝတ်ဆင်ရေးလုပ်ငန်းများ | ၁၂၂ | ၂၂၀၅ |
| ၃ | နေထိုင်ရေးလုပ်ငန်းများ | ၁၅ | ၃၉ |
| ၄ | လူသုံးကုန်ဆောက်လုပ်ရေး လုပ်ငန်းများ | ၂၀ | ၄၆ |
| ၅ | အထွေထွေလုပ်ငန်းများ | ၅ | ၉ |
| | စုစုပေါင်း | ၂၁၂ | ၂၃၇၇ |

### ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးလုပ်ငန်းများ

မုံရွာမြို့နယ်နေနဲ့ ဒေသထွက်ကုန်ကြမ်းအမျိုးမျိုးကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်လျက်ရှိကြပြီး ထုတ်ကုန်ရှိရာ ဈေးကွက်ရောက်ရှိလာနိုင်ရေးအတွက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product) အဖြစ် တွင်ကျယ်စွာလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း များ ရရှိသဖြင့် လူမှုစီးပွားဘဝ အသီးသီးမြင့်မားလာနိုင်စေတာ တွေ့ရပါတယ်။

မုံရွာမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိကြတဲ့ OVOP လုပ်ငန်းများအနက် နည်းပညာဈေးကွက်နဲ့ အရင်းအနှီးစတဲ့ အင်္ဂါ သုံးရပ်နဲ့ ပြည့်စုံစွာဆောင်ရွက်လျက်ရှိတဲ့ အသေးစားကုန်ထုတ်လုပ်ငန်း တချို့ကို အခုလို ကွက်ကောက်မိတ်ဆက်လိုက်ပါတယ်။

| စဉ် | လုပ်ငန်း အမျိုးအစား | ၂၀၁၀-၂၀၁၁ လုပ်ငန်း အရေအတွက် | ၂၀၁၄-၂၀၁၅ လုပ်ငန်း အရေအတွက် |
|---|---|---|---|
| ၁ | စားသောက်ကုန်လုပ်ငန်းများ | ၆၈၁ | ၈၈၇ |
| ၂ | ဝတ်ဆင်ရေးလုပ်ငန်းများ | ၁၀၀၀ | ၂၀၀၀ |
| ၃ | OVOP လုပ်ငန်းများ | ၁၅၈ | ၃၉ |
| ၄ | အထွေလုပ်ငန်းများ | ၁၀၀ | ၃၀၀ |
| | စုစုပေါင်း | ၁၉၃၉ | ၃၄၃၀ |

## ပဲကြာဆံလုပ်ငန်း

မုံရွာမြို့နယ်မှာ ပဲကြာဆံစက်ရုံ ၃၈ ရုံရှိတဲ့အနက် မင်းရွာအုပ်စုမှာ ၁၄ ရုံရှိကာ မင်းရွာကျေးရွာတွင် ၈ ရုံ တည်ရှိပါတယ်။ စက်ရုံတစ်ရုံရဲ့ ရင်းနှီးမြှုပ်နှံမှုမှာ အနည်းဆုံး ကျပ်သိန်း ၅၀၀ ခန့်ရှိပြီး စက်ရုံတစ်ရုံလျှင် လုပ်သား ၃၀ ဦးမှ ၅၀ ဦးထိ အလုပ်အကိုင်ရရှိစေပါတယ်။ စက်ရုံမှထွက်ရှိတဲ့ ဘေးထွက်ပစ္စည်းပဲရည်၊ ပဲဖတ်များကို ဝက်၊ နွားစတဲ့ မွေးမြူရေးအစာအဖြစ် ဖြန့်ဖြူးပေးနိုင်သဖြင့် မင်းရွာနဲ့တကွ ပတ်ဝန်းကျင် ကျေးရွာများရှိ ပြည်သူများအတွက် အကျိုးရှိစေတာ တွေ့ရပါတယ်။

## မြေပဲဆားလှော်လုပ်ငန်း

မုံရွာမြို့နယ်၊ မအူကျေးရွာရဲ့ အဓိကထုတ်ကုန်တစ်မျိုးဖြစ်ကာ လက္ကားလုပ်ငန်းရှင် ၁၆ ဦးနဲ့ လက်လီလုပ်ကိုင်သူ ၁၀ ဦးရှိပါတယ်။ ပဲလှော်ဖိုတစ်ခုမှာ လုပ်သား ၁၀ ဦးမှ ၂၅ ဦးအထိရှိပြီး ထွက်ရှိတဲ့ မြေပဲဆားလှော်၊ပဲလှော်အမျိုးမျိုး စတဲ့ကုန်ချောများကို ရွာခံပြည်သူများက လက်လီဖြန့်ဖြူးရောင်းချခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိစေကာ ဒေသခံပြည်သူအတွက် ဝင်ငွေရရှိစတဲ့ OVOP လုပ်ငန်းတစ်မျိုးအဖြစ် နှစ်ပေါင်းများစွာရပ်တည် ခံစားရရှိနေတာ တွေ့ရပါတယ်။

## ဂွမ်းစောင်လုပ်ငန်း

မုံရွာမြို့နယ်၊ ကြေးမုံနဲ့ မုံရွေးကျေးရွာ နှစ်ရွာမှာ OVOP လုပ်ငန်းအဖြစ် ဂွမ်းကပ်စောင်ချုပ်လုပ်ငန်းဟာ ဈေးကွက်တွင်ကျယ်ပျံ့နှံ့လျက်ရှိတာတွေ့ရပါတယ်။ ဂွမ်းကပ်စောင်လုပ်ငန်းကို ကြေးမုံရွာက ၁၂ ဦး၊ မုံရွေးရွာက ၂၂ ဦး၊ ပေါင်း ၃၄ ဦးတို့က အဓိက လုပ်ကိုင်လျက်ရှိပြီး လုပ်ငန်းရှင်တစ်ဦးလျှင် အနည်းဆုံး လုပ်သား ၁၀ ဦးမှ ၃၀ ဦးရှိပြီး ကျေးရွာပြည်သူများအနေနဲ့ အားလပ်ချိန်များတွင်ပါ တစ်နိုင်တစ်ပိုင် လုပ်ကိုင်နိုင်ကြတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းနဲ့ တစ်ဦးချင်းဝင်ငွေကို အမှန်ဖြည့်ဆည်းပေးနိုင်တဲ့ လုပ်ငန်းအဖြစ် ရပ်တည်နေပါတယ်။ အဓိကကုန်ကြမ်းအဖြစ် အထည်ဖြတ်စများ၊ ကတ္တီပါစများကို လွယ်ကူစွာဝယ်ယူနိုင်ပြီး၊ ဂွမ်းကပ်စောင်ဆိုဒ်မျိုးစုံ၊ ခြင်ထောင်၊ ခေါင်းအုံးနဲ့ ဂွမ်းကပ်မွေ့ယာမျိုးစုံ၊ ကုန်ချောအဖြစ် ထုတ်လုပ်လျက်ရှိတာ တွေ့ရပါတယ်။ ဈေးကွက်အနေနဲ့ တမူး၊ ကလေး၊ ခန္တီးနဲ့ မြစ်ကြီးနား၊ မန္တလေး၊ မုံရွာမြို့တွေကို ဖြန့်ချိပါတယ်။

## ယွန်းထည်လုပ်ငန်း

မုံရွာမြို့နယ်၊ ကျောက္ကာမြောက်ရွာရဲ့ ခေတ်အဆက်ဆက်က ယွန်းပညာအမွေကို မပျောက်ပျက်ရအောင် ယနေ့အထိ ထိန်းသိမ်းဆောင်ရွက်ရင်း ဒေသရဲ့ ကိုယ်ပိုင်ဟန်အသွန်သဏ္ဍာန်နဲ့ ရပ်တည်အောင်မြင်မှုရှိနေတဲ့ ကျောက္ကာယွန်းလုပ်ငန်းဖြစ်ပါတယ်။ ကျောက္ကာယွန်းပညာ မပျောက်ကွယ်စေဖို့ ယွန်းထည်အစုအဖွဲ့ ဖွဲ့ပြီး လိုအပ်တဲ့ အရင်းအနှီးကို ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ရယူကာ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်နှင့် ချိတ်ဆက်အောင်မြင်မှုရှိလာတာတွေ့ရပါတယ်။ ယခင်က ရွာလုံးကျွတ်လုပ်ကိုင်ကြပေမယ့် ယခုအခါ ယွန်းလုပ်ငန်းရှင် ၂၂ ဦးနဲ့ ယွန်းလုပ်သား ၅၅ ဦးတို့က အရှိန်မပျက် ထုတ်လုပ်လျက်ရှိတာ တွေ့ရပါတယ်။

## ရက်ကန်းလုပ်ငန်း

မုံရွာမြို့နယ်ဟာ ရှေးယခင်က ရက်ကန်းမြို့တော်လို့ တင်စားရတဲ့အထိ တစ်မြို့နယ်လုံးနီးပါး ရက်ကန်းလုပ်ငန်းလုပ်ခဲ့ရာက လွန်ခဲ့တဲ့ ၁၀ နှစ်ခန့်ကတည်းက ဈေးကွက်ပျောက်ခဲ့ပြီး၊ ယခုတဖန် ဈေးကွက်ပြန်ရလာတဲ့အတွက် ကျေးလက်တော်တော်များများမှာ ရက်ကန်းသံတွေ ပြန်လည်နိုးထလာတာဖြစ်ပါတယ်။ မုံရွာမြို့နယ်ရဲ့ ရက်ကန်းအဓိက လုပ်ကိုင်ရာ ကျေးရွာ ၁၀ ရွာခန့်ရှိပြီး ကျောက်စစ်ပုံ(မြောက်) ကျေးရွာမှာ လူဦးရေ ၁၃၉၁ ဦးရှိတဲ့အနက် ရက်ကန်းလုပ်ကိုင်သူ ၁၂၄ ဦးရှိ ပြီး၊ ရက်ကန်းစင်ပေါင်း ၃၉၂ စင်ရှိကာ အိုက်ဇောထည်ခေါ် လုံချည်အဆင်အမျိုးမျိုးရက်လုပ်ပြီး ပြည်တွင်းပြည်ပကိုဖြန့်ချိလျက်ရှိရာ ဒေသခံပြည်သူတွေရဲ့ အလုပ်အကိုင်နဲ့ ဝင်ငွေကို အကောင်းဆုံးရှာဖွေပေးနိုင်တဲ့ OVOP လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နေတာ တွေ့ရပါတယ်။

နိုင်ငံတော်သမ္မတရဲ့ ၂၀၁၅ခုနှစ်၊ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆုကို မုံရွာမြို့နယ်က ထိုက်တန်စွာရရှိခြင်းမှာ တစ်ဦးကောင်းတစ်ယောက်ကောင်းကြောင့်မဟုတ်ဘဲ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှု ၊ မုံရွာခရိုင်နဲ့ မုံရွာမြို့နယ် စီမံခန့်ခွဲမှုကော်မတီရဲ့ ဦးဆောင်မှု၊ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီတွေရဲ့ ပံ့ပိုးမှု သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးနဲ့ ကော်မတီဝင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှုအသင်းအဖွဲ့များ အားလုံးပါဝင်ပူးပေါင်းပြီး မုံရွာမြို့ရဲ့ အတ္ထုပ္ပတ္တိကို စိတ်တူကိုယ်မျှ ရေးသားဖော်ဆောင်နိုင်ကြတဲ့အတွက်ဖြစ်သလို ကုန်သွယ်မှုမြှင့်တင်ရေးနဲ့ စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ အုပ်တစ်ချပ် သဲတစ်ပွင့်ပမာ ပါဝင်ခွင့်ရတဲ့အတွက် အနာဂတ်အသေးစားကုန်ထုတ်လုပ်ငန်းများ ယနေ့ထက် ပိုမိုထွန်းကား ကျယ်ပြန့်လာစေဖို့ ဆက်လက်ကြိုးစားဖို့အရေး ယခုဆုက. . . အားဆေးတစ်ခွက်ပါပဲ. . . လို့။

မြန်မာနိုင်ငံတွင် အကောင်းဆုံးသော ကျန်မာရေးဆိုင်ရာကုန်စည်ပြပွဲကြီး

MYANMAR PHAR-MED EXPO 2015

The 3rd International Exhibition and Conference on Pharmaceutical and Medical Industry for Myanmar

တတိယအကြိမ် မြန်မာ့ နိုင်ငံတကာ ဆေးဝါး နှင့် ဆေးပစ္စည်းဆိုင်ရာကုန်စည်ပြပွဲ နှင့်ဟောပြောပွဲအခမ်းအနား

9 - 11 July 2015

၉ရက်နေ့ မှ ၁၁ ရက်နေ့ ထိ၊ ၂၀၁၅

Myanmar Convention Center (MCC)
YANGON, MYANMAR

Daily Opens: 09:00am - 05:00pm (Free Entrance)
နေ့စဉ် - မနက်ကိုးနာရီ မှ ညနေ၅နာရီ
(ဝင်ကြေးအခမဲ့)

စီစဉ်သူ VEAS

တွဲဖက်ပူးပေါင်းစီစဉ်သူ

www.pharmed-myanmar.com
www.veas.com.vn

ပူးပေါင်းစီစဉ်သူများ

LAB 2015 MYANMAR
DENTAL MYANMAR 2015

လာရောက်လိုသူများ
ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါသည်။
(ဝင်ကြေး အခမဲ့)

**Tel:**
+95 1 377 854/
+95 1 240 677
**Mobile:**
+95 94 2002 5684
**Fax:**
+95 1 240 677
**Email:**
info@minhvi.com

### What's new for 2015/ ၂၀၁၅ ခုနှစ်အတွက် အသစ်အဆန်းများ

+ Meet healthcare professionals not only from Myanmar but from Southeast Asia, Europe, USA, Sri Lanka, Japan, China, Taiwan...

  မြန်မာနိုင်ငံသာမက အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြသော Europe, USA, Sri Lanka, Japan, China, Taiwan... အစရှိသော နိုင်ငံများ မှ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ နှင့်တွေ့ ဆုံခြင်း

+ Scientific Seminar Program: Innovations in Medical Devices, Medical Imaging System…

  သိပ္ပံနည်းပညာဆိုင်ရာဟောပြောပွဲများ ။ ။ ဆေးဝါးဆိုင်ရာ ကိရိယာများဆန်းသစ်တီထွင်ခြင်း နှင့် နည်းစနစ်များ အကြောင်း

+ Chances to win lucky prizes: Iphone 6, Ipad..

  ကံစမ်းမဲတွင်ရရှိနိုင်သော ဆုများ ။ ။ Iphone 6, Ipad…



Do not miss the opportunity to discuss and collaborate with decision makers, stakeholders, experts from Pharmaceuticals and Medical Industry

ဆေးဝါးဆိုင်ရာလုပ်ငန်းရှင်များ၊ ကျွမ်းကျင်သူများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ဆုံးဖြတ်ချက်ချနိုင်သူများ နှင့်တွေ့ ဆုံ နိုင် မည့်အခွင့်အရေးကို လက်မလွှတ်ပါနှင့်လူကြီးကြီးမင်းတို့ ။

ထောက်ပံ့ထားသူများ

မြန်မာနိုင်ငံဆေး နှင့် ဆေးပစ္စည်းကုန်သည်များ နှင့်လုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံလုပ်ငန်းရှင်များအသင်း

မီဒီယာ ကမကထပြုသူများ

Trade Winds, IndianMedical.in, IndianPharma.in, Proven Trade Contacts, INFOMEDIX, ICPC.biz, MEDICAL EVENTS Your Best Partner to Promote Your Events

# ငွေကြေးဖောင်းပွမှုပါဝင်သော ရန်ကုန်မတ်ပဲဈေးနှင့် ငွေကြေးဖောင်းပွမှုမပါဝင်သော ရန်ကုန်မတ်ပဲဈေး စိစစ်သုံးသပ်ချက်

ကျော်မြင့်

စိုက်ပျိုးရေးထွက်ကုန်ရောင်းဝယ်မှု စီးပွားရေးပညာရှင်များ (Agricultural marketing economists)များသည် ဥပမာ မတ်ပဲဈေး မြင့်လာသည်ဆိုပါက ထုတ်လုပ်မှုလျော့နည်း၍၊ အိန္ဒိယဝယ်လို အားသိသာစွာ မြင့်မားလာသည့်အတွက် မတ်ပဲဈေးမြင့်လာသည် လား၊ ဝယ်လိုအားပုံမှန်ရှိသော်လည်း ငွေကြေးဖောင်းပွမှုမြင့်လာလို့ ဈေးမြင့်လာသည်လား စသည်ဖြင့်ပြောဆို စိစစ်ကြပါသည်။ နိုင်ငံ၏ စီးပွားရေးတွင် ငွေကြေးဖောင်းပွမှုအတိုင်းအတာသည်လည်း အရေးပါသည့်အချက်ဖြစ်ပါသည်။

ရန်ကုန်ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်သော မတ်ပဲဈေးသည် ငွေကြေးဖောင်းပွမှု (Inflation) ပါဝင်သောဈေးများဖြစ်သဖြင့် ရောင်းဝယ်မှု စီးပွားရေးပညာရှင်များက (Nominal price) ဟု ခေါ်ဝေါ်ကြသည်။ ငွေကြေးဖောင်းပွမှု မပါဝင်သောဈေးကို (Real price) ဟုခေါ်ဝေါ်ကြသည်။ ငွေကြေးဖောင်းပွမှုမပါဝင်သော ဈေးကို စိစစ်သုံးသပ်သူများက စားသုံးသူများအညွှန်းကိန်း (Consumer price Index-CPI) အားအသုံးပြုပြီး ငွေကြေးဖောင်းပွမှု (Inflation) ကို တွက်ချက်ဖယ်ထုတ်ထားခြင်းဖြစ်ပါသည်။

### ငွေကြေးဖောင်းပွမှုပါဝင်သော ရန်ကုန်မှမတ်ပဲဈေးပြောင်းလဲမှု

မြန်မာနိုင်ငံမှ မတ်ပဲကို အိန္ဒိယနိုင်ငံ မွမ်ဘိုင်းသို့ တင်ပို့ ရောင်းချကြသည်။ရန်ကုန်မှ မတ်ပဲတင်ပို့ရောင်းချသူများသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်း၊ ချနိုင်းတွင်နေ့စဉ် အရောင်းအဝယ်ဖြစ်သော မြန်မာ့မတ်ပဲဈေး အပြောင်းအလဲကိုအခြေခံပြီး ရန်ကုန်ဈေးကွက်တွင်အရောင်းအဝယ်လုပ်ငန်းကို ဆုံးဖြတ်ဆောင်ရွက်ကြသည်။ သို့အတွက် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတွင် ဖြစ်ပေါ်သော မြန်မာ့မတ်ပဲဈေး ပြောင်းလဲမှု (price movement) နှင့် အလားတူ၊ ရန်ကုန်မတ်ပဲဈေးမှာလည်း အပြောင်းအလဲ (price movement)ဖြစ်ပေါ်ခဲ့သည်။ ပုံ-၁ နှင့် ပုံ-၂ကို ကြည့်ရှုရန်ဖြစ်ပါသည်။

ပုံ၁။ရန်ကုန်မတ်ပဲ (RC)လအလိုက်ပျှမ်းမျှဈေး (၂၀၀၈မှ၂၀၁၄)




ပုံ၂ ။မွမ်ဘိုင်းမှမြန်မာ့မတ်ပဲလအလိုက်ပျှမ်းမျှဈေး (၂၀၀၈မှ၂၀၁၄)




ဇာစ်မြစ်၊ www.etrademyanmar.com

မွမ်ဘိုင်းတွင်နေ့စဉ်ဖြစ်ပေါ်သော မြန်မာ့မတ်ပဲဈေး၊ ရန်ကုန်တွင်နေ့စဉ်ဖြစ်ပေါ်သော မတ်ပဲ (RC) ဈေးများကို လအလိုက်ပျမ်းမျှဈေးအဖြစ် ပြောင်းလဲတွက်ချက်ပါသည်။ ၂၀၀၈ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ၊ လအလိုက်မတ်ပဲပျမ်းမျှဈေး ပြောင်းလဲမှု( Price movement ) များကို အထက်ပါ ပုံ-၁ နှင့် ပုံ-၂တွင် ရေးဆွဲဖော်ပြထားပါသည်။ ၂၀၀၈ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ လအလိုက်မတ်ပဲပျမ်းမျှဈေးများသည် အတက်အကျများဖြစ်ပေါ်လျက်ရှိရာ၊ မည်သို့ဖြစ်ပေါ်သည်ကို သိသာပေါ်လွင်စေရန် (12-month moving average price) ကိုပါ ထည့်သွင်း ဖော်ပြထားပါသည်။

ပုံ၃။ မွမ်ဘိုင်းမှမြန်မာ့မတ်ပဲနှင့် ရန်ကုန်မတ်ပဲနှစ်အလိုက်ပျမ်းမျှဈေးနှိုင်းယှဉ်ချက် (၂၀၀၈ မှ ၂၀၁၄ ခုနှစ်ထိ)




ဇာစ်မြစ်၊ www.etrademyanmar.com

ငွေကြေးဖောင်းပွမှုပါဝင်သော နှစ်အလိုက်မတ်ပဲပျမ်းမျှဈေး အရ မွမ်ဘိုင်းနှင့် ရန်ကုန်တွင် ၂၀၁၀ ခုနှစ်သည် မတ်ပဲဈေးအမြင့်ဆုံး ဖြစ်ခဲ့ပြီး ၂၀၁၁ မှ ၂၀၁၂ ခုနှစ်ထိ ၂ နှစ်ဆက်တိုက် ရန်ကုန်မတ်ပဲဈေး ကျလာခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် မတ်ပဲဈေးအနည်းငယ်ပြန်မြင့်လာခဲ့သည်။ သို့သော် မွမ်ဘိုင်းတွင် မြန်မာ့မတ်ပဲဈေးသည် ၂၀၁၁ မှ ၂၀၁၃ ခုနှစ်ထိ ၃ နှစ်ဆက်တိုက် ဈေးကျသွားခဲ့သည်။ ပုံ-၃ တွင် မွမ်ဘိုင်းမှ မြန်မာ့မတ်ပဲနှင့် ရန်ကုန်မတ်ပဲနှစ်အလိုက် ပျမ်းမျှဈေးများကို နှိုင်းယှဉ်ဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

### စားသုံးသူများအညွှန်းကိန်း (Consumer price Index - CPI)

စားသုံးသူများအညွှန်းကိန်းကို မြန်မာနိုင်ငံတွင် (Central Statistical Organization-CSO) မှ ထုတ်ပြန်သည့် (SELECTED MONTHLY ECONOMIC INDICATORS) တွင် ရရှိနိုင်ပါသည်။

ပုံ-၄ ။ စားသုံးသူများအညွှန်းကိန်း (Consumer price Index)နှင့် ငွေကြေးဖောင်းပွမှု (Inflation) (၂၀၁၃ မှ ၂၀၁၄)




ဇာစ်မြစ်၊ **CSO, SELECTED MONTHLY ECONOMIC INDICATOR, January2015, September 2013, and September 2014**

| လအမည် | ၂၀၁၃ CPI | ၂၀၁၄ CPI | Inflation |
|---|---|---|---|
| ဇန် | ၁၇၀. ၈၆ | ၁၇၉. ၂၄ | ၄. ၉၀ |
| ဖေ | ၁၆၉. ၂၁ | ၁၇၉. ၄၂ | ၆. ၀၃ |
| မတ် | ၁၆၉. ၄၄ | ၁၈၀. ၀၄ | ၆. ၂၆ |
| ဧပြီ | ၁၇၁. ၄၂ | ၁၈၁. ၆၅ | ၅. ၉၇ |
| မေ | ၁၇၂. ၉၃ | ၁၈၃. ၄၅ | ၆. ၀၈ |
| ဇွန် | ၁၇၄. ၃၂ | ၁၈၄. ၇၁ | ၅. ၉၆ |
| ဇူလိုင် | ၁၇၆. ၂၇ | ၁၈၅. ၄၇ | ၅. ၂၂ |
| သြ | ၁၇၈. ၅၃ | ၁၈၅. ၉၈ | ၄. ၁၇ |
| စက် | ၁၇၈. ၉၂ | ၁၈၆. ၀၄ | ၃. ၉၈ |
| အောက် | ၁၇၉. ၄၇ | ၁၈၆. ၆၄ | ၄. ၀၀ |
| နို | ၁၈၀. ၀၈ | ၁၉၁. ၁၅ | ၆. ၁၅ |
| ဒီ | ၁၇၉. ၇၆ | ၁၉၂. ၄၅ | ၇. ၀၆ |

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ စားသုံးသူများအညွှန်းကိန်းသည် ၁၉၂ ဒသမ ၄၅ ဖြစ်ပြီး၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလစားသုံးသူများ အညွှန်းကိန်းသည် ၁၇၉ ဒသမ ၇၆ ဖြစ်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ နှစ်လ နှိုင်းယှဉ်ပါက ငွေဖောင်းပွမှု ရာခိုင်နှုန်းသည် ၇ ဒသမ ၀၆ ဖြစ်သည်။

{( 192.45-179.76)/179.76=0.0705 X 100}=7.06

### ငွေကြေးဖောင်းပွမှုမပါဝင်သော ရန်ကုန်မှ မတ်ပဲဈေးပြောင်းလဲမှု

ငွေကြေးဖောင်းပွမှုပါဝင်သော ရန်ကုန်မတ်ပဲလအလိုက်ပျမ်းမျှဈေးကို လအလိုက် (Consumer Price Index-CPI)များဖြင့် ငွေကြေးဖောင်းပွမှု မပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Real price) ရရှိရန် တွက်ချက်ပါသည်။ (Consumer Price Index) လအလိုက်ပြောင်းလဲမှုကို ၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အခြေအနေကို ပုံ-၅ တွင် ဖော်ပြထားပါသည်။

ပုံ-၅။ စားသုံးသူများ အညွှန်းကိန်း (Consumer Price Index) (၂၀၀၈ မှ ၂၀၁၄)




၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် (Consumer Price Index) သည် ၁၃၅ ဒသမ ၃၆ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ၁၉၂ ဒသမ ၄၅ ထိဖြစ်လာသည်။ ၂၀၀၈ ခုနှစ်တွင် ငွေကြေးဖောင်းပွမှု ပါဝင်သော ရန်ကုန် မတ်ပဲလအလိုက်ပျမ်းမျှ ဈေးနှင့် ငွေကြေးဖောင်းပွမှုမပါဝင်သော ရန်ကုန် မတ်ပဲလအလိုက် ပျမ်းမျှဈေး ကွာခြားချက်ကျဉ်းမြောင်းသော်လည်း ၂၀၁၃- ၂၀၁၄ ခုနှစ်များတွင် ကွာခြားချက် များပြားလာခဲ့သည်။ ပုံ-၆ ကိုလေ့လာကြည့်ရှုရန် ဖြစ်ပါသည်။ ငွေကြေးဖောင်းပွမှု များလာသောကြောင့်ဖြစ်သည်။

Real price(current year)= CPI (base year)/CPI(current year) X Nominal price (current year) ဖြင့် တွက်ချက်ပါသည်။

ပုံ-၆။ ငွေကြေးဖောင်းပွမှုပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး(Nominal price)နှင့် ငွေကြေးဖောင်းပွမှုမပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Real price) လအလိုက်နှိုင်းယှဉ်ချက် (၂၀၀၈ မှ ၂၀၁၄ ထိ)




ပုံ-၇။ ငွေကြေးဖောင်းပွမှုပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Nominal price) နှင့် ငွေကြေးဖောင်းပွမှုမပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Real price) နှစ်အလိုက်နှိုင်းယှဉ်ချက် (၂၀၀၈ မှ ၂၀၁၄ ထိ)




ဇာစ်မြစ်၊ www.etrademyanmar.com

ဆက်လက်ဖော်ပြပါမည်

# ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး



ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင်ဇွန်လ ၁၅ ရက်နေ့က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းနှင့် စားသုံးသူအသိပညာပေး သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန စားသုံးသူရေးရာဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးကျော်ဆန်းဝင်းက ဟောပြောဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ မတ် ၁၄ ရက်၌ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀ ဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့ညပီးဖြစ်ကြောင်း၊ ၎င်းဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန်နှင့် စားသုံးသူများကို အပြည့်အဝအကာအကွယ်ပေးနိုင်ရန် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီအဖွဲ့ကို ၂၀၁၄ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိစားသုံးသူများ နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်မြင့် ကဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရက ၂၀၁၄ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ၎င်းအဖွဲ့၏ လက်အောက်တွင် စားသုံးသူများတိုင်ကြားမှုကို လက်ခံဆောင်ရွက်ပေးရန်အတွက် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၁ ဦးဖြင့် လည်းကောင်း၊ ပြည်တွင်း/ပြည်ပမှ ကုန်ပစ္စည်းများလုံခြုံစိတ်ချမှုရှိစေရန် စစ်ဆေးခြင်းနှင့် စားသုံးသူ/သုံးစွဲသူများ ဘေးကင်းလုံခြုံစေရန်အတွက် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၁ ဦးဖြင့်လည်းကောင်း၊ ၂၀၁၅ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေတွင် ပါရှိသည့် စားသုံးသူများ၏ အခွင့်အရေးကို ရယူနိုင်သကဲ့သို့တာဝန်များကိုလည်း လိုက်နာရန်လိုအပ်ကြောင်း၊ ထုတ်လုပ်ရောင်းချသူစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ တာဝန်နှင့် တားမြစ်ချက်များကို လိုက်နာရန် လိုအပ်ကြောင်း ဥပဒေပါပြစ်မှုပြစ်ဒဏ်များအကြောင်းနှင့် စားသုံးသူရေးရာဌာန၏ လုပ်ငန်းဆောင်ရွက်နေမှု၊ တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းပြော ကြားခဲ့ပါသည်။

ထို့နောက်အစားအသောက် ကုန်ပစ္စည်းများတွင် ပါဝင်ရမည့် အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်းအမျိုးအစား၊ ထုတ်လုပ်သည့်ရက်စွဲ နောက်ဆုံးသုံးစွဲရမည့်ရက်စွဲ၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်၊ ထုတ်လုပ်သည့်အမည်နှင့် လိပ်စာစသည့် ပါဝင်ရမည့် အချက်များအား ရှင်းလင်းပြောကြားပြီး အစားအသောက်များတွင် ဓာတုဆိုးဆေးများ၏ အန္တရာယ်ဆိုးကျိုးများအကြောင်း၊ အရက်ဘီယာ၊ ဆေးလိပ်၊ ကွမ်းယာတို့သည် လူကိုစွဲလမ်းစေသော ဓာတုပစ္စည်းများပါဝင်နေပြီး အသက်အန္တရာယ်နှင့် ကင်ဆာရောဂါဖြစ်စေတတ်ကြောင်းကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များအား လောဘရမ္မက်တက်ပြီး ကိုယ်ကျိုးစီးပွားကိုပဲကြည့်၍ မလုပ်ကိုင်သင့်ကြောင်း၊ ဓာတုဆိုးဆေးများ ပါဝင်နေသော အစားအစာများ၊ သုံးစွဲရန်မသင့်သော လူသုံးကုန်ပစ္စည်းများသည် ဈေးကွက်တွင် များပြားနေခြင်းကြောင့် အစားအသောက်များအား ရွေးချယ် စားသုံး/သုံးစွဲကြရန် လိုအပ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းသည် တစ်ဦးတစ်ယောက်တည်း အဖွဲ့တစ်ဖွဲ့တည်း လုပ်ယူကာကွယ်၍ မအောင်မြင်ကြောင်းနိုင်ငံတော်အစိုးရ၊ စားသုံးသူပြည်သူ၊ ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသူအားလုံး ပူးပေါင်းပါဝင်မှသာ ဒီစားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းကြီး အောင်မြင်မှာဖြစ်ကြောင်းပြောကြားဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ကဝမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်းအင်အား ၁၅၇ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား စားသုံးသူအကာအကွယ်ပေးရေးသိကောင်းစရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဆန်းဝင်း၊**
**ပဲခူးစားသုံးသူရေးရာ**

# ဖိလစ်ပိုင်နိုင်ငံကုန်သွယ်မှုနှင့်စက်မှုဌာန နှင့် အမျိုးသားဆက်သွယ်ရေးကော်မရှင်တို့ စားသုံးသူကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်လက်မှတ်ရေးထိုး

ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာနမှဒုတိယကုန်သွယ်ရေးဝန်ကြီးဖြစ်သူ Victorio Mario Dimagiba နှင့် အမျိုးသားဆက်သွယ်ရေးကော်မရှင်မှ ကော်မရှင်နာ Gamaliel Cordoba တို့သည် ဆက်သွယ်ရေး ကဏ္ဍတွင် စားသုံးသူများကို ခိုင်မာစွာ အကာအကွယ်ပေးနိုင်ရန်အတွက် သဘောတူညီချက်စာချွန်လွှာကို ၂၀၁၅ ခုနှစ် မေလအတွင်း လက်မှတ်ရေးထိုးခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာနမှ ဇွန် ၆ ရက်က ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ သဘောတူညီချက်စာချွန်လွှာတွင် ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာနနှင့် အမျိုးသားဆက်သွယ်ရေးကော်မရှင်တို့အနေဖြင့် ဆက်သွယ်ရေးကဏ္ဍ အပါအဝင် စားသုံးသူများအားလိမ်လည်၍ တရားမျှတမှုမရှိသောအပြုအမူများမှ အကာအကွယ်ပေးနိုင်ရန် နှစ်ဖက်အဖွဲ့အစည်းတို့ လိုက်နာရမည့်တာဝန်များကို ထည့်သွင်းဖော်ပြထားပါသည်။

ဖိလစ်ပိုင်နိုင်ငံစားသုံးသူအက်ဥပဒေတွင် ပြဋ္ဌာန်းထားချက်အရ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာနသည် စားသုံးသူများအား လိမ်လည်၍ တရားမျှတမှုမရှိသော၊ ကျိုးကြောင်းဆီလျော်မှုမရှိသော ကုန်စည်များရောင်းချသည့် အလေ့အထများနှင့် အပြုအမူများမှ ကာကွယ်ပေးသွားမည်ဖြစ်ပြီး စားသုံးသူများ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမည် ဖြစ်ပါသည်။ ပြည်သူ့ဆက်သွယ်ရေး မူဝါဒအက်ဥပဒေအရ အမျိုးသား ဆက်သွယ်ရေးကော်မရှင်သည် နိုင်ငံအတွင်းရှိ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးမြင့်မားမှု၊ လုံခြုံစိတ်ချရမှု၊ ယှဉ်ပြိုင်နိုင်မှုနှင့် လုပ်ငန်းများ လည်ပတ်နိုင်မှုတို့အတွက် တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

နားလည်မှုစာချွန်လွှာအရ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာနသည် အာမခံပေးမှုများ၊ သွေးဆောင်ဖြားယောင်းသောကြော်ငြာများ၊ အပြစ်အနာအဆာပါရှိသောထုတ်ကုန်များ၊ မှန်ကန်မှုမရှိသော အရောင်းမြှင့်တင်ရေးလုပ်ငန်းများ၊ လိမ်လည်သော ရောင်းချမှုအလေ့အထများနှင့်စပ်လျဉ်းသည့် တိုင်တန်းမှုများကို ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ အခြားတစ်ဖက်တွင် အမျိုးသား ဆက်သွယ်ရေးကော်မရှင်အနေဖြင့်မူ နည်းပညာနှင့် စားသုံးသူဝန်ဆောင်မှု လုပ်ငန်းများ၏ အရည်အသွေးညံ့ဖျင်းမှု၊ ငွေပေးချေသည့်ကိစ္စရပ်များ (အပါအဝင် တယ်လီဖုန်းဆက်သွယ်ပြောဆိုရာတွင် မကျေနပ်သူများ၊ မနစ်မြို့စရာ ကိစ္စရပ်များ) စသည်တို့နှင့် စပ်လျဉ်းသည့် တိုင်တန်းမှုများကို ဖြေရှင်းပေးရန် တာဝန်ယူဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

ယင်းကဲ့သို့ သဘောတူညီချက်စာချွန်လွှာတွင် နှစ်ဖက်အဖွဲ့အစည်းများ၏ တာဝန်များ သတ်မှတ်ရခြင်းမှာ ဆက်သွယ်ရေးကုမ္ပဏီများနှင့် စပ်လျဉ်းသည့်တိုင်တန်းမှုများကို ပိုမိုကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းပေးရန်နှင့် ရှုပ်ထွေးမှုမဖြစ်ပေါ်စေရန်တို့အတွက် ဖြစ်ပါသည်။ စားသုံးသူများ၏ အခွင့်အရေးများနှင့် အခြားဆက်နွယ်သည့် အကြောင်းအရာများကို သိရှိလိုပါက ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော www.dti.gov.ph တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် စားသုံးသူများအနေဖြင့် တိုင်တန်းလိုပါက ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာနသို့ လည်းကောင်း၊ ဖုန်းနံပါတ် ၇၅၁၃၃၃၀ သို့လည်းကောင်း တိုင်တန်းနိုင်ကြောင်းနှင့် အမျိုးသားဆက်သွယ်ရေးကော်မရှင်သို့ တိုင်တန်းလိုပါက စားသုံး သူများအနေဖြင့် ကော်မရှင်၏ ဝက်ဘ်ဆိုက်ဖြစ်သော www.ntc.gov.ph သို့ လည်းကောင်း ဝင်ရောက်တိုင်တန်းနိုင်ကြောင်း သိရှိရပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာ**

# တနင်္သာရီတိုင်းဒေသကြီး ၊ ထားဝယ်မြို့ပေါ်ရှိ စည်ပင်ဈေးများတွင် စားသုံးသူအကာအကွယ်ပေးရေးကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့ပေါ်ရှိကမ်းနားဈေးတွင် ဇွန်လ ၁၃ ရက်နေ့က ကုန်သွယ်မှုမြှင့် တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စည်သာယာရေး အဖွဲ့တို့ ပူးပေါင်း၍ သားငါး၊သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များတွင် ပိုးသတ်ဆေးနှင့်ဓာတုဆိုးဆေးများ သုံးစွဲထားခြင်းရှိမရှိ လိုက်လံစစ်ဆေးခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ပညာပေးဗဟုသုတနဲ့ စားသုံးရန်မသင့်သည့် အသီးအနှံများအား ဘေးဥပဒ်ကင်းရှင်းစွာ ရောင်းချဆောင်ရွက်ကြရန် စည်းရုံးဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါဈေးအတွင်း သားငါးဆိုင် ၃၅ ဆိုင်၊ ငါးပိငါးခြောက် ငါးဆိုင်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဆိုင်တန်းများအား လှည့်လည်စစ်ဆေးအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။



ကျော်စွာဝင်း(ထားဝယ်)

# Multi-Products Secure Track & Trace Solution
# အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်တွင် ကျင်းပ




၂၀၁၅ ခုနှစ် ဇွန်လ ၁၅ ရက်နေ့၌ နေပြည်တော်၊ ရတနာသိင်္ဃ်ဟိုတယ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနသည် SICPA (Company for Industrialisation and Commercialization of Agricultural Products) ၏အထောက်အပံ့ဖြင့် Multi-Products Secure Track & Trace Solution နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံအတွင်း ထုတ်ကုန်မျိုးစုံ အာမခံချက်ရှိသောလမ်းကြောင်းနှင့် တရားမဝင်လမ်းကြောင်း ကောက်ကြောင်းလိုက်သော ဖြေရှင်းနည်းကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်အတွက် အဓိကရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲကို ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က အဖွင့်အမှာစကား ပြောကြား ဖွင့်လှစ်ပေးခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ လွှတ်တော်မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် SICPA မှ တာဝန်ရှိသူများက နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးနှင့် ထုတ်ကုန်များ ကောက်ကြောင်းလိုက်ရာတွင် လွယ်ကူစေရန်ဆောင်ရွက်ထားရှိမှုများ၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းသွားခြင်း၊ နိုင်ငံ၏အခွန်ဝင်ငွေများ တိုးတက်ခြင်း၊ စားသုံးသူများအတွက် အကျိုးကျေးဇူးများဖြစ်ထွန်းရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်တိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများရရှိပုံ၊ နိုင်ငံများ၏အစိုးရများမှ ဉာဏပစ္စည်းမူပိုင်ခွင့် အပါအဝင် တံဆိပ်အမှတ်အသားများနှင့် စပ်လျဉ်းသည့် ဥပဒေများနှင့်စည်းမျဉ်း များချမှတ်ခြင်း၊ ဥပဒေတွန်းအားပေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ရောင်းချမှုကွင်းဆက် တစ်လျှောက် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဖြစ်စေရန် ထိန်းသိမ်းစောင့် ကြည့်ခြင်းနှင့်စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ အလေးဂရုပြုမှုတိုးတက်စေရန် ဆောင်ရွက်နေမှုများ၊ SICPA မှလည်း ကမ္ဘာ့နိုင်ငံများတွင်ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးနှင့် ကောက်ကြောင်းလိုက်နိုင်ရေးတို့အတွက်ဆောင်ရွက်ပေးနေမှုများ၊ စားသုံးသူများမှ လည်းအစိုးရဌာနများအား ကူညီဆောင်ရွက်ခြင်း၊ သတင်းပေးပို့ခြင်း၊ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်နေမှုများစသည့် နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော အလေ့အထကောင်းများကို ဆွေးနွေးပြောကြားခဲ့ကြပါသည်။ တက်ရောက်လာကြသူများကလည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုလုပ်ငန်းနှင့် ကောက်ကြောင်းလိုက်လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများ၊ အခြားနိုင်ငံများတွင် ထုတ်ကုန်ကောက်ကြောင်းလိုက်လုပ်ငန်းများ ဆောင်ရွက်မှု၊ မြန်မာနိုင်ငံတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ကောက်ကြောင်းလိုက်မှုဆိုင်ရာဆောင်ရွက်နေသောလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးပြောကြားခဲ့ပါသည်။

**မျိုးမျိုးထိုက်၊**
**စားသုံးသူရေးရာ**

## ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် စာသင်ကျောင်း မုန့်ဈေးတန်းအစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး မြေပြင်ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့တွင် စာသင်ကျောင်းမုန့်ဈေးတန်းများရှိ အစားအသောက်များအား နေ့စဉ်စားသုံးနေကြသော ကျောင်းသား/ကျောင်းသူများ၏ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရေးအား ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးစိုးငြိမ်းနှင့် ဦးစီးအရာရှိ ဦးငွေမြင့်တို့ ဦးဆောင်၍ စားသုံးသူရေးရာဌာနခွဲနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှု ဆိုင်ရာဌာနခွဲမှဝန်ထမ်းများ၊ ပြည်ခရိုင် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများပါဝင်၍ဇွန်လ ၁၆ ရက်နေ့က ပြည်မြို့ အထက(၁) ကျောင်းရှိ မုန့်ဈေးဆိုင် ၂၈ ဆိုင်အားလည်းကောင်း၊ ဇွန်လ ၁၈ ရက်နေ့တွင် ပြည်မြို့ပေါ်ရှိ အထက (၅) ကျောင်းတွင် ရောင်းချသော မုန့်ဈေးဆိုင် ၂၄ ဆိုင်အားလည်းကောင်းသွားရောက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော တားမြစ်ဓာတုဆိုးဆေးများပါဝင်သော အစားအသောက်များ ရောင်းချမှုရှိ/မရှိ ရက်လွန်အစားအသောက်များ ရောင်းချမှုမရှိစေရေးနှင့် အကင်များ၊ လက်သုတ်စုံများ ရောင်းချရာတွင် သန့်ရှင်းမှုရှိစေရေးတို့အား စစ်ဆေးဆောင်ရွက်ခြင်းနှင့် ဆိုင်ရှင်များအား အသိပညာပေး ပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**နိုင်လင်းထွန်း၊ စားသုံးသူရေးရာ**

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး



ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းသောအစားအစာများ ရွေးချယ်ဝယ်ယူစားသုံးတတ်စေရန်၊ နိုင်ငံတော်မှ ချမှတ်ထားသည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ပတ်သက်သည့်အသိပညာ ဗဟုသုတများရရှိစေရန်အတွက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်းတို့နှင့်ပူးပေါင်း၍ ဇွန်လ ၁၆ ရက်နေ့ နံနက် ၁၁း၁၅ နာရီတွင် အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းမုန့်ဈေးတန်းကို ကြည့်ရှုစစ်ဆေး အသိပညာပေးခြင်းနှင့် အောင်ဆန်းခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများသည် ကျောင်းကျန်းမာရေး တာဝန်ခံဆရာမနှင့်အတူ ကျောင်းမုန့်ဈေးတန်းအတွင်း ရောင်းချလျက်ရှိသည့် စားသောက်ဆိုင်များအား လှည့်လည်ကြည့်ရှု၍ အစားအစာများအား သန့်ရှင်းစွာရောင်းချရေး၊ သုံးစွဲသည့်ပန်းကန်များအား သန့်ရှင်း စင်ကြယ်စွာ ဆေးကြောရောင်းချရေး၊ လတ်ဆတ်သည့်စားသောက်ကုန်များရောင်းချရေး၊ သုံးစွဲရမည့်ရက်စွဲ ကျော်လွန်နေသော စားသောက်ကုန်များကို မရောင်းချရေးနှင့် စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်သည့် ဗဟုသုတများကို အသိပညာပေးဆွေးနွေးမှာကြားခဲ့ပါသည်။

ဆက်လက်၍ အောင်ဆန်းခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပရာ အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်သန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင်ပါရှိသည့် စားသုံးသူ၏ အဓိပ္ပာယ်၊ စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်၊ စားသုံးသူများ၏ဆုံးရှုံးမှု၊ နစ်နာမှုများဖြစ်လျှင်ဖြေရှင်းဆောင်ရွက် ပေးမည့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်းပြီးခဲ့သည့် အခြေအနေများ၊ ကျောင်းသား/ကျောင်းသူများအနေဖြင့် အစားအစာများဝယ်ယူစားသုံးရာတွင် ရွေးချယ်စားသုံးရမည့် အချက်များ၊ လိုက်နာရမည့်အချက်များနှင့် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချသူများအနေဖြင့်လည်း ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသည့် စားသောက်ကုန်များနှင့် သန့်ရှင်းလတ်ဆတ်သည့်အစားအစာများကိုသာ ရောင်းချရန်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ရွှေစင်လှိုင်က အစားအစာများတွင် ပါဝင်သည့် အဏုဇီဝနှင့် ဓာတုပစ္စည်းများကြောင့် တွေ့ကြုံလာရမည့် ဘေးဥပဒ်အန္တရာယ်ဖြစ်ပေါ်နိုင်မှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း အတွင်းရေးမှူး ဦးကိုကိုနိုင်က သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်း၍ အစားအစာများစားသုံးရာတွင် ဘေးဥပဒ် အန္တရာယ်မဖြစ်ရအောင် အခြေခံပညာကျောင်းများ၊ ဈေးများ၊ မြို့နယ်များ၊ ကုန်ပစ္စည်းထုတ်လုပ်သည့် စက်မှုဇုန်များတို့တွင် အသိပညာပေးမှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့်ဆောင်ရွက်ခဲ့သည့် အခြေအနေများကိုလည်းကောင်း အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်း ၊ အထက (၄) အလုံမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းမုန့်ဈေးတန်းတွင် ဈေးရောင်းချသည့်ဈေးသည်များ၊ ကျောင်းသား/ကျောင်းသူ ၃၅၀ ဦး၊ စုစုပေါင်း ၄၁၂ ဦးတက်ရောက် ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်သီ (စားသုံးသူ) ရန်ကုန်**




## Anthem Asia ကုမ္ပဏီ၏နိုင်ငံတကာ အဆင့်မီအားကစားနှင့် ကျန်းမာရေးစင်တာ MOVE Myanmar ကို ရန်ကုန်မြို့တွင် ဇူလိုင်လအတွင်း ဖွင့်လှစ်မည်

Anthem Asia ကုမ္ပဏီ၏ MOVE Myanmar အမည်ရှိ နိုင်ငံတကာ အဆင့်မီအားကစားနှင့် ကျန်းမာရေးစင်တာကို ရန်ကုန်မြို့လယ်တွင် ဇူလိုင်လအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျန်းမာရေးစင်တာကို ပိုမိုကျန်းမာသန်စွမ်းလိုသူ မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများအားလုံးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

MOVE Myamar သည် အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသော အားကစားပစ္စည်းများနှင့် ကိုယ်ပိုင်စိတ်ကြိုက်လှုပ်ရှားမှုပြုလုပ်လိုသည့်သူများအတွက် လိုအပ်သည့်စနစ်များကိုလည်း ထည့်သွင်းစီစဉ်ပေးထားမည် ဖြစ်သည်။

"MOVE ရဲ့ နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဆိုင်ရာစက်ကိရိယာတွေက အထူး ပြင်းပြင်းထန်ထန်လေ့ကျင့်လိုတဲ့ အားကစားသမားတွေ၊ အပြင်းအထန်လေ့ကျင့်စရာမလိုဘဲ ခန္ဓာကိုယ်အရွယ် အစားထိန်းသိမ်းပြီး ဘဝကို ပျော်ရွှင်စွာနေထိုင်လိုသူတွေနဲ့ အားကစားနဲ့ ကိုယ်ကာယလေ့ကျင့်မှုကို စိတ်ဝင်စားသူတွေအတွက် အကောင်းဆုံး စီမံဖန်တီးထားတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အကောင်းဆုံးအစီအစဉ်တွေကို ယူဆောင်လာပေးမှာပါ"ဟုMOVE Myanmar၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ Nathaniel Anumba က ပြော ကြားခဲ့သည်။

"ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က MOVE ကို အိမ်နဲ့အလုပ်ခွင်ကြားက တတိယနေရာလေးဖြစ်လာအောင် ဖန်တီးပေးဖို့ပါ။ ကျွန်တော်တို့နေရာလေးမှာ အဖွဲ့ဝင်တွေလာရောက်ပြီး ကျန်းမာသန်စွမ်းအောင် ကြိုးစားကြတဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ အကောင်းဆုံးကူညီပံ့ပိုးမှုတွေ ပြုလုပ်ပေးသွားမှာပါ။ အဖွဲ့ဝင်တွေရဲ့ လိုအပ်ချက်တွေပေါ်မူတည်ပြီး နောက်ဆုံးပေါ်နည်းပညာတွေ အသုံးချရင်း အကောင်းဆုံးဝန်ဆောင်မှုတွေကို ပေးအပ်သွားမှာပါ"ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

Anthem အနေဖြင့် MOVE Myanmar နိုင်ငံတကာအဆင့်မီ အား ကစားနှင့် ကျန်းမာရေးစင်တာကိုဖွင့်လှစ်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ တစ်သန်းနှင့်အထက် ရင်းနှီးမြှုပ်နှံမှုပြုထားကြောင်း သိရသည်။

MOVE Myanmar နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစင်တာကို အမှတ် ၆၀၈ ကုန်သည်လမ်းတွင်ဖွင့်လှစ်မည်ဖြစ်ပြီး တခြားအားကစားစင်တာများနှင့်မတူညီသည့်ဝန်ဆောင်မှုများကို ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၀၉) | ယာယီ | ၁၀၈ သိန်း | ၁.၅ ဓာတ်ဆီ |
| ၂။ | ဗီလ်ဒါ (၂၀၁၀) | ယာယီ | ၁၆၇ သိန်း | ၁.၅ ဓာတ်ဆီ |
| ၃။ | ကလူဂျာ (၂၀၀၂) | ယာယီ | ၂၃၀ သိန်း | ၂.၄ ဓာတ်ဆီ |
| ၄။ | ဝစ်ရှ် (၂၀၀၃) | ယာယီ | ၁၅၈ သိန်း | ၁.၈ ဓာတ်ဆီ |
| ၅။ | ဘယ်လ်တာ (၂၀၀၉) | ယာယီ | ၁၂၅ သိန်း | ၁.၅ ဓာတ်ဆီ |
| ၆။ | ဒီမီယို (၂၀၀၉) | ယာယီ | ၉၅ သိန်း | ၁.၅ ဓာတ်ဆီ |
| ၇။ | တိုယိုတာ BB (၂၀၀၉) | 9H | ၉၀ သိန်း | ၁.၅ ဓာတ်ဆီ |
| ၈။ | ဒီအာဗီ (၂၀၀၁) | 5E | ၁၃၅ သိန်း | ၁.၈ ဓာတ်ဆီ |
| ၉။ | အယ်ဖတ် (၂၀၀၃) | ယာယီ | ၂၃၀ သိန်း | ၂.၄ ဓာတ်ဆီ |

SN

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | တာမွေ၊ နတ်ချောင်း | ၇၅၀ စ/ပေ | အခန်းဖွဲ့ (၃ လွှာ) | ၅၅၀ သိန်း | | ၀၉/၂၅၃/၈၂၈၂၀၂ |
| ၂။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | (၇) လွှာ | ၁၄၀၀ သိန်း | ကြိုပွဲင့် ၇၀%ပြီးစီး | ၇၀၂၄၀၅ |
| ၃။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း | ၆၅၀ စ/ပေ | (၃) လွှာ | ၂ သိန်း | ၁ လအငှားနှုန်း | ၇၀၂၄၀၅ |
| ၄။ | မြေ | မင်္ဂလာဒုံမြို့နယ်၊ ဉယျာဉ်အိမ်ရာ | ၁၀၀၀၀ စ/ပေ | မြေသီးသန့် | ၃၀၀၀ သိန်း | | ၇၀၂၄၀၅ |
| ၅။ | မြေ | ဒဂုံ(မြောက်)မြို့နယ်၊ (၄၄) ရပ်ကွက် | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၉၈၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | ၁၅၀၀ စ/ပေ | BN (၁) ထပ် | ၂၆၀၀ သိန်း | မြေပိုပါ၊ အသင့်နေ | ၀၁/၅၆၃၀၇၀ |
| ၇။ | မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက် | ၁၅၀၀ စ/ပေ | အိမ်အသင့်အတင့် | ၁၈၀၀ သိန်း | | ၀၁/၅၆၃၀၇၀ |
| ၈။ | တိုက်ခန်း | ဗိုလ်တထောင်မြို့နယ်၊ဘော်မဆင်ရိပ်သာ | ၇၅၀ စ/ပေ | (၆) လွှာ | ၅၅၀ သိန်း | | ၀၉/၂၅၃/၈၂၈၂၀၂ |
| ၉။ | မြေ/အိမ် | ပြင်ဦးလွင်မြို့နယ်၊ ပြည်တော်သာ (၄) လမ်း | ၁၅၀၀ စ/ပေ | BN (၁) ထပ် | ၁၂၅၀ သိန်း | ထောင့်ကွက်၊ စိတ်ငြိမ် | ၀၉/၅၁/၁၇၂၆၂ |
| ၁၀။ | မြေ/အိမ် | ပြင်ဦးလွင်မြို့နယ်၊ နန်းမြိုင်လမ်းသွယ် | မြေ၅၀၀၀ စ/ပေ အိမ်၁၅၀၀ စ/ပေ | BN (၁) ထပ် | ၃.၅ သိန်း (၁လအငှားနှုန်း) | ပန်းခြံပါဝင် စိတ်ငြိမ်ရပ်ကွက်၊ | ၀၉/၅၁/၁၇၂၆၂ အသင့်နေ |

## House.com.mm မှ ပညာသင်ဆုနှင့် အကျိုးဆောင်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သွားမည်



မြန်မာနိုင်ငံ၏နံပါတ် တစ်အိမ်ခြံမြေဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် House.com.mm မှ စီးပွားရေးနှင့် လုပ်ငန်းဆိုင်ရာဘာသာရပ်များအတွက် ပညာသင်ဆုကို ပေးအပ်ချီးမြှင့်သွားမည့်အပြင် အိမ်ခြံမြေအကျိုးဆောင်ထူးချွန်ဆုများကိုလည်း ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုများအနက် ပညာသင်ဆုကို အသက် ၁၇နှစ်နှင့်အထက် ကျောင်းသားကျောင်းသူများ လျှောက်ထားနိုင်ပြီး လုပ်ငန်းနယ်ပယ်အတွင်းမှ လက်တွေ့အသုံးချဘာသာရပ်များဖြစ်သည့် Business, Economics, Marketing, Entrepreneurship, Sales, Logistics နှင့်အခြားဆက်စပ်သည့်ဘာသာရပ်များကို သင်ကြားလိုသူများအတွက် ရည်ရွယ်ကြောင်း သိရသည်။

ပညာသင်ဆုအတွက် လျှောက်ထားရမည့်ပုံစံကို House.com.mm/scholarship တွင် အသေးစိတ်ဖော်ပြထားပြီး ပညာသင်နှစ်တစ်နှစ်အတွက် တစ်ဦးကိုသာ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

လျှောက်လွှာကို ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ပြီး ပညာသင်ဆုအဖြစ် မြန်မာကျပ်ငွေ ငါးသိန်းအပြင် အခြားအခွင့်အလမ်းများပါ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီအထောက်အပံ့က မြန်မာလူငယ်တွေရဲ့အောင်မြင်မှုအတွက် အဓိကတွန်းအားဖြစ်စေဖို့ ရည်ရွယ်ပါတယ်။ သူတို့တွေရဲ့ စွန့်ဦးတီထွင်လိုစိတ်တွေ ပိုမိုအားကောင်းလာအောင် လှုံ့ဆော်ပေးရာလည်းရောက်သလို ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအတွက် အတွေ့အကြုံတွေကို လက်ဆင့်ကမ်းပေးမယ့်အစီအစဉ်တွေ ပါဝင်တာကြောင့် ရွေးချယ်ခံရသူအတွက် တကယ့်ကို အကျိုးရှိစေမှာပါ"ဟု House.com.mm ၏ Country Manager ဖြစ်သူ Jan Sommerfeld က ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါဝက်ဘ်ဆိုက်မှလည်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများအတွက် ပထမဆုံးအကြိမ်အဖြစ် ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး ဆုအမျိုးအစားပေါင်း ၁၃ဆုအထိပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုများမှာ အကောင်းဆုံးအိမ်ခြံမြေအကျိုးဆောင် လုပ်ငန်းဆု၊ အကောင်းဆုံးအိမ်ခြံမြေအကျိုးဆောင်ဆု၊ နှစ်တစ်နှစ်၏ အကောင်းဆုံးလုပ်ငန်းအသစ်ဆု၊ အကောင်းဆုံးလူငယ်လုပ်ငန်းရှင်ဆု၊ အကောင်းဆုံးအိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းဆု (ရုံးခန်းနေရာ)၊ အကောင်းဆုံး အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းဆု(မြေနေရာ)၊ အကောင်းဆုံး အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းဆု (စီးပွားရေးလုပ်ငန်းနေရာ)၊ အကောင်းဆုံး အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း (သို့မဟုတ်)လူပုဂ္ဂိုလ်ဆု၊ အကြီးဆုံးအိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းဆု၊အကောင်းဆုံးအရောင်းအဝယ်ဆု၊ အကောင်းဆုံး နိုင်ငံတကာအကျိုးဆောင်လုပ်ငန်းဆု၊ အကောင်းဆုံးဈေးကွက်ရှာဖွေမှုဆု၊ အယုံကြည်ရဆုံးအကျိုးဆောင်လုပ်ငန်းဆုများကို ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုများအတွက် လျှောက်လွှာများကို အီးမေးလ်ဖြင့်သော်လည်းကောင်း၊ ဝက်ဘ်ဆိုက်မှတစ်ဆင့်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါဆုများအတွက် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက်တွင်ပြုလုပ်၍ဆုရရှိသူများအား အခမ်းအနားတွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

သင့်ကျန်းမာရေး

# မှိုတက်သောအစားအစာမှ ဖြစ်ပွားသောရောဂါများ

ဒေါက်တာလွင်သန့်

အစားအစာတို့တွင် သဘာဝအလျှောက်ပေါက်ပွားသော မှို (Fungus) နှင့် တဆေး (Yeast) တို့ မျိုးစိတ်ပေါင်းရာနှင့်ချီ ရှိသည်။

**ရှင်သန်ခြင်း။** အစားအစာမှိုတို့သည် ဓေးပျစ်မှုနှစ်မှကိုးအထိ (Ph 2 to 9) နှင့် အပူချိန် ၁၀ ဒီဂရီဆဲစီးယပ်မှ ၃၅ ဒီဂရီဆဲစီးယပ် (10 C-35C) ၌ ရှင်သန်နိုင်ပြီး တဆေး (Yeast)သည် စိုစွတ်သော သဘာဝကို ကြိုက်သည်။

**တွေ့ရှိခြင်း။** ကောက်ပဲသီးနှံများ၊ ပြောင်း၊ ဂျုံ၊ စပါး၊ အခွံမာ စသော အသီးများ၊ သစ်သီးများစသည်တို့ မရိတ်သိမ်းမီနှင့် သိုလှောင်ထားချိန်တွင် ပေါက်ပွားလာပြီး အသီးအနှံများပျက်စီး ပုပ်သိုးစေသည်။ မှိုများပေါက်ခြင်းဖြင့် ကောက်ပဲသီးနှံ၏ မူလ အရောင်၊ အဆင်း၊ အနံ့တို့ပျောက်သွားကာ ရံဖန်ရံခါ သာမန် မျက်စိ ဖြင့် ကြည့်၍မမြင်နိုင်သည့် မှို (Fungus)များကို ဓာတ်ခွဲခန်း ၌ စစ်ဆေးသင့်သည်။

**အန္တရာယ်ရှိခြင်း။** အစားအစာတွင် မှို၊ တဆေးများ၊ အယ်ဖာတောက်ဆင် (Alflatoxin) မှိုဆိပ်ပါဝင်ခြင်းသည် စားသုံးသူများကို ကင်ဆာ(Cancer)ကဲ့သို့ နာတာရှည်ရောဂါဖြစ်စေရုံသာမကလုပ်ငန်းရှင်များ၊ စီးပွားရေးထိခိုက်စေသည်။ အစားအသောက်များ မှ ပေါက်ပွားလာသောမှို (Fungus) ရှိ အဆိပ်များက စားသုံးသူ အတွက်အန္တရာယ်ဖြစ်လာသည်။ စားသုံးသူအန္တရာယ်ဖြစ်စေသော မှိုဆိပ်ကို မိုက်ကိုတောက်ဆင် (Mycotoxins) ဟုခေါ်ပြီး သာမန် ချက်ပြုတ်ရုံအပူချိန်ဖြင့် ယင်းအဆိပ်တို့မပျက်စီးနိုင်ပါ။ အစာများ ထုတ်လုပ်စဉ် မှိုများပျက်စီးသည့်တိုင်မှိုဆိပ်များက အစာထဲတွင် ဆက်လက်ကျန်ရှိနေပါသည်။

**မှိုဆိပ်။** မှိုဆိပ်နှင့် မိုက်ကိုတောက်ဆင် (Mycotoxins) တို့၏ အန္တရာယ်တို့ကို ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေရသည်။

**ဖြစ်စဉ်များ။** မှိုနှင့် မှိုဆိပ်စမ်းသပ်ရှာဖွေခြင်း၊ သုတေသနပြုလုပ်ခြင်းလုပ်ငန်းများကို လွန်ခဲ့သော ၂၅ နှစ်က စတင်ဖော်ထုတ်လုပ်ကိုင်နိုင်ခဲ့ပြီး မှိုကြောင့်လူများစွာ သေဆုံးခဲ့ပြီးဖြစ်သည်။ ၁၉ ရာစု ၌ ဥရောပနှင့်အာဖရိကတို့တွင် မှိုဆိပ်ပါဝင်သော ကောက်ပဲသီးနှံ (လူး၊ ပြောင်း၊ ဂျုံ)တို့ကို စားမိခြင်း၊ ၁၉၄၃ မှ ၁၉၄၇ ခုနှစ်တွင် ရုရှားနိုင်ငံ၌လည်းကောင်း၊ ၁၉၅၂ နှင့်၁၉၅၅ ခုနှစ်တွင် တိုကျို၌ လည်းကောင်း၊ ၁၉၇၁ ခုနှစ်တွင် ကိုရီးယားနိုင်ငံ၌လည်းကောင်း မှိုတက်နေသော ဆန်ကိုစားမိ၍ မှိုတောက်ခြင်းဖြစ်ခဲ့ရသည်။ ဒုတိယကမ္ဘာစစ်က ရုရှားတွင်ဖြူဆေးရီးယား (Fusaria) မှိုတစ်မျိုး ပါသော ကောက်ပဲသီးနှံများစားမိ၍ မှိုဆိပ်သင့်ကြရသည်။

**အန္တရာယ်။** မှိုဆိပ်အမျိုးပေါင်း အတွက် ၄၀၀ ကျော်ရှိရာ အများစုမှာ လူနှင့် နို့တိုက်သတ္တဝါအားလုံး အန္တရာယ်ရှိသည်။ မှိုဆိပ် အယ်ဖာတောက်ဆင် (Alflatoxin) ပါသော ပြောင်း၊ ဂျုံတို့ကို စားမိပါက လူကိုဘေးဖြစ်စေသည်။ အယ်ဖာတောက်ဆင်ဘီဝမ်း (Alflatoxin B1) သည် မျိုးရိုးဗီဇဆဲလ်များပြောင်းလဲခြင်း၊ သန္ဓေသား ချို့တဲ့ခြင်းနှင့်ကင်ဆာတို့ဖြစ်စေသည်။ စားမိသော မှိုဆိပ်က ကျောက်ကပ်တွင် အများဆုံးစုဝေးပြီး အသည်း၊ အဆီ၊ အသားတို့ မှာစုဝေးသည်။ နို့နှင့် နို့ထွက်ပစ္စည်းများတွင်လည်း အော်ခရာတောက် ဆင်အေ (Orchratoxin A) ကြောင့် လူတွင်ဆီးလမ်းကြောင်းဆိုင်ရာ ကင်ဆာရောဂါဖြစ်စေသည်။ မှိုဆိပ်ပါသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ စားသောက်မိခြင်းထက် မှိုဆိပ်ပါသော ကောက်ပဲသီးနှံတို့ကို တိုက်ရိုက်စားသုံးခြင်းက စားသုံးသူ၏ ကျန်းမာရေးကို ပိုမိုထိခိုက်စေသည်။

**မှိုဆိပ်ပါ/မပါရှာဖွေခြင်း။** သာမန်မျက်စိဖြင့် မမြင်နိုင်အီလိုင်ဇာ (Elisa) ဆေးဖြင့်ကြည့်ရှုပါက မှိုဆိပ်ပါ/မပါ သိနိုင်သည်။ မှိုဆိပ်ပျံ့နှံ့နေသော အစားအစာ၌ မူလအရောင်အဆင်းမရှိခြင်း၊ အစက်အပြောက်ပါနေခြင်း ချွဲကျိနေခြင်းတို့တွေ့နိုင်သည်။

**ကာကွယ်တားဆီးခြင်း။** အစားအစာထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက် အသား၊ နံ့စားဆီ၊ နှမ်းဆီတို့မှ မှိုများပါဝင်မှုရှိ/မရှိ တစ်ခါတည်း စစ်ဆေးကြည့်ရှုပြီးမှ စီမံသင့်သည်။ ရက်လွန် (Expired Date) ထက် ပိုဆိုးသည်။ ကောက်ပဲသီးနှံများအနေဖြင့် ရိတ်သိမ်းပြီးကာစတွင် ရေခိုး၊ ရေငွေ့ကုန်စေရန် သေချာစွာ နေလှန်းခြင်း၊ အခြောက်ခံခြင်းတို့ပြုလုပ်ခြင်းဖြင့် မှိုမပေါက်အောင် ကာကွယ်နိုင်သည်။ အချို့နိုင်ငံများတွင် မှိုတက်သော အစားအစာများကို ဖျက်ဆီးပစ်ရုံသာမက ဓာတုပစ္စည်းဖြင့်လည်း မှိုဆိပ်များ ဖျက်ဆီးပစ်တတ်သည်။ အက်စစ်များ၊ အယ်ကာလီများနှင့် အချို့ဓာတ်ငွေ့တို့သုံးစွဲ၍ မှိုဆိပ်ကိုဖျက်ဆီးနိုင်သည်ဟုဆိုသည်။ မှိုကို တားဆီးရန် မှိုတားဆေးများ ဈေးကွက်အတွင်းရောက် ရှိနေ အသုံးပြုနိုင်သည်။ မှိုတက်နေသော ရက်လွန်အစားအစာများ ရှောင်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။

**ကင်ဆာ။** အချို့သောအစားအစာများတွင် ယင်းအစာမှထုတ်လုပ်သော အဆိပ်များအပြင် စားသုံးသူနှင့်မတည့်သောပစ္စည်းများ (Allergy)၊ ကင်ဆာဖြစ်စေသော အစားအစာများ (ဓာတုဆိုးဆေးများနှင့်အရက်မသန့်ရှင်းမှု) ပါဝင်နေသည်။ အထူးသဖြင့် ပီလောပီနံ့ဥများ၊ မျောက်ဥများ၊ မြေပဲဆန်များ၊ ကွမ်းသီးခြမ်း မှိုတက်များ၊ ငြုတ်သီးမှိုတက်များ၊ ကုလားပဲနှင့် ဆန်မှိုတက်များသည် အဆိပ်အတောက်ဖြစ်စေ၍စုပုံကာ ဟိုက်ဒရိုဆိုင်ယာနစ်အက်ဆစ် (Hydrocyanic Acid) ဖြစ်စေကာ ကင်ဆာကိုဖြစ်စေသည်။

**သံသရာ။** မှိုဆိပ်ထုတ်သောမှိုများက သိုလှောင်ထားသောသီးနှံများ၊ စိုက်ခင်းထဲရှိ သီးနှံများမှတစ်ဆင့် မှိုဆိပ်များစုဝေးကာ အစားအစာများ၊ တိရစ္ဆာန်များ၏ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ကာ တိရစ္ဆာန်မှ လူသို့လည်းကောင်း၊ နို့နှင့်နို့ထွက်ပစ္စည်းအနေဖြင့်လည်းကောင်း တိုက်ရိုက်စားသုံးမိခြင်းဖြင့် လည်းကောင်း၊ လူသို့ရောက်ရှိပြီး မှိုဆိပ်တက်သော ရောဂါလက္ခဏာများ ပြခြင်းဖြစ်သည်။ မှိုဆိပ်တက်နေသော မျိုးစေ့များအား ပြန်လည်စိုက်ပျိုးပါက သီးနှံများတွင် ပါဝင်ခြင်းဖြင့်လည်း ရောဂါဖြစ်ပွားနိုင်ပါသည်။

# အဝလွန်ခြင်းကြောင့် အမျိုးသားများတွင် ရင်သားကင်ဆာဖြစ်ပွားမှု ပိုမိုများပြားလာကြောင်း လေ့လာတွေ့ရှိ

အင်္ဂလန်နိုင်ငံ၊ လန်ဒန်ရှိ လိဒ်ဆေးသိပ္ပံတက္ကသိုလ်မှ သုတေသီများက အဝလွန်ခြင်းကြောင့် အမျိုးသားများမှာ ရင်သားကင်ဆာဖြစ်ပွားလျက်ရှိနေကြောင်း ဇွန်လ ဒုတိယပတ်အတွင်း ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။ အဝလွန်တဲ့ အမျိုးသားများရဲ့ အဆီဆဲလ်များမှာပါဝင်တဲ့ အင်ဇိုင်းများဟာ အမျိုးသားဟော်မုန်း Testosterone ကို အမျိုး သမီးဟော်မုန်း Oestrogen အဖြစ် ပြောင်းလဲစေပါတယ်။

ဒါကြောင့် အဝလွန်တဲ့အမျိုးသားတွေဟာ Oestrogen ထုတ်လုပ်မှုများမိုမို များပြားလာတဲ့အတွက် အဝလွန်တဲ့ အမျိုးသားများရဲ့သွေးထဲမှာ အမျိုးသမီးဟော်မုန်းဓါတ်တွေ ပိုမိုများပြားလာတာ တွေ့ရတယ်လို့ သုတေသနပြုလေ့လာချက်များအရ ဖော်ထုတ်နိုင်ခဲ့ပါတယ်။

ရင်သားကင်ဆာဖြစ်ပွားနေတဲ့အမျိုးသားတွေရဲ့ ၉၀ ရာခိုင်နှုန်းကျော်ကို စမ်းသပ်စစ်ဆေးကြည့်ရာမှာ သူတို့ရဲ့ ရင်သားတွေ ကြီးထွားဖို့အတွက် အမျိုးသမီးဟော်မုန်းထိုးဆေးတွေကို အသုံးပြုတာကို တွေ့ရတယ်လို့ လိဒ်ဆေးသိပ္ပံတက္ကသိုလ်မှ ပါမောက္ခစပီးယားက ပြောကြားပါတယ်။

ဒ့ါအပြင် ကိုလက်စထရောမှာပါဝင်တဲ့ ဆဲလ်အချင်းချင်းပေါင်းစပ်ပြီး အမျိုးသမီးဟော်မုန်းအဖြစ် ပြောင်းလဲနိုင်တာကြောင့် အဝလွန်ပြီးကိုလက်စထရောပမာဏမြင့်မားတဲ့အမျိုးသားတွေဟာ အမျိုးသမီးဟော်မုန်းထုတ်လုပ်မှုတွေ များပြားလာပြီး ရင်သားကင်ဆာဖြစ်ပွားမှု ပိုမိုများပြားလာနိုင်ခြေရှိတယ်လို့ ဒေါက်တာ မက်သယူးဟမ်းဖရစ်စ်က ပြောကြားခဲ့ပါတယ်။

မကြာသေးမီက ချီကာဂိုမှာကျင်းပတဲ့ American Society of Clinical Oncology ရဲ့နှစ်ပတ်လည် အစည်းအဝေးမှာ ဆေးလိပ်သောက်သုံးခြင်းကြောင့် ကင်ဆာဖြစ်ပွားစေတဲ့အကြောင်းရင်းထက် အဝလွန်ခြင်းကြောင့် ကင်ဆာဖြစ်ပွားစေမှုက ပိုမိုတယ်လို့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

"ကမ္ဘာပေါ်မှာ အဝလွန်တဲ့သူအရေအတွက် ပိုမိုတိုးပွားလာတာဟာ ပြည်သူကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိနေပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှာ အဝလွန်တဲ့သူဦးရေဟာ တစ်နေ့တခြားတိုးပွားလျက်ရှိ နေတာကို တွေ့ရပါတယ်။ ဒါကြောင့် အဝလွန်တဲ့အမျိုးသားတွေအနေနဲ့ ရင်သားကင်ဆာဖြစ်ပွားမှု များပြား နိုင်ခြေရှိတဲ့အတွက် အဝလွန်မှုကို လျှော့ချရမှာဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့အစားအသောက်များကို စားပေးခြင်းဖြင့် အဝလွန်မှုကို လျှော့ချနိုင်တဲ့အပြင် ရင်သားကင်ဆာဖြစ်ပွားမှုကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်"ဟု ဒေါက်တာဟမ်းမ်ဖရစ်က ပြောကြားခဲ့ပါတယ်။

ရှင်ပါဂူ

# အသက်အရွယ်ကြီးရင့်လာသည့် အမျိုးသမီးများထက် ငယ်ရွယ်သူအမျိုးသမီးများတွင် ရင်သားကင်ဆာဖြစ်ပွားမှုနှုန်း မြင့်တက်လာ

အမေရိကန်နိုင်ငံတွင် အသက်အရွယ်ကြီးရင့်လာသည့် အမျိုးသမီးများထက် အသက်ငယ်ရွယ်သူအမျိုးသမီးများတွင် ရင်သားကင်ဆာဖြစ်ပွားမှုနှုန်းမှာပိုမို မြင့်တက်လျက်ရှိကြောင်း အမေရိကန်နိုင်ငံ လူဦးရေနှင့် ကင်ဆာဖြစ်ပွားမှုတို့ကို စာရင်းအင်းကောက်ယူလျက်ရှိသည့် NIH သုတေသီများ၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါသုတေသနအဖွဲ့သည် အမေရိကန်နိုင်ငံရှိ အမျိုးသမီးများကို အသက် ၃၀မှ ၃၉၊ အသက် ၄၀မှ ၄၉နှင့် အသက် ၅၀မှ ၆၉နှစ်၊ အသက် ၇၀မှ ၈၄အထိ အုပ်စုလေးစုခွဲ၍ လေ့ လာမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအုပ်စုလေးစုတွင် အမျိုးသမီးဟော်မုန်းလက်ခံနိုင်မှုပမာဏ မြင့်တက်သဖြင့် ရင်သားတွင်ကင်ဆာကလာပ်စည်းများ ပြန့်ပွားမှုနှုန်း မြန်ဆန်သည့်အုပ်စုနှင့် ပြန့်ပွားမှုနှုန်းမရှိသည့် အုပ်စုဟူ၍ ခွဲခြားခဲ့ကြသည်။

ယင်းကဲ့သို့ခွဲခြားခဲ့ကြပြီးနောက် စာရင်းကောက်ယူရရှိသည့် အချက်အလက်များအရ အမေရိကန်နိုင်ငံတွင် ရင်သားကင်ဆာဖြစ်ပွားသည့် အမျိုးသမီးအရေအတွက်မှာ နှစ်စဉ်မြင့်တက်လျက်ရှိပြီး ၂၀၃၀ပြည့်နှစ်သို့အရောက်တွင် ၄၄၀,၀၀၀နီးပါးရောက်ရှိလာနိုင်ကြောင်းဖြင့် အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

ထို့ပြင် ယင်းစစ်တမ်းကောက်ယူမှုအရ ငယ်ရွယ်သူအမျိုးသမီးများတွင် ရင်သားကင်ဆာဖြစ်ပွားမှုနှုန်းမှာ အသက်ကြီးသူအမျိုးသမီးများထက် ပိုမိုများပြားလာသည်ကို တွေ့ရှိရကြောင်းဖြင့် ဖော်ပြထားသည်။

မယ်သီတာ

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၂-၆-၂၀၁၅ မှ ၂၈-၆-၂၀၁၅ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေး၊ လူမှုရေးတို့တွင် စိတ်တိုင်းကျဖန်တီးနိုင်ရန်ကြိုးစားနေသော်လည်း ကြန့်ကြာမှုနှောင့်နှေးမှုများဖြစ်နေတတ်သည်။ ဆန်စပါး၊ ပဲပြောင်း၊ ဂျုံနှင့် ဂျုံထွက်ပစ္စည်းများတွက်ဆထားသည်ထက် အကျိုးပိုမိုရှိလိမ့်မည်။ ခရီးသွားလုပ်ငန်းများအဆင်ပြေလာတတ်ပါသည်။ အချစ်ရေးနှင့်အိမ်ထောင်ရေးတွင် ငယ်ချစ်ဟောင်းနှင့်ပြန်လည်ဆုံဆည်းရတတ်သည်။ ကျန်းမာရေးတွင် လေနှင့်ပတ်သက်သောဝေဒနာခံစားရတတ်သည်။

**ယတြာ။ အုန်းနို့ခေါက်ဆွဲလှူပါ။**



**တနင်္လာသားသမီးများအတွက်** အောင်မြင်မှုများတွင် မျှော်မှန်းထားသောစီးပွားရေး လုပ်ငန်းများမှ မရရှိဘဲမမျှော်လင့်သောစီးပွားရေးမှ ငွေမြောက်များစွာ ရရှိလာတတ်ပါသည်။ ခါတ်ငွေ့၊ ရေနံ၊ ရေနံထွက်ပစ္စည်းများနှင့် ပတ်သက်ပြီး အကျိုးဖြစ်ထွန်းမှု အားကောင်းလာတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် သွေးကြောရောင်ရောဂါ၊ ဦးနှောက်အာရုံကြောရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေးတွင်ကံကောင်းနေတတ်သည်။ အိမ်ထောင်ရေးပျော်ရွှင်ချမ်းမြေ့မှုရရှိမည်ဖြစ်ပါသည်။

**ယတြာ။ ကျောက်ကျောလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ဇွဲသတ္တိနှင့်ဉာဏ်ရည်ဉာဏ်သွေးကောင်းသောကြောင့် စီးပွားရေးတွင်ယှဉ်ပြိုင်မှုများကို အနိုင်ရလာတတ်ပါသည်။ စက်မှုလက်မှုလုပ်ငန်းများအောင်မြင်နေတတ်ပါသည်။ သံထည်ပစ္စည်းများနှင့် ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းအထူးအောင်မြင်နေမည်ဖြစ်ပါသည်။ အချစ်ရေးတွင် ချစ်သူ၏အနိုင်ယူမှုကိုခံရတတ်သည်။ အိမ်ထောင်ရေးတွင် မေတ္တာတရားနှင့်ဆက်ဆံခြင်းဖြင့် သာယာနိုင်သော အိမ်ထောင်ရေးဖြစ်လာပါလိမ့်မည်။

**ယတြာ။ ဆန္ဒမ်းမကင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားဥစ္စာများတိုးတက်သည်ထက်တိုးတက်မှုများရှိလာလိမ့်မည်။ လုပ်ငန်းတစ်ခုနှင့် မတင်းတိမ်တတ်ဘဲ နှစ်ခု သုံးခု လုပ်နေတတ်သည်။ ရင်းနှီးမြှုပ်နှံမှုများလိမ့်မည်။ စာရေးကိရိယာ၊ စက္ကူနှင့်ပတ်သက်သောစာအုပ်ထုတ်လုပ်ငန်းစသော အသေးစားမှစ၍ ပုံနှိပ်ထုတ်လုပ်သော စာအုပ်လုပ်ငန်းအောင်မြင်ကျော်ကြားလိမ့်မည်။ ကျန်းမာရေးတွင် ခွန်အားနည်းခြင်း၊ သွေးပေါင်ကျခြင်းဝေဒနာခံစားရတတ်သည်။ အချစ်ရေးတွင် စိတ်ပင်ပန်းမှုရှိမည်။ အိမ်ထောင်ရေးကံကောင်းနေမည်။ **ယတြာ။ မုန့်လိပ်ပြာမုန့်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ပညာနှင့်လုပ်ကိုင်ရသောလုပ်ငန်း၊ အင်ဂျင်နီယာလုပ်ငန်း၊ ဆေးကုသခြင်း၊ ဆေးရောင်းဝယ်ခြင်းလုပ်ငန်းများ အကျိုး ပေးကံကောင်းနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အပူကြီး သောဝေဒနာ၊ အဖျားကြီးသောဝေဒနာများဖြစ်တတ်သည်။ အချစ်ရေးတွင် မိမိနှင့်အသွင်တူမှုအားနည်းသောချစ်သူနှင့်ကြုံဆုံရတတ်သည်။ အိမ်ထောင်ရေးတွင် ပဋိပက္ခလေးများရှိနေတတ်ပါသည်။ ထို့ကြောင့် ယခုကာလတွင် နှလုံးသားရေးကိုဦးစားမပေးသင့်သေးပါ။

**ယတြာ။ မုန့်လုံးရေပေါ်လှူပါ။**



**သောကြာသားသမီးများအတွက်** ခရီးသွားဝါသနာပါနေလိမ့်မည်။ စီးပွားရေးတွင် ဆက်သွယ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ယာဉ်စက်ပစ္စည်းများနှင့်ပတ်သက်သောလုပ်ငန်းများမှ ဝင်ငွေအားကောင်းနေတတ်ပါသည်။ ဥယျာဉ်ခြံမြေများနှင့်ပတ်သက်၍ အကျိုးပေး အားကောင်းနေမည်။ ကျန်းမာရေးတွင် သွေးတိုး၊ နှလုံးဝေဒနာများ ခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် လက်တွဲညီမှုများ ရှိနေတတ်ပါသည်။

**ယတြာ။ သာကူမုန့်ဖက်ထုပ်လှူပါ။**



**စနေသားသမီးများအတွက်** စိတ်မြန်ကိုယ်မြန်ရှိခြင်းကြောင့် စီးပွားရေးလုပ်ငန်းများတွင် အမှားမကြာခဏတွေ့ရတတ်သောသဘောရှိလိမ့်မည်။ ရှေးဟောင်းပစ္စည်းများနှင့် နန်းသုံးပစ္စည်းများ ထုတ်လုပ်ရောင်းချသောလုပ်ငန်းများမှ ဝင်ငွေအားကောင်းလိမ့်မည်။ ကျန်းမာရေးတွင် ထိခိုက်ဒဏ်ရာရခြင်းမှဖြစ်တတ်သော ဝေဒနာခံစားရတတ်ပါသည်။ အချစ်ရေးတွင် မဝံ့မရဲရှိနေမည်။ အိမ်ထောင်ရေးတွင် အိမ်ထောင်ဖက်၏ဆန္ဒအလိုကိုလိုက်လျောခြင်းဖြင့် အေးချမ်းသာယာမှုရရှိလိမ့်မည်။

**ယတြာ။ ထန်းသီးမုန့်လှူပါ။**

# အခမဲ့ကြော်ငြာဝက်ဘ်ဆိုက် Ads.com.mm ကို ပုံစံသစ်ဖြင့် ပြန်လည်မိတ်ဆက်




မြန်မာနိုင်ငံ၏ အခမဲ့ကြော်ငြာဝက်ဘ် ဆိုက်တစ်ခုဖြစ်သည့် Ads.com.mm ကို ပုံစံသစ်ဖြင့်ပြန်လည်မိတ်ဆက်လိုက်ကြောင်း သိရသည်။

အဆိုပါဝက်ဘ်ဆိုက်ကို ပြန်လည်မိတ်ဆက်ရခြင်းမှာ ဝက်ဘ်ဆိုက်ပေါ်တွင် ဝယ်ရောင်းလုပ်သူများ အဆင်ပြေစေရန်အတွက်ဖြစ်ကြောင်း Ads.com.mm မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"အခုပြုလုပ်လိုက်တဲ့ဝက်ဘ်ဆိုက်မှာ အခမဲ့ Register လုပ်လို့ရပါတယ်။ Register လုပ်ဖို့ ခက်ခဲတဲ့သူတွေအတွက် အီးမေးလ်ရှိရုံနဲ့ တိုက်ရိုက်ရောင်းချနိုင်ပါတယ်။ မိမိဝယ်လိုတဲ့ပစ္စည်းအမျိုးအစားအလိုက် ရှာဖွေနိုင်ပါတယ်။ ဒါ့အပြင် မိမိဝယ်လိုတဲ့ပစ္စည်းနဲ့ ဈေးနှုန်းကိုလည်း ရောင်းချတဲ့သူထံကို တိုက်ရိုက်ဖုန်းနဲ့သော်လည်းကောင်း၊ အီးမေးလ်ပို့၍ သော်လည်းကောင်းစုံစမ်းမေးမြန်းနိုင်ပါတယ်"ဟု Ads.com.mm ၏ Country Manager ဖြစ်သူ မစ္စတာနီကိုးပိုးမားက ပြောကြားခဲ့သည်။

အဆိုပါ Ads.com.mm ကို မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ် မေလလယ်ပိုင်းမှစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး Free Classfieds Website တစ်ခုအနေဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝက်ဘ်ဆိုက်ပေါ်တွင် မိမိရောင်းချလိုသည့်ပစ္စည်းရှိပါက ရောင်းချလိုသည့်ပစ္စည်းအား ဓာတ်ပုံရိုက်၍ အချက်အလက်စုံလင်စွာဖြင့် ဝက်ဘ်ဆိုက်ပေါ်တွင် တင်၍ ကြော်ငြာပါက လူအများပို၍ စိတ်ဝင်စားကြောင်း၊ ၎င်းဝက်ဘ်ဆိုက်ကို အသုံးပြုပါက အချိန်ကုန်လူပင်ပန်းဖြစ်ခြင်းများသက်သာမည့်အပြင် ပစ္စည်းအသစ်ဝယ်ဖို့အတွက်ပစ္စည်းဟောင်းကို ချောင်ထိုးထားစရာမလိုဘဲ အလွယ်တကူပြန်လည်ရောင်းချနိုင်မည်ဖြစ်ကြောင်းသိရသည်။

သို့သော် ရောင်းသူနှင့် ဝယ်သူတွေ့ဆုံ၍ ရောင်းဝယ်ကြရာတွင် သတိပြုရမည့်အချက်များကိုလည်း ၎င်းက ထပ်မံရှင်းပြခဲ့သည်။

"ရောင်းတဲ့သူနဲ့ ဝယ်တဲ့သူတွေ့ကြတဲ့အခါမှာ ယုံကြည်စိတ်ချရမယ့်နေရာဖြစ်တဲ့ Public Area လိုနေရာမျိုးတွေ၊ လုံခြုံစိတ်ချရမှုရှိတဲ့နေရာမျိုးတွေမှာ တွေ့ဆုံပြီး ရောင်းဝယ်သင့်ပါတယ်"ဟု ၎င်းကထပ်မံပြောကြားခဲ့သည်။ **မယ်သီတာ**




# Kaymu.com.mm မှ iOS Application ကို မိတ်ဆက်

မြန်နိုင်ငံ၏ အွန်လိုင်းဈေးကွက်တွင် ဦးဆောင်လျက်ရှိသည့် Kaymu.com. mm သည် မိုဘိုင်းဈေးကွက်ချဲ့ထွင်ခြင်းအနေဖြင့် iOS အသုံးပြုသူများအတွက် မိုဘိုင်း App ကို မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရသည်။

Kaymu.com.mm က ယခုမိတ် ဆက်လိုက်သည့် iOS App တွင် များပြားလှသည့် ကုန်ပစ္စည်းများအား ရွေးချယ်ခြင်း၊ အသုံးပြုရလွယ်ကူခြင်း၊ ရောင်းချသူနှင့်ဝယ်ယူသူတို့မှ မိမိ၏ကိုယ်ပိုင် Account အား လွယ်ကူစွာထိန်းချုပ်နိုင်ခြင်း စသည့် အားသာချက်များဖြင့် ရောင်းခြင်း၊ ဝယ်ခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"iOS မိုဘိုင်း App ကြောင့် iOS သုံးစွဲသူတွေအနေနဲ့ ကျွန်တော်တို့ဝက်ဘ်ဆိုက်မှာ ပိုမိုလွယ်ကူစွာနဲ့ ရွေးချယ်ဝယ်ယူနိုင်ပြီဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အချက်အလက်တွေအနည်းဆုံးနဲ့ အရည်အသွေးမြင့်မားကောင်းမွန်တဲ့ မိုဘိုင်း App ကို သုံးစွဲတဲ့သူတွေဆီကိုအရောက် ပို့ဆောင်ပေးလိုက်ပါပြီ။ အခုဆိုရင် ကျွန်တော်တို့ဟာ iOS, Android နဲ့ Blackberry တွေရဲ့ App တွေကို အခမဲ့ဖြန့်ချိပေးထားတဲ့အတွက် အလွန်ပဲဝမ်းသာမိပါတယ်။ ကျွန်တော်တို့ရဲ့ မိုဘိုင်း App တွေအားလုံးကို မြန်မာဘာသာနဲ့သုံးစွဲနိုင်အောင် ပြုလုပ်ပေးထားပါတယ်"ဟု Kaymu ၏ Country Manager ဖြစ်သူ မက်စ်လန်ဂျာက ပြောကြားခဲ့သည်။

Kaymu.com.mm သည် ရောင်းသူနှင့်ဝယ်သူကို တိုက်ရိုက်ချိတ်ဆက်ပေးသည့် နေရာတစ်နေရာဖြစ်ပြီး ကိုယ်တိုင်ရောင်းချသည့် ဝက်ဘ်ဆိုက်တစ်ခု မဟုတ်ပေ။ အဆိုပါဝက်ဘ်ဆိုက်တွင် ရောင်းချသူပေါင်း ငါးထောင်ကျော်တင်ထားသည့်ကုန်ပစ္စည်းပေါင်း ခြောက်သောင်းကျော်အား တွေ့မြင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

မိုဘိုင်း App ရှိခြင်းသည် အွန်လိုင်းရှော့ပင်းအသုံးပြုသူများအတွက် ပိုမိုလွယ်ကူအဆင်ပြေစေပြီး ကောင်းမွန်သည့် အသွင်အပြင်များနှင့်ရောင်းသူများ၏ ကုန်ပစ္စည်းများကို စာရင်းသွင်းပေးခြင်း၊ ဝယ်ယူသူများအတွက် များပြားလှသည့် ကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် ရွေးချယ်ဝယ်ယူနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# မြို့ကြီးများ၏ ၂၂-၆-၂၀၁၅ မှ ၂၆-၆-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၂-၆-၂၀၁၅) | အင်္ဂါ(၂၃-၆-၂၀၁၅) | ဗုဒ္ဓဟူး(၂၄-၆-၂၀၁၅) | ကြာသပတေး(၂၅-၆-၂၀၁၅) | သောကြာ(၂၆-၆-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F |
| ရန်ကုန်မြို့ | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| မန္တလေးမြို့ | ၉၀% ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၇°C/၉၉°F |
| မြစ်ကြီးနား | ၉၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၈°F |
| လားရှိုး | ၆၀% ၂၂၈°C/၈၃°F | ၅၀% ၂၈°C/၈၂°F | ၅၀% ၂၈°C/၈၃°F | ၅၀% ၂၈°C/၈၃°F | ၅၀% ၂၉°C/၈၅°F |
| ကျိုင်းတုံ | ၄၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F |
| လွိုင်ကော် | ၈၀% ၂၈°C/၈၂°F | ၆၀% ၂၇°C/၈၁°F | ၇၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F |
| တောင်ကြီး | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၅°F | ၅၀% ၂၄°C/၇၆°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၆°C/၇၈°F |
| မော်လမြိုင် | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| ဘားအံ | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| တောင်ငူ | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F |
| မုံရွာ | ၄၀% ၃၄°C/၉၄°F | ၄၀% ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | တိမ်အသင့်တင့် ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၇°C/၉၈°F |
| ပုသိမ် | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| မြိတ် | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F |
| စစ်တွေ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| မကွေး | ၉၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F |
| ဖလမ်း | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၈°C/၆၅°F |

## တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သဖြင့် ဝက်ကောင်ရေတစ်သောင်းကျော် ရေနစ်မြုပ်ခဲ့

တရုတ်နိုင်ငံတောင်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် ယခုလဆန်းပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။

တရုတ်နိုင်ငံအနောက်တောင်ပိုင်း Guangxi Zhaung စီရင်စုဒေသရှိ လီယွေမြို့တွင် ဇွန်လ ၁၄ ရက်နံနက်ပိုင်းမှစတင်၍ ရွာသွန်းခဲ့သည့် မိုးသည် နာရီပေါင်း ၂၀ကြာ ဆက်တိုက်ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ နာရီပေါင်း ၂၀ ကြာမိုးရွာသွန်းမှုကြောင့် အဆိုပါမြို့တွင်ရှိသည့် ဝက်မွေးမြူရေးစခန်းမှ ဝက်ခြံများအား ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဝက်ခြံများ ရေနစ်မြုပ်မှုကြောင့် တချို့သော ဝက်များမှာ ကုန်းမြင့်များ၊ ခေါင်မိုးများပေါ်သို့ ကုတ်ကပ်၍တက်ကြကြောင်း၊ သို့သော် ဝက်အများစုမှာ ရေစီးနှင့်မျော ပါသွားပြီး ရေနစ်ကာ သေကုန်ကြကြောင်း၊ ထို့ပြင် အခြားသောတိရစ္ဆာန်များသည်လည်း ရေနှင့်အတူမျောပါကာ သေဆုံးကုန်ကြကြောင်း အဆိုပါဒေသမှ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် သေဆုံးခဲ့ရသည့် ဝက်အသေများ၊ တိရစ္ဆာန်အသေများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်ပေါ်ခဲ့သဖြင့် မြစ်အတွင်းရေထုညစ်ညမ်းမှုများဖြစ်ပေါ်ခဲ့ရာ ကူးစက်ရောဂါများဖြစ်ပွားမည်ကို စိုးရိမ်လျက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

မြစ်အတွင်းမှ တိရစ္ဆာန်အသေကောင်များ၏အပုပ်နံ့များသည် မီတာရာပေါင်းများစွာ အကွာအဝေးအထိ ရောက်ရှိနေခဲ့သောကြောင့် ကူးစက်ရောဂါများအလျင်အမြန်ပြန့်ပွားလာမည်ကို စိုးရိမ်နေရသဖြင့် အဆိုပါအညစ်အကြေးများအား အမြန်ဆုံးဖယ်ရှားပေးရန် ဒေသခံများက တောင်းဆိုလျက်ရှိသည်။

သို့သော် အဆိုပါ အညစ်အကြေးများကို ဖယ်ရှားရန်မှာ ရက်သတ္တတစ်ပတ်ခန့်ကြာမြင့်နိုင်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

**မယ်သီတာ**



## ဆီနာဘန်းမီးတောင် ပေါက်ကွဲမှုကြောင့် ဒေသခံရွာသူ ရွာသား တစ်သောင်းကျော် ထွက်ပြေးခဲ့ရ

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းရှိ ဆီနာဘန်းမီးတောင်သည် ဇွန်လ ၁၆ ရက်နေ့က ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ရာ အဆိုပါမီးတောင်ပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ရွာသူရွာသား တစ်သောင်းကျော်မှာ လက်လွတ်ထွက်ပြေးခဲ့ရကြောင်း စီအန်န်အေသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဒေသဆိုင်ရာ အာဏာပိုင်များက ဆီနာဘန်းမီးတောင်လှုပ်ရှားမှုနှင့်ပတ်သက်၍ စုံစမ်းထောက်လှမ်းချက်များအရ အဆိုပါမီးတောင်သည် ပေါက်ကွဲမှုဖြစ်ရန် အမြင့်ဆုံးအဆင့်တွင် ရှိနေကြောင်း ဒေသခံများအား နှိုးဆော်ထားခဲ့သည်။

သို့သော် ယင်းမီးတောင်သည် ဇွန် ၁၆ ရက်က ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး မီးခိုးပြာများ၊ မီးပွားများ၊ ချော်ရည်ပူများစီးဆင်းကျလာခဲ့သဖြင့် ဒေသခံများ ထွက်ပြေးခဲ့ရခြင်း ဖြစ်သည်ဟု ဆိုသည်။

အဆိုပါမီးတောင်သည် ဇွန်လ ၁၆ ရက်က မီးခိုးများမှုတ်ထုတ်ခဲ့ရာ ကောင်းကင်ယံသို့ မီးခိုးလုံးများ ထိုးထွက်ခဲ့ပြီးနောက် ခဏအကြာတွင် မီးတောင်အနီးဝန်းကျင်ရှိ နေအိမ်များပေါ်သို့ မီးခိုးပြာများ ကျရောက်လာခဲ့သည်ဟု ဆိုသည်။ ယင်းမီးတောင်သည် လွန်ခဲ့သည့် နှစ်ကလည်းတစ်ကြိမ်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၆ဦးသေဆုံးခဲ့ရသည်။

ဆီနာဘန်းမီးတောင် ပတ်ဝန်းကျင်တစ်ဝိုက်အား အန္တရာယ်ရှိဒေသအဖြစ် သတ်မှတ်ထားပြီး ထိုဒေသတစ်ဝိုက်မှ ဒေသခံများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးထားကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြထားသည်။

"အဲဒီမီးတောင်နားမှာရှိတဲ့ ရွာပေါင်း ၆ရွာက ဒေသခံတွေဟာ သူတို့ပိုင်ဆိုင်တဲ့မော်တော်ဆိုင်ကယ်တွေ၊ ကားတွေ၊ စစ်သုံးမော်တော်ယာဉ်တွေကိုပါထားခဲ့ပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့နေရာမှာ သွားရောက် နေထိုင်ကြပါတယ်။ မီးတောင်ရဲ့ တောင်ဘက်နဲ့ အရှေ့တောင် ဘက်ဒေသတွေဟာ တကယ့်ကို အန္တရာယ်ရှိတဲ့ဇုန်တွေပါပဲ"ဟု သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့်ကူညီ ကယ်ဆယ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ထရီဘူဒီရာတိုက ပြော ကြားခဲ့သည်။

ဆီနာဘန်းမီးတောင်မှ ပေါက်ကွဲထွက်လာသည့် ချော်ရည်တုံးလေးများ၊ ကျောက်တုံးအပိုင်းအစလေးများသည် မီးတောင်နှင့် သုံးကီလိုမီတာအကွာ အဝေးအထိရောက်ရှိခဲ့ကြောင်း၊ ထို့ပြင် မီးတောင်ပတ်ဝန်းကျင်တွင် ပြာများ ဖုံးလွှမ်းလျက်ရှိရာ ပြာထုသည် နှစ်မီလီမီတာရှိကြောင်း၊ မီးခိုးငွေ့များကြောင့် အနီးအနားပတ်ဝန်းကျင်ရှိ ပြည်သူများ၏ကျန်းမာရေးကို ထိခိုက်နိုင်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ **မယ်သီတာ**

Domestic Sport News
Vol: 15, No.23 Monday June 22 2015

# ဆီးဂိမ်း၏ အကောင်းဆုံးကစားသမားစာရင်းတွင် မြန်မာ ယူ-၂၃အသင်းမှ လေးဦးပါဝင်ခဲ့ ကြံ့ခိုင်ရေးမှူး မားကပ်စ်၏ စွမ်းဆောင်ချက်ကြောင့် အင်အားပြည့်ကစားနိုင်ခဲ့ခြင်းဖြစ်ဟုဆို



စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၈) ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ၏ဂုဏ်ကိုဆောင်ကာ ဒုတိယ ငွေတံဆိပ်ရယူပေးခဲ့သည့် မြန်မာယူ-၂၃အသင်းမှ ကစားသမားလေးဦးသည် ဆီးဂိမ်း၏ အကောင်းဆုံးကစားသမားများ စာရင်းတွင် ပါဝင်နေခဲ့ကြောင်း သိရသည်။

အဆိုပါအကောင်းဆုံးကစားသမား များကို footballchannel.asia က ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းအကောင်းဆုံး ကစားသမားများအနက် မြန်မာ ယူ-၂၃အသင်းမှ ဂိုးသမား ကျော်ဇင်ဖြိုး၊ အလယ်တန်းနှင့် အသင်းခေါင်းဆောင် နေလင်းထွန်း၊ အလယ်တန်း ကစားသမား စည်သူအောင်နှင့် ဟိန်းသီဟဇော်တို့ဖြစ်ကြောင်း သိရသည်။ ၎င်းတို့လေးဦးအနက် ဟိန်းသီဟဇော်ကို အရံကစားသမားအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂိုးသမားကျော်ဇင်ဖြိုးကို ရွေးချယ်ရသည့်အကြောင်းကို အဆိုပါ Football Channel Asia က ရှင်းလင်းရာမှာ မြန်မာ ယူ-၂၃အသင်း၏ ဂိုးသမားသည် အုပ်စုပတ်လည်ပြိုင်ပွဲလေးပွဲကစားရာတွင် လေးဂိုးသာ ပေးရပြီး အသင်းကို ဖိုင်နယ်ပွဲအထိ ရောက်အောင် ဆွဲခေါ်လာခဲ့ကြောင်း၊ ထို့ပြင် ဖိုင်နယ်ပွဲနှင့်အကြိုဖိုင်နယ်ပွဲတို့တွင်လည်း ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့၏ ဂိုးသွင်းချက်များကို သတိရှိရှိဖြင့် အံ့မခန်းကာကွယ်နိုင်ခဲ့သည့်အတွက် ပြိုင်ပွဲတစ်လျှောက်တွင် ခြွင်းချက်မရှိ အကောင်းဆုံးဂိုးသမားအဖြစ်ရပ်တည်နိုင်ခဲ့ကြောင်း၊ ၎င်း၏အသင်းသာ ယခုထက်ပိုမိုတောင့်တင်းမည်ဆိုပါက ချန်ပီယံဖြစ်သည်အထိ ပို့ဆောင်ပေးနိုင်မည့်ကစားသမားတစ်ဦးဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

အသင်းခေါင်းဆောင် နေလင်းထွန်းသည် မြန်မာအသင်း၏ အဓိကကစားသမားတစ်ဦးဖြစ်ကြောင်း၊ အသင်း၏ ကစားသမားများကို ဦးဆောင်နိုင်ခဲ့ကြောင်း၊ ကွင်းလယ်မှတစ်ဆင့် ဘောလုံးကို ထိထိရောက်ရောက်ပို့ပေးနိုင်သည့်အပြင် တိုက်စစ်အထိ လိုက်ပါနိုင်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း၊ သွင်းဂိုး သုံးဂိုးနှင့်အတူ အသင်းကို ဖိုင်နယ်ပွဲအထိဆွဲခေါ်လာသူတစ်ဦးဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။

ထို့အတူ ကွင်းလယ်ကစားသမား စည်သူအောင်သည် ယခုဆီးဂိမ်းတွင် အထင်ပေါ်ဆုံးကစားသမားတစ်ဦးဖြစ်ကြောင်း၊ သွက်လက်ပြီး ၎င်း၏ခြေထောက်များသည် တစ်ဖက်ကစားသမားကို လှည့်စားနိုင်စွမ်းရှိကြောင်း၊ ကွင်းလယ်ကစားသမားတစ်ဦးအနေဖြင့် ငါးဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းမှာ ၎င်း၏ကျွမ်းကျင်မှုရှိခြင်းကို ပြသနေကြောင်း ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် အသင်းခေါင်းဆောင် နေလင်းထွန်းသည် ယခုကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် ရွေးချယ်ခဲ့သည့်အထူးချွန်ဆုံးသော ကစားသမား ၁၀ ဦးစာရင်းတွင်လည်း ပါဝင်ခဲ့သည်။



မြန်မာယူ-၂၃အသင်းသည် ဖိုင်နယ်ပွဲတွင် လက်ရှိချန်ပီယံ ထိုင်းအသင်းကိုမည်သို့မျှ မယှဉ်နိုင်ဘဲ သုံးဂိုးပြတ်ဖြင့် အရှုံးပေးကာ ဒုတိယနေရာကိုသာ ရယူနိုင်ခဲ့သည်။

မြန်မာ ယူ-၂၃အသင်းသည် အုပ်စုတွင်းပထမဖြင့်ဆီမီးဖိုင်နယ်သို့တက်ရောက်ကာ ဆီမီးဖိုင်နယ်တွင် ခြေစွမ်းထက်လှသည့် ဗီယက်နမ်အသင်းကို အနိုင်ယူကာ ဖိုင်နယ်ပွဲသို့တက်ရောက်နိုင်ခဲ့သည့်အတွက်ပြည်သူများ၏ ချစ်ခြင်းမေတ္တာတရားကို အပြည့်အဝရရှိခဲ့သည်။

ထို့ပြင်မြန်မာယူ-၂၃အသင်းသည် ယခုဆီးဂိမ်းပြိုင်ပွဲတွင် ကစားခဲ့သမျှ ပွဲစဉ်တစ်လျှောက်လုံးတွင် ပွဲချိန်ပြည့်သက်လုံကောင်းကောင်းဖြင့် ကစားအားကျမသွားဘဲ အစွမ်းကုန်ယှဉ်ပြိုင်နိုင်ခြင်းမှာ ဂျာမနီနိုင်ငံသားကြံ့ခိုင်ရေးမှူး မားကပ်စ်ကြောင့်ဖြစ်ကြောင်း ကစားသမားအားလုံးက တညီတညွတ်တည်း ထောက်ခံခဲ့ကြသည်။

## (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအသင်း ရွှေ ၁၂ခုသာရရှိခဲ့ပြီး မှန်းချက်နှင့်နှမ်းထွက် မကိုက်ခဲ့

(၂၈)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို စင်ကာပူနိုင်ငံတွင် မေလ ၂၉ရက်နေ့မှ ဇွန်လ ၁၆ရက်နေ့အထိ ကျင်းပခဲ့ရာ ထိုင်းနိုင်ငံက ရွှေတံဆိပ် ၉၅ ခု၊ ငွေတံဆိပ် ၈၅ ခု၊ ကြေးတံဆိပ် ၆၉ခုဖြင့် ပထမရရှိခဲ့ကာ အိမ်ရှင်စင်ကာပူအသင်းက ရွှေတံဆိပ် ၈၄ ခု၊ ငွေတံဆိပ် ၇၃ ခု၊ ကြေးတံဆိပ် ၁၀၂ ခုဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဗီယက်နမ်အသင်းက ရွှေတံဆိပ် ၇၅ ခု၊ ငွေတံဆိပ် ၅၃ ခု၊ ကြေးတံဆိပ် ၆၀ဖြင့် တတိယနေရာတွင် ရပ်တည်ခဲ့သည်။



မလေးရှားအသင်းက ရွှေတံဆိပ် ၆၂ခု၊ ငွေတံဆိပ် ၅၈ခု၊ ကြေးတံဆိပ် ၆၆ခုဖြင့် စတုတ္ထ၊ အင်ဒိုနီးရှားအသင်းက ရွှေတံဆိပ် ၄၇ ခု၊ ငွေတံဆိပ် ၆၁ခု၊ ကြေးတံဆိပ် ၇၄ခုဖြင့် ပဉ္စမ၊ ဖိလစ်ပိုင်အသင်းက ရွှေတံဆိပ် ၂၉ ခု၊ ငွေတံဆိပ် ၃၆ခု၊ ကြေးတံဆိပ် ၆၆ဖြင့် ဆဌမနေရာတွင် ရပ်တည်နေခဲ့သည်။

မြန်မာအသင်းသည် ရွှေတံဆိပ် ၁၂ခု ငွေတံဆိပ် ၂၆ခု၊ ကြေးတံဆိပ် ၃၁ခုဖြင့် အဆင့်ခုနစ်နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့မသွားရောက်မီက ရွှေတံဆိပ် ၅၀ ရယူရန် ရည်မှန်းချက်ထားပြီး သွားရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ပြိုင်ပွဲကျင်းပသည့်အခါတွင် မြန်မာအသင်းသည် ရွှေတံဆိပ်အများဆုံးရရှိရန် ခန့်မှန်းထားသည့် ပြိုင်ပွဲများတွင်ပင် ရွှေတံဆိပ်များ ရယူနိုင်ခြင်းမရှိခဲ့သည့်အတွက် မှန်းချက်နှင့်နှမ်းထွက် မကိုက်ခဲ့ပေ။

မြန်မာအသင်းသည် အဆိုပါအားကစားပြိုင်ပွဲသို့ အားကစား သမားပေါင်း ၃၈၂ ဦးဖြင့် အားကစားနည်းပေါင်း ၂၆ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

**မြန်မာအသင်း၏အားကစားနည်းအလိုက်ဆုတံဆိပ်ရရှိမှုမှတ်တမ်း**

| စဉ် | အားကစားနည်း | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ပြေးခုန်ပစ် | - | ၂ | ၄ | ၆ |
| ၂။ | ဘိလိယက်နှင့်စနူကာ | ၁ | ၄ | ၃ | ၈ |
| ၃။ | လက်ဝှေ့ | | | ၅ | ၅ |
| ၄။ | ကနူး/ကယက် | ၂ | ၂ | ၂ | ၆ |
| ၅။ | ဘောလုံး(ကျား) | - | ၁ | - | ၁ |
| ၆။ | ဟော်ကီ | - | - | ၁ | ၁ |
| ၇။ | ဂျူဒို | ၂ | ၃ | ၂ | ၇ |
| ၈။ | ပီတန်း | - | - | ၂ | ၂ |
| ၉။ | ပိုက်ကျော်ခြင်း | ၁ | ၃ | - | ၄ |
| ၁၀။ | ခြင်းလုံး | ၂ | - | - | ၂ |
| ၁၁။ | သေနတ်ပစ် | - | - | ၂ | ၂ |
| ၁၂။ | တိုက်ကွမ်ဒို | - | ၁ | ၁ | ၂ |
| ၁၃။ | ရိုးရာလှေ | ၁ | ၅ | ၂ | ၈ |
| ၁၄။ | အနောက်တိုင်းလှေ | - | ၂ | ၅ | ၇ |
| ၁၅။ | ဘောလီဘော(ကျား) | - | - | ၁ | ၁ |
| ၁၆။ | ဝူရှူး | ၃ | ၃ | ၁ | ၇ |
| | စုစုပေါင်း | ၁၂ | ၂၆ | ၃၁ | ၆၉ |

## နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ရလဒ်သည် မဆိုးပါဘူးဟု မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်ဆို

ရုရှားနိုင်ငံတွင် ၂၀၁၇ ခုနှစ်၌ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ခြေစစ်ပွဲအဖြစ် ထိုင်းနိုင်ငံဗန်ကောက်ရှိ ရာဇဌာနဘောလုံးကွင်းအား အိမ်ကွင်းအဖြစ်အသုံးပြု၍ ယှဉ်ပြိုင်ကစားလျက်ရှိသည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ပြီးခဲ့သည့် ဇွန် ၁၆ရက်က တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ယင်းရလဒ်နှင့်ပတ်သက်၍ နည်းပြချုပ် အီဗရာမိုဗစ်က “၂-၀ နဲ့ ရှုံးတာဆိုတော့ ရလဒ်မဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ ဂိုးတွေကို တည်ကန်ဘောတွေကနေ ပေးလိုက်ရတာ ကျွန်တော်တို့ကံဆိုးတာပါ။ ပထမဂိုးဆို ကျွန်တော့်ခံစစ်သမားတွေ အာရုံစူးစိုက်မှုလျော့နည်းသွားချိန် ပေးလိုက်ရတာပါ။ မဟုတ်ရင် ဒီထက် ရလဒ်ကောင်းနိုင်ပါတယ်။ နောက်တစ်ချက်က ကိုရီးယားအသင်းဟာ ကျွန်တော်တို့ကို အလေးမထားခဲ့ပါဘူး။ ဒါကြောင့် သူတို့ ရသင့်တဲ့ဂိုးတွေ မရခဲ့ဘူး။ ခြုံပြီးပြောရရင်တော့ ဒီပွဲမှာ တိုက်ခိုက်လိုစိတ်အပြည့်နဲ့ အစွမ်းကုန် ကြိုးစားကစားခဲ့ကြပါတယ်။ တောင်ပံကနေ တိုက်စစ်ဆင်ဖို့ မှာကြားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ တန်ပြန်တိုက်စစ်ကို ကောင်းကောင်းအသုံးမပြုနိုင်ခဲ့တာတွေ ရှိပေမယ့် သူတို့ကောင်းကောင်း ကစားနိုင်ခဲ့ပါတယ်။ ၂-၀ဆိုတဲ့ရလဒ်ဟာ ရလဒ်ဆိုးမဟုတ်ပါဘူး”ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဇုန်အုပ်စု(ဆ)တွင် တောင်ကိုရီးယား၊ လက်ဘနွန်၊ ကူဝိတ်၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်း အတူကျရောက်နေသည်။ မြန်မာ့လက်ရွေးစင် အသင်းသည် ဇွန်လ ၁၁ ရက်က လာအိုအသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

## သုံးနှစ်ဆက် ပီဂျီအေဆုဖလားပိုင်ဆိုင်ပြီးနောက် ကမ္ဘာ့အဆင့်တစ်သို့ အင်ဘီးပါ့ခ် ပြန်တက်လာ



တောင်ကိုရီးယား ဂေါက်သီးမယ် အင်ဘီးပါ့ခ်သည် အမျိုးသမီး ပီဂျီအေ ချန်ပီယံရှစ်ပြိုင်ပွဲတွင် သုံးနှစ်ဆက် ဗိုလ်စွဲခဲ့ပြီးနောက် ယခုနှစ်ဖေဖော်ဝါရီ ၁ ရက်ကတည်းက လက်လွှတ်ထားရသော ကမ္ဘာ့အဆင့်တစ် နေရာကို နယူးဇီလန်ဂေါက်သီးမယ် လိုင်ဒီယာကိုထံမှ ပြန်လည်ရယူနိုင်ခဲ့သည်။

အမျိုးသမီးဂရင်းဆလင်းပြိုင်ပွဲတစ်ရပ်ဖြစ်သည့် ပီဂျီအေချန်ပီယံရှစ်ပြိုင်ပွဲကို နယူးယောက်မြို့ Westchester Country Club ၌ကျင်းပခဲ့ရာ အင်ဘီးပါ့ခ်က စုစုပေါင်းရိုက်ချက် ၂၇၃(-၁၉)ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

အဖွင့်နေ့တွင် ၇၁ ချက်ရိုက်ပြီး လက်စွမ်းမပြနိုင်ခဲ့သော အင်ဘီးပါ့ခ်မှာ နောက်သုံးရက်တွင်မူ ပုံမှန်လက်စွမ်းပြန်ရပြီး ၆၈၊ ၆၆၊ ၆၈ရိုက်နိုင်ခဲ့သဖြင့် ဒုတိယနေရာမှ တစ်နိုင်ငံတည်းသူ ကင်စေယောင်ကို ငါးချက်အသာရပြီး ဆုကြေး အမေရိကန်ဒေါ်လာ ၅၂၅,၀၀၀ ဆွတ်ခူးနိုင်ခဲ့သည်။

အင်ဘီးပါ့ခ်သည် နောက်ဆုံးသုံးရက်တွင် ၅၆ ကျင်းဆက်တိုက် တစ်ချက်ပို (ဘူဂီ)လုံးဝမဖြစ်ခဲ့သဖြင့် ခရစ္စတီကားလ် (၂၀၁၀)၊ ယာနီဆန်း(၂၀၁၁)တို့ တင်ထားသော စံချိန်ကိုလိုက်မီခဲ့သည်။ ပီဂျီအေချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၁၄အထိ LPGA ချန်ပီယံရှစ်အဖြစ် ကျင်းပခဲ့ပြီး အင်ဘီးပါ့ခ်သည် ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅ သုံးနှစ်ဆက် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

## မြက်ခင်းကွင်းဖလားကိုရယူပြီး မာစီဒီးစ်ပြိုင်ကား လက်ဆောင်ရရှိသော်လည်း Aegon Championship ပြိုင်ပွဲမှ နာဒဲလ် ထွက်ခဲ့ရပြီ



စပိန်တင်းနစ်သမား ရာဖေးလ်နာဒဲလ်သည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျင်းပခဲ့သည့် မာစီးဒီးစ်ဖလားပြိုင်ပွဲတွင် အနိုင်ရရှိကာ ဆုဖလားနှင့် ဆုကြေးငွေများကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ယခုတစ်ပတ်အတွင်း ကျင်းပသည့် Aegon Championship ပြိုင်ပွဲတွင်မူ လက်ရည်စစ်ပွဲပထမအဆင့်မှပင် ထွက်ခဲ့ရပြီဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဂျာမနီနိုင်ငံ၊ စတုဂတ်မြို့တွင်ကျင်းပသည့် မာစီဒီးစ်ဖလားပြိုင်ပွဲတွင် စပိန်နိုင်ငံသား တင်းနစ်ချန်ပီယံနာဒဲလ်သည် ၂၀၁၀ ဝင်ဘယ်ဒန်ချန်ပီယံရှစ်နောက်ပိုင်း ငါးနှစ်အတွင်း ပထမဆုံး မြက်ခင်းကွင်းဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

စတုဂတ်အိုးပင်းဟုလည်းခေါ်သော ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲတွင် နာဒဲလ်သည် ဆားဘီးယားမှ ကမ္ဘာ့အဆင့် ၂၈ ရှိသည့် ဗစ်တာထရော့စကီးကို ၁ နာရီ ၂၈ မိနစ်အတွင်း ၇-၆ (၇-၃)၊ ၆-၃ဖြင့် နှစ်ပွဲပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကစားသမားဘဝတွင် ၆၅ ကြိမ်မြောက် ဖိုင်နယ်ပွဲအဖြစ် ကစားခဲ့သော နာဒဲလ်မှာ ၆၆ လုံးမြောက် ဖလားဆွတ်ခူးနိုင်ခဲ့ပြီး ယခုရာသီအတွက်မူ ဒုတိယမြောက်ဖလားဖြစ်ခဲ့သည်။ မြေစေးကွင်း ဖလား ၄၆လုံး ဆွတ်ခူးထားပြီး မြေစေးကွင်းဘုရင်အဖြစ် ကျော်ကြားသော နာဒဲလ်အတွက် မြက်ခင်းကွင်းပြိုင်ပွဲများတွင် လေးကြိမ်မြောက်ဗိုလ်စွဲခဲ့ခြင်း လည်းဖြစ်သည်။

မြက်ခင်းကွင်းပြိုင်ပွဲတွင် နာဒဲလ် နောက်ဆုံးဗိုလ်စွဲခဲ့သည်မှာ ၂၀၁၀ ဝင်ဘယ်ဒန်ပြိုင်ပွဲတွင်ဖြစ်ပြီး ၂၀၁၁ ဝင်ဘယ်ဒန်ပြိုင်ပွဲတွင် ဖိုင်နယ်တက်ခဲ့သေးသော်လည်း ဂျိုကိုဗစ်အား ရှုံးနိမ့်ခဲ့ရသည်။

မာစီဒီးစ်ဖလားပြိုင်ပွဲကို ယခင်က မြေစေးကွင်းတွင် ကစားခဲ့သော်လည်း လက်ရှိအချိန်တွင်မူ ဝင်ဘယ်ဒန်ပြိုင်ပွဲ အကြိုလက်ရည်စစ်ပြိုင်ပွဲအဖြစ် မြက်ခင်းကွင်းတွင် ကစားစေခဲ့သည်။

နာဒဲလ်မှာ ၂၀၀၅ နှင့် ၂၀၀၇ ခုနှစ်တွင်လည်း ဗိုလ်စွဲခဲ့သေးရာ မြေစေးနှင့် မြက်ခင်းကွင်းအမျိုးအစား နှစ်ခုစလုံးတွင် ဗိုလ်စွဲနိုင်သည့် ပထမဆုံး တင်းနစ်သမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ နာဒဲလ်မှာ ရှစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မာစီဒီးစ်ဖလားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းလည်းဖြစ်ပြီး ယခုလ ၂၉ ရက်နေ့တွင်စတင်မည့် ဝင်ဘယ်ဒန်ပြိုင်ပွဲအတွက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမြင့်တက်စေခဲ့သည်။

သို့သော် နာဒဲလ်သည် အဆိုပါပြိုင်ပွဲအပြီး လန်ဒန်မြို့တွင် ဆက်လက်ကျင်းပသည့် Aegon Championship ပြိုင်ပွဲတွင် ယူကရိန်းမှ အလက်ဇန္ဒားဒိုကိုပိုလော့ဗ်ကို သုံးပွဲပြတ် ရှုံးနိမ့်ကာ ပြိုင်ပွဲ၏ပထမအဆင့်မှာပင် ထွက်ခဲ့ရပြီဖြစ်သည်။

ယင်းပြိုင်ပွဲ၌ နိုင်ခြေသတ်မှတ်ချက် ငါးရရှိထားသည့် နာဒဲလ်သည် ဒိုကိုပိုလော့ဗ်ကို ၆-၃ ၆-၇ (၆-၈) ၆-၄ သုံးပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ယင်းရှုံးပွဲကြောင့် နာဒဲလ်သည် ကမ္ဘာ့အဆင့် တက်လာခြင်း မရှိသေးပေ။

## လက်ဖြတ်ပစ်ရမည်ကိုပင် စိုးရိမ်မိခဲ့သလို ကမ္ဘာ့ချန်ပီယံရှစ် ပြိုင်ပွဲကိုပါ လွဲချော်မည်ဟု ပီယာဆန်အတည်ပြု

ဩစတြေးလျတန်းကျော်အပြေးမယ် ဆယ်လီပီယာဆန်က ရောမဒိုင်းမွန်းလိဂ်ပြိုင်ပွဲတွင်ရရှိခဲ့သော လက်ကောက်ဝတ်ဒဏ်ရာမှာ ပြင်းထန်လွန်းသဖြင့် လက်ဖြတ်ပစ်ရမည်ကိုပင် စိုးရိမ်ပူပန်ခဲ့ရသည်ဟု ဝန်ခံခဲ့သည်။

၂၀၁၂ လန်ဒန်အိုလံပစ် မီတာ ၁၀၀ တန်းကျော်ပြေးပွဲ ရွှေတံဆိပ်ဆုရှင် ပီယာဆန်မှာ ယခုလအစောပိုင်းကကျင်းပခဲ့သည့် ရောမဒိုင်းမွန်းလိဂ်ပြိုင်ပွဲတွင် ခြေချော်လဲကျပြီး လက်ကောက်ဝတ်အရိုးကျိုးသွားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူခဲ့ရသော ပီယာဆန်က မိမိ၏လက်ကောက်ဝတ်ထဲတွင် အရိုးများပေါက် ကွဲကြေမွသွားသလို ခံစားခဲ့ရကြောင်း၊ ဘဝတွင်တစ်ခါမှအရိုးမကျိုးခဲ့ဘူးသလို ဒဏ်ရာကိုချုပ်ခြင်း၊ ခွဲစိတ်ကုသခြင်းမျိုးလည်း တစ်ခါမှ မလုပ်ခဲ့ဘူးကြောင်း၊ ထို့ကြောင့် ယခုလိုဖြစ်သည့်အခါ အတွေ့အကြုံမရှိသဖြင့် ပိုမိုထိတ်လန့်ခဲ့ရပြီး လက်ကိုအရင်းမှဖြတ်ပစ်ရမည်ဟုပင် စိုးရိမ်ခဲ့မိကြောင်း ပီယာဆန်က ဆိုခဲ့သည်။ ပီယာဆန်သည် ထပ်မံ၍ခွဲစိတ်ကုသမှု ခံယူရဦးမည်ဖြစ်ပြီး ရက်သတ္တပတ်အတန်ကြာ ထပ်မံအနားယူရမည်ဖြစ်၍ ဩဂုတ်လအတွင်း ကျင်းပမည့် ကမ္ဘာ့ ချန်ပီယံရှစ်ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့ပြီး ၂၀၁၆ အိုလံပစ်အတွက်သာ အာရုံစိုက်တော့မည်ဟု ဆိုခဲ့သည်။



## ကိုပါအမေရိကဖလားပြိုင်ပွဲ၏အုပ်စု(ဂ)ပွဲစဉ်၌ ပွဲသိမ်းခရာမှုတ်ချိန်တွင် ဘရာဇီးအသင်း၏ တိုက်စစ်မှူးနေမာနှင့် ကိုလံဘီယာအသင်းမှ ကားလို့စ်ဘာကာတို့ အထုတ်ခံရ

ကိုပါအမေရိကဖလားဘောလုံးပြိုင်ပွဲ၏အုပ်စု(ဂ)ပွဲစဉ်တစ်ပွဲဖြစ်သည့် ဘရာဇီးအသင်းနှင့် ကိုလံဘီယာအသင်းတို့၏ပွဲစဉ်ကို ဇွန် ၁၇ရက်က ချီလီနိုင်ငံ ဆန်တီယေဂိုမြို့တွင်ကျင်းပခဲ့ရာ ဘရာဇီးအသင်းက ကိုလံဘီယာအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

အဆိုပါပွဲတွင် ကွင်းလယ်ဒိုင်လူကြီး၏ ပွဲချိန်မိနစ် ၉၀ပြည့်သည့် ပွဲသိမ်းခရာမှုတ်ချိန်တွင် ဘရာဇီးအသင်းမှ နေမာနှင့် ကိုလံဘီယာအသင်းမှ ကားလို့စ်ဘာကာတို့ကို အနီကတ်ပြ၍ ကွင်းလယ်ဒိုင်လူကြီးက ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ကွင်းလယ်ဒိုင်လူကြီး၏ပွဲသိမ်းခရာမှုတ်ချိန်တွင် ဘရာဇီးအသင်းတိုက်စစ်မှူး နေမာသည် ကိုလံဘီယာအသင်းမှ ကျောနံပါတ် ၇ ပတ်ဘလိုအေမီရိုအား ဘောလုံးဖြင့် ပိတ်ကန်ခဲ့သဖြင့် ပတ်ဘလိုမှာ ကျောကုန်းကို ဘောလုံးမှန်သည့်ဒဏ်ကြောင့် နေရာတွင် လဲကျသွားခဲ့သည်။

ယင်းဖြစ်ရပ်ကို မြင်တွေ့လိုက်သည့် ကိုလံဘီယာအသင်းမှ ကားလို့စ်ဘာကာကလည်း နေမာကို နောက်မှနေ၍ တွန်းထုတ်ခဲ့သဖြင့် ကွင်းလယ်ဒိုင်လူကြီး ချီလီနိုင်ငံသား အန်းနရစ်အော့စ်က နှစ်ဦးစလုံးကို အနီကတ်ပြကာ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းသည် ကမ္ဘာ့ပြိုင်ပွဲများတွင် ကိုလံဘီယာအသင်းကို ရှုံးနိမ့်ခဲ့ရခြင်းမရှိသည်မှာ နှစ်ပေါင်း ၂၄ နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ယခုတစ်ကြိမ်တွင် ရှုံးနိမ့်ခဲ့သဖြင့် အရှက်ရကာ နေမာက ယခုကဲ့သို့ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ပွဲချိန်တစ်လျှောက်လုံးတွင်လည်း ကိုလံဘီယာနောက်တန်းခံစစ်မှူးများက နေမာအား ဂိုးသွင်းခွင့်မရရှိစေရန် ပိတ်ဆို့ကာကွယ်မှုများပြုလုပ်ခဲ့သဖြင့်ဘရာဇီး အသင်း ဂိုးကံခေကာ ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ကိုလံဘီယာအသင်းသည် ပွဲချိန် ၃၆မိနစ်တွင် ဂျေဆင်မူရီလို၏သွင်းဂိုးတစ်လုံးတည်းဖြင့် ဘရာဇီးအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ အထုတ်ခံရမှုကြောင့် နေမာသည် ဇွန် ၂၁ရက်တွင်ယှဉ်ပြိုင်ရမည့် ဗင်နီဇွဲလားနှင့်ပွဲစဉ်ကို လွဲချော်ရတော့မည်ဖြစ်သည်။ ဘရာဇီးအသင်းသည်အုပ်စု(ဂ)တွင် ကိုလံဘီယာအသင်းနှင့်အမှတ်တူ ဂိုးကွာခြားချက်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်နေသည်။



# ပန်းကလေးများမနွမ်းစေလိုသူ



ကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ် ၆ မှ သင်တန်းသား/သင်တန်းသူများဟာ ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကို လေ့လာရန်အတွက် မြဝတီ မြို့သို့ ဇွန်လ ၁၂ ရက်နေ့ညက ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြပါတယ်။ ကျွန်တော်ဟာ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် ၄ မှာ တက်ရောက်ခဲ့တဲ့သင်တန်းသားတစ်ဦးဖြစ်ပါတယ်။ အမှတ်စဉ် ၆ ရဲ့သင်တန်းသားတွေ မြဝတီမြို့ကိုသွားရောက်ပြီး ကုန်သွယ်မှု ဆိုင်ရာတွေကို သွားရောက်လေ့လာ မယ်ဆိုတဲ့အတွက် သူတို့နဲ့လိုက်ပါဖြစ်ခဲ့ ပါတယ်။ မြဝတီမြို့မှာ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများကိုလေ့လာခဲ့ပြီးနောက် ထိုင်းနိုင်ငံမဲဆောက်မြို့သို့ ဆက်လက် ထွက်ခွာခဲ့ပါတယ်။

မဲဆောက်မြို့ဟာ မြဝတီနဲ့ ဟိုဘက်ကမ်းဒီဘက်ကမ်းသာခြားပေမယ့် ဖွံ့ဖြိုးတိုးတက်မှုကတော့များစွာကွာ ခြားတာကိုမြင်တွေ့ခဲ့ရပါတယ်။ ကျွန် တော်တို့ သင်တန်းသားများဟာ မဲဆောက်မြို့၊ တပ်ခရိုင်၊ ဟုန်ဖအရပ် ကို ရောက်ရှိခဲ့ပါတယ်။

ထိုင်းနိုင်ငံ၊ ဟုန်ဖအရပ်ဟာ ပန်းအမျိုးမျိုးကို အဓိက စိုက်ပျိုးပြီး ဥရောပနဲ့ အာရှနိုင်ငံတွေကို တင်ပို့နေတဲ့ နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်တဲ့ နေရာလေးတစ်ခုပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ သင်တန်းသားတွေဟာ ထိုင်းနိုင်ငံ၊ တပ်ခရိုင်၊ ဟုန်ဖအရပ်မှာရှိတဲ့ နှင်းဆီပန်းတွေကိုသာ စိုက်ပျိုးတဲ့ နေရာကြီးကို ရောက်ရှိသွားခဲ့ပါတယ်။

ဟုန်ဖအရပ်မှာရှိတဲ့ပန်းစိုက်ခင်း ဟာ စုစုပေါင်းရိုင် ၃၀၀၀ (တစ်ဧက= ၂ ဒသမ ၅ ရိုင်) လောက်ကျယ်ဝန်း တယ်လို့ဆိုပါတယ်။ အဲဒီစိုက်ခင်းကနေ တစ်ရက်ကိုပန်းပွင့်ပေါင်းတစ်သန်းနီးပါး ဈေးကွက်ထဲသို့ တင်ပို့ရောင်းချရတယ် လို့ဆိုပါတယ်။ ဒါပေမယ့်လည်း ပန်းဆိုတဲ့ အရာမျိုးဟာဘယ်လောက်ပဲ အကိုင်အတွယ်နူးညံ့ပါစေ။ ပျက်စီးတတ်တာက သဘာဝတရားဖြစ်တာကြောင့် နှင်းဆီပန်းတွေကို မပျက်မစီးစေဘဲ အထားခံအောင်ပြုလုပ်ပြီး ဈေးကွက်သို့တင်ပို့ရောင်းချတယ်လို့ ဆိုပါတယ်။ နည်းပညာအရတာရှည်ခံအောင်ပြုလုပ်ထားတဲ့နှင်းဆီပန်းတွေဟာ ၁၀ နှစ်အထိ အထားခံတယ်လို့ ဆိုပါတယ်။ အဲဒီပန်းတွေကို ပြည်တွင်းဈေးကွက်မှာ ရောင်းချခြင်းမပြုဘဲ ပြည်ပနိုင်ငံတွေ ဖြစ်တဲ့ ဥရောပနိုင်ငံတွေ၊ ဂျပန်နဲ့ တောင်ကိုရီးယားတို့သို့ တင်ပို့ရောင်းချတယ်လို့ ဆိုပါတယ်။

ကျွန်တော်တို့ဟာ မဲဆောက်မြို့ ကုန်သည်ကြီးများ အသင်း ဥက္ကဋ္ဌရဲ့ နှင်းဆီပန်းစိုက်ခင်းကို လေ့လာခွင့်ရခဲ့ပါ တယ်။

ကျွန်တော်တို့လေ့လာခဲ့တဲ့ နှင်းဆီပန်းစိုက်ခင်းရဲ့ပိုင်ရှင်ဖြစ်တဲ့ မဲဆောက်မြို့ကုန်သည်ကြီးများအသင်း ရဲ့ဥက္ကဋ္ဌကြီးကတော့ သူ့ရဲ့ပန်းတွေကို ဘယ်တော့မှ မညှိုးမနွမ်းစေချင်ဘူးလို့ ဆိုပါတယ်။ သူဟာ ပန်းတွေကို မညှိုး မနွမ်းအောင်ပြုလုပ်ပြီးတော့ ဥရောပနဲ့ အာရှနိုင်ငံတွေကို တင်ပို့တယ်လို့ ဆိုပါ တယ်။

သူ့ရဲ့ခြံဟာ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၆၀၀ လောက်မြင့်တဲ့ နေရာမှာရှိပြီး မဲဆောက်မြို့ကနေ ကီလို မီတာ ၄၀ လောက်ဝေးတဲ့နေရာမှာ တည်ရှိပါတယ်။ သူ့ရဲ့နှင်းဆီပန်းခြံဟာ စုစုပေါင်း ရိုင် ၄၀ လောက်ကျယ်ဝန်း ပြီး လွန်ခဲ့တဲ့နှစ် ၂၀ လောက်က စတင် စိုက်ပျိုးခဲ့တယ်လို့ ဆိုပါတယ်။ သူဟာ အရင်တုန်းကအဲဒီနေရာမှာ လိမ္မော်ပင်တွေ စိုက်ခဲ့ပေမယ့် နောက်ပိုင်းမှာ နှင်းဆီပန်းကို ပြောင်းလဲစိုက်ပျိုးခဲ့တယ်လို့ ဆိုပါတယ်။

ဒါပေမယ့်လည်း ထိုင်းဘုရင်ကြီးက သီးနှံမျိုးစုံကို စိုက်ပျိုးဖို့ လမ်းညွှန် ခဲ့တဲ့အတွက် ဒူးရင်း၊ သစ်ကြားသီး၊ လိမ္မော်၊ သရက်၊ ပိန္နဲ၊ နေကြာ၊ စောင်း လျားအပါအဝင် သီးနှံ ၁၀ မျိုးကျော် စိုက်ပျိုးထားတယ်လို့ ဆိုပါတယ်။ နှင်းဆီပန်းကိုတော့ ၁၀ ရိုင်လောက် စိုက်ပျိုးထားပြီးတစ်နှစ်ကို အပွင့်ရေ ၁၀ သန်းလောက်ရောင်းချရတယ်လို့ ဆိုပါတယ်။ နှင်းဆီပန်းတစ်ပွင့်ကို တစ်ဘတ်ကနေ လေး၊ ငါးဘတ်အထိ ရာသီအလိုက်ရရှိတယ်လို့ ဆိုပါတယ်။ နှင်းဆီပန်းလှိုင်လှိုင်ပွင့်တဲ့အချိန်မှာ ဈေးကွက်ထဲကို အကုန်မပို့နိုင်တဲ့အတွက် ဖန်ပုလင်းအတွင်းထည့်ပြီး ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချတယ်လို့ ဆိုပါတယ်။ အဲဒီလိုတင်ပို့ရောင်းချရာမှာ ဘတ် ၅၀ ၆၀ လောက်ရရှိသလို ပုလင်းအကြီး အသေးပေါ် မူတည်ပြီး ဘတ် ၁၀၀ ကျော်အထိရရှိတယ်လို့ ဆိုပါတယ်။

ပုလင်းအတွင်းသို့ ပန်းပွင့်ကို ထည့်တဲ့နည်းကတော့ ဦးစွာပထမ နှင်းဆီပန်းအပွင့်ကောင်းများကိုရွေးပြီး ရိုးတံကိုဖြတ်ကာ ရေစိမ်ရပါတယ်။ အဲဒီ နောက်အစိုဓာတ် ကုန်သွားစေရန်အတွက် ဆီလီကာသဲထဲမှာ ရက်အနည်းငယ် ထားရပါတယ်။ အဲဒီနောက် ဖန်ပုလင်းအတွင်းသို့ထည့်ပြီး လေဟာနယ် ဖြစ်အောင် လေတွေကို စုပ်ထုတ်ရမှာ ဖြစ်ပါတယ်။ တချို့ပန်းတွေကိုတော့ ပုလင်းထဲမထည့်ခင်မှာ လိုသလို အရောင်ဆိုးခြင်းတွေကိုပြုလုပ်တယ်လို့ ဆိုပါတယ်။

ဆီလီကာသဲကို အသုံးပြုရတဲ့ အကြောင်းကတော့ ဆီလီကာသဲဟာ ပန်းပွင့်မှရေငွေ့ကို စုပ်ယူပြီး ပန်းပွင့်မှာ ရှိတဲ့ အကြောကလေးတွေ မာပြီးတင်းသွားစေနိုင်တဲ့အတွက် အသုံးပြုရတာ ဖြစ်ပါတယ်။ အဲဒီသဲကို တစ်ကြိမ်အသုံး ပြုပြီးတိုင်း မိုက္ကရိုဝေ့ဖ်မီးဖိုနဲ့ အစိုဓာတ်ကုန်အောင်ပြန်ပြင်ပြီး ထပ်မံအသုံးပြု လို့ရပါတယ်။ ဆီလီကာသဲတစ်တန်ကို ဘတ်နှစ်သိန်းခန့်ပေးရပြီး နှစ်နှစ်ကြာ အကြိမ်ကြိမ်ပြန်လည်အသုံးပြုလို့ရတယ်လို့ ဆိုပါတယ်။

အဲဒီစိုက်ခင်းပိုင်ရှင်ဟာ သူ့ရဲ့ ပန်းခင်းမှာ အပြင်ဘက်တန်းက အလှဆုံးပန်းတွေကို မခူးဘဲ သူ့ရဲ့ခြံတွေကို လေ့လာတဲ့သူတွေ အလှကြည့်ဖို့နဲ့ ဓာတ်ပုံရိုက်ဖို့ ထားရှိတယ်လို့ ဆိုပါ တယ်။ သူဟာအခုဆိုရင် သူ့ရဲ့ခြံထဲမှာ နေကြာပန်းကိုစိုက်ပျိုးထားတယ်လို့ ဆိုပါတယ်။ နေကြာစေ့ကို ထိုင်းနိုင်ငံမှာ ပဲပင်ပေါက်အဖြစ်ပြုလုပ်ပြီး စားသုံးကြတယ်လို့ ဆိုပါတယ်။ နေကြာစေ့ကနေ ပြုလုပ်ထားတဲ့ ပဲပင်ပေါက်ဟာ ကျန်းမာရေးနဲ့ပိုပြီး ညီညွတ်ပါတယ်။ အဲဒီလိုပန်းပင်တွေ စားသုံးသီးနှံတွေကို စိုက်ပျိုးတဲ့အခါမှာ မျိုးရိုးဗီဇပြုပြင်ထားတဲ့ မျိုးစေ့တွေကို အသုံးမပြုသလို မြေဩဇာကိုလည်း သဘာဝမြေဩဇာကိုပဲ အသုံးပြုတယ်လို့ ဆိုပါတယ်။

သူ့ရဲ့စိုက်ပျိုးရေးခြံထဲမှာ ရေမီးအစုံ အလင်ရှိပြီး စိုက်ခင်းများကို ရေလောင်းရ လွယ်ကူအောင်ရေမြောင်းဖောက်ပေးထားပြီး ရေသွယ်ယူတဲ့နည်းလမ်းနဲ့ ရေလောင်းတာမျိုးရှိသလို ရေပိုက်တွေနဲ့ ရေဖျန်း၊ ရေလောင်းတာမျိုးတွေလည်း ရှိပါတယ်။ အဲဒီစိုက်ပျိုးခြံမှာ မြန်မာအလုပ်သမား ၁၂ ဦး၊ ထိုင်း အလုပ် သမား ၇ ဦး၊ ၈ ဦးရှိပြီး အလုပ်သမား တစ်ယောက်ကိုနေ့စဉ်လုပ်အားခ ဘတ် ၃၀၀ (ကျပ်တစ်သောင်းခန့်)ပေးရတယ်လို့ ဆိုပါတယ်။

သူဟာ လုပ်ငန်းစတင်လုပ်ကိုင်ဖို့အတွက် ဘဏ်ကနေ ငွေချေးယူရာမှာ အတိုး ၅ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ ပေးဆောင်ရပါတယ်။ အစိုးရ ဘဏ်မှ ချေးယူပါက အတိုးနှုန်း ၅ ရာခိုင်နှုန်းသာရှိပြီး အတိုးသက်သာတယ်လို့ ဆိုပါတယ်။ စိုက်ပျိုးရေးခြံကနေ တစ်နှစ်ကို အခွန်ငွေအဖြစ် ဘတ် ၇၀၀၀ (ကျပ်ခုနစ်သောင်းခန့်) ပေးသွင်းရတယ်လို့ ဆိုပါတယ်။

ထိုင်းနိုင်ငံ၊ တပ်ခရိုင်၊ ဟုန်ဖ အရပ်ဟာ အဆင့်မြင့်နည်းပညာနဲ့ပြုပြင်ဖန်တီးထားတဲ့ တာရှည်ခံပန်းများကိုပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနေတဲ့ နေရာလေးတစ်နေရာ ဖြစ်နေတာကိုကျွန်တော်တို့သင်တန်းသားတွေ လေ့လာသိရှိခွင့်ရရှိခဲ့ပါတယ်။ ဟုန်ဖအရပ်က ပန်းစိုက်သူတွေအနေနဲ့ သူတို့ရဲ့ပန်းကလေးတွေကို မညှိုးမနွမ်း စေချင်သလို ကျွန်တော်တို့ မြန်မာနိုင်ငံက ပန်းစိုက်သူတွေကရော ပန်းကလေး တွေကို ညှိုးနွမ်းစေချင်သလားဆိုတာ . . . .

| တင်စိန် |

# ကနီမြို့နယ် တဇယ်ချောင်ကျေးရွာမှာ ဆီးစိုက်ပျိုးသူများ အစုအဖွဲ့ ဖွဲ့စည်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်ဟာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီးစိုက်ပျိုးဧက ၆၈၇၃ ရှိပြီး၊ တတိယအများဆုံး ဆီးစိုက်ပျိုးထုတ်လုပ်ရာဒေသဖြစ်ပါတယ်။ ဒေသခံတောင်သူတွေ အနေနဲ့ ဆီးခြံများတွင် ရာသီအလိုက် ပဲစင်းငုံ၊ နှမ်း၊ မြေပဲ၊ ကြက်သွန်တို့ကို သီးညှပ်အဖြစ် စိုက်ပျိုးခဲ့ကြသလို ဆီးပွင့်ရာသီမှာ မွေးမြူရေး ပျားအုံများ အငှားချထားခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကြတာ တွေ့ရပါတယ်။

ဒေသထွက်ဆီးသီးခြောက်ကို ပြည်ပပို့ကုန်အဖြစ် လွန်ခဲ့တဲ့ နှစ်များစွာကတည်းက ထုတ်လုပ်လျက်ရှိပြီး တရုတ်ပြည်ဈေးကွက်ကို အားပြုတင်ပို့ခဲ့ကြတာ တွေ့ရပါတယ်။ ယခုအခါမှာ တရုတ်ဝယ်လက်ရဲ့ ဝယ်လိုအားကျဆင်းမှုကြောင့် ဆီးသီးခြောက်တစ်ပိဿာ ၈၀ ကျပ်သာပေါက်ဈေးရှိသဖြင့် ဒေသခံတောင်သူတွေအနေနဲ့ ဆီးစိုက်ပျိုးမှုအပေါ် စိတ်ဝင်စားမှုလျော့လာပြီး ဆီးပင်များခုတ်ကာယခင်းပြုပြင်မှုတွေများပြားလာတယ်လို့ တောင်သူတွေက ဆိုပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာနအနေနဲ့ နှစ်ရှည်သီးနှံဖြစ်တဲ့ ဆီးစိုက်ခင်းများလျော့ပါးမသွားစေရေး ဈေးကွက်ခိုင်မာစေရေး၊ ဆီးသီးခြောက်များအား တန်ဖိုးမြှင့်ထုတ်ကုန် Value Added ထုတ်လုပ်နိုင်မယ့် နည်းပညာရရှိရေး၊ လိုအပ်တဲ့ အရင်းအနှီးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ ချိတ်ဆက်ပေးနိုင်ရေးအတွက် ဆီးစိုက်တောင်သူတစ်စုတစ်ဝေးတည်းဖြစ်အောင် ဆီးစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့အဖြစ် ကနီမြို့နယ်တဇယ်ချောင်ကျေးရွာနဲ့ ရှမ်းမြောင်း ကျေးရွာတို့ကို ယင်းမာပင်ခရိုင် ဦးစီးမှူး ဦးသန်းပိုနှင့် ကနီမြို့နယ် တာဝန်ခံဦးလှမိုးတို့ က ဇွန်လ ၁၇ ရက်နေ့က သွားရောက်ဖွဲ့စည်း ပေးခဲ့တယ်လို့ သိရပါတယ်။

ဆီးစိုက်ပျိုး ထုတ်လုပ်သူများအစုအဖွဲ့ကို တဇယ်ချောင်ကျေးရွာမှာ အဖွဲ့ဝင် ၄၀ ဦးကို အလုပ်အမှုဆောင် ၅ ဦးဖြင့်လည်းကောင်း၊ ရှမ်းမြောင်းကျေးရွာမှာ အဖွဲ့ဝင် ၁၅ ဦးကို အလုပ်အမှုဆောင် ၅ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းပေးခဲ့ကြပြီး ဆီးသီးခြောက်ဈေးကွက်ခိုင်မာရေး၊ သီးညှပ်အဖြစ် လျှော်ဖြူပင်ကို နှစ်ရှည်သီးနှံအဖြစ် အစားထိုး စိုက်ပျိုးနိုင်ရေးနဲ့ နည်းပညာနဲ့ အရင်းအနှီးလိုအပ်ချက်များ ညှိနှိုင်း ဖြည့်ဆည်းပေးနိုင်ရေးတို့ကို ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

**ထွန်းလှိုင် - မုံရွာ**

# ရောဝတီတိုင်းဒေသကြီးတွင် ARCCI အသင်းဖွဲ့စည်းရန် သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကျင်းပပြုလုပ်



ပုသိမ်မြို့၊ ဧရာရွှေဝါခန်းမတွင် ဇွန်လ ၁၈ ရက်က ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ARCCI ဖွဲ့စည်းရန် သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့ မှတ်တမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနား ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးလှခိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နဲ့ ဌာနမန်နေဂျာများ၊ ခရိုင်ဦးစီးမှူးနဲ့ မြို့နယ်တာဝန်ခံများ၊ UMF-CCI ကုန်သည်များနဲ့ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးအေးလွင်၊ တိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ကွန်ပျူတာလုပ်ငန်းရှင် များနဲ့ အခြားစီးပွားရေးလုပ်ငန်းရှင်များ၊ တစ်သီးပုဂ္ဂလ ဝင်ရာက်အရွေးချယ်ခံသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်းသိရပါတယ်။

၎င်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးလှခိုင်က အဖွင့်အမှာစကားပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးအောင်က ARCCI အသင်းဖွဲ့စည်းရန် သင်းဖွဲ့စည်းမျဉ်းများ၊ သင်းဖွဲ့ မှတ်တမ်းတို့ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်နိုင်ရန် တိုင်းဥပဒေချုပ်ရုံးသို့ တရားဝင်စာနှင့် တင်ပြထားပြီး ယခုအခါ ဥပဒေရုံးမှ အတည်ပြုပြီးဖြစ်သောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့် ပြုချက်ဖြင့် ARCCI အသင်းကိုယခုရက်ပိုင်းအတွင်း ဖွဲ့စည်းသွားမှာဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေးလုပ်ငန်းရှင်များမှ အတူတကွပူးပေါင်းပြီး ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာနဲ့ ချိတ်ဆက်ရောင်းဝယ်နိုင်ရန် ရည်ရွယ်လျက် ARCCI အသင်းကြီးကို ဖွဲ့စည်းရခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် တိုင်းအတွင်း စီးပွားရေးအသင်းပေါင်း ၃၄ သင်းဖွဲ့စည်းထားပြီး ၎င်းတို့ကို ARCCI အသင်းအဖြစ်ဖွဲ့စည်းမှာ ဖြစ်ကြောင်း၊ အသင်းဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်နှင့်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေး ပြောကြားပါတယ်။

ဆက်လက်ပြီး UMFCCI တွဲဖက်အတွင်းရေးမှူး ဦးအေးလွင်ကလည်း ကုန်သည်စက်မှုအသင်းချုပ်များကို စစ်ကိုင်း၊ မန္တလေး၊ ကရင်၊ တနင်္သာရီတိုင်းတို့တွင် ဖွဲ့စည်းပြီးလို့ မွန်ပြည်နယ်၊ မကွေးတိုင်းတို့တွင်လည်း ဆက်လက်ဖွဲ့စည်းနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ်အကုန်တွင် တစ်တိုင်းပြည်လုံး ဖွဲ့စည်းနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံများမှ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် မိမိတို့မှ အသင်းအဖွဲ့များကို အခိုင်အမာဖွဲ့စည်းထားရန်လိုအပ်ကြောင်း၊ နိုင်ငံတကာမှ လာရောက်သူများကလည်း အသင်းအဖွဲ့များနဲ့သာ တွေ့ဆုံဆောင်ရွက်လိုကြောင်း၊ နိုင်ငံတကာမှာ ပုဂ္ဂလိကစီးပွားရေးကဏ္ဍမှာ ၇၀ ရာခိုင်နှုန်းအထိရှိကြောင်း၊ မိမိတို့ တိုင်းဒေသကြီးရဲ့ စီးပွားရေးလုပ်ငန်းများ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍမှာများစွာ အရေးပါတဲ့အတွက် ARCCI အသင်းကို ဖွဲ့စည်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှာ စီးပွားရေး လုပ်ငန်းများဆောင်ရွက်ရန် များစွာရှိနေပြီး ပွင့်လင်းလာသော ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ လုပ်ငန်းရှင်များ နောက်ကျမကျန်ရစ်စေရန် ယခုကတည်းက ကြိုးစားဆောင်ရွက်ရမှာဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသော လုပ်ငန်းရှင်များမှ သိရှိလိုတာတွေကို မေးမြန်းခဲ့ရာ ၎င်းကပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# ပျားကောင်ပွားများရေး ပျားမွေးမြူသူများ ကြိုးစား



ယင်းမာပင်ခရိုင်အတွင်းမှာ ဆည်ရေနှင့်ရေလှောင်ကန်တွင်းများ ချောင်းရေများဖြင့် နွေနှမ်း၊ မိုးနှမ်းများ ရိတ်သိမ်းစိုက်ပျိုးခြင်းလုပ်ငန်းကို ဆောင်ရွက်နေကြရာမှာ အချို့နွေနှမ်းကို စောစွာစိုက်ပျိုးသူများက ရိတ်သိမ်းကြနောက်ကျသူများ၏နှမ်းခင်းများ သီးပွင့်နေကြ၊ မိုးနှမ်းများလည်း ဆက်လက်စိုက်ပျိုးခြင်းဖြင့် လုပ်ငန်းလည်ပတ် လျက်ရှိပါတယ်။

သီးနှံများအဆက်မပြတ် ဖူးပွင့်သီးနေချိန်မှာ ရွှေ့ပြောင်းပျားမွေးမြူရေးသမားများလာရောက်၍ ပျားကောင်များ ပွားခြင်းလုပ်ငန်းကို လုပ်ကိုင်နေကြပါတယ်လို့ ပုလဲမြို့နယ် ရာပြည့်ပျားမွေးမြူရေးလုပ်ကိုင်နေသူ ဦးလှမျိုးအောင်က ပြောပြပါတယ်။ ယခုအချိန်မှာ ပျားရည်ထုတ်လုပ်ခြင်းလုပ်ငန်းကိုမလုပ်ဘဲ ပျားများ ပွားများအောင် လုပ်ကိုင်နေကြရာမှာ ပျားသလက်အတွင်းမှာရှိတဲ့ ပျားကောင်ဥများကို မွှားကောင်များမှ ဝင်ရောက်ကိုက်ဖောက်စားသည့်အတွက် ပျားကောင်ဘဝမရောက်ဘဲ သေဆုံးသွားသောပျားလောင်းများကို ဥအိမ်အတွင်းမှ ဖယ်ရှားပေးနေရကြောင်း၊ မွှားသတ်ဆေးရှိသော်လည်း ရာသီဥတုပူပြင်းသောကြောင့် ပျားငယ်များပါသေမှာစိုးသောကြောင့် ပိုးသတ်ဆေးမသုံးကြောင်း ရှင်းပြပါတယ်။

ယင်းမာပင်ခရိုင်မှာ ဦးလှမျိုးအောင်ကဲ့သို့ ရွှေ့ပြောင်းပျားမွေးမြူသူအများအပြားရှိရာ ဦးမျိုးမြင့်ပျားသေတ္တာ ၃၅၀ လုံး၊ ဦးတူး (ဘုတလင်) ၂၅၀ လုံး၊ ဦးသန်းဌေး ၄၀၀ လုံး၊ ဦးအောင်ကိုဝင်း ၂၅၀ လုံး၊ မိုးမာန်အောင်ပျားမွေးမြူရေးအဖွဲ့ ၃၀၀ လုံးဖြစ်ကြပြီး၊ ပျားရည်ပိဿာနည်းပါက ဈေးနှိမ်ခံရကာ ပျားရည်ပိဿာများများရှိပါက ဈေးပိုရကြောင်းနှင့် ပျားဖယောင်းတစ်ပိဿာကို ၇၀၀၀ ကျပ်ရောင်းရကြောင်း ချေးငွေအတိုးနှုန်းကြီး၍ ဈေးနှိမ်ခံပြီး ရောင်းရသောကြောင့် ပျားမွေးမြူသူများမှာလည်း အခက်အခဲများကြုံတွေ့နေရကြောင်း သိရပါတယ်။

**သန်းပို - ယင်းမာပင်**

# ကျောက္ကာ ယွန်းထည်လုပ်ငန်း ဒုတိယအကြိမ် အရင်းအတိုးဆပ်ပြီး တတိယအကြိမ်အတွက် ချေးငွေတင်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်ရဲ့ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေနဲ့ ဒေသခံပြည်သူများ၊ နည်းပညာ ဈေးကွက်နဲ့ အရင်းအနှီးရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့ကို အင်တိုက်အားတိုက် စည်းရုံးဆောင်ရွက်လျက်ရှိရာ မုံရွာမြို့နယ် ကျောက္ကာ (မြောက်) ကျေးရွာရှိ ယွန်းထည်လုပ်ငန်းများ စဉ်ဆက်မပြတ် ရှင်သန်ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်တဲ့ အရင်းအနှီးများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ဇေယျာပဒေသာဖောင်ဒေးရှင်းနဲ့ ချိတ်ဆက်ပြီး ချေးငွေရရှိရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။

မုံရွာမြို့နယ် ကျောက္ကာ (မြောက်)ရွာရှိ ကျေးရွာ တစ်ရွာ ထုတ်ကုန်တစ်ခု OVOP လုပ်ငန်းတစ်ခုဖြစ်တဲ့ ယွန်းလုပ်ငန်းရှင်နဲ့ ယွန်းထည်လုပ်သားများအတွက် လိုအပ်တဲ့ အရင်းအနှီးအဖြစ် ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ပထမအကြိမ် ကျပ် ၃၃၅ သိန်း၊ ဒုတိယအကြိမ် ကျပ် ၄၄၅ သိန်း ထုတ်ချေးပေးခဲ့ရာ ယခုအခါ ဒုတိယအကြိမ်ချေးငွေကာလ ၆ လပြည့်ပြီဖြစ်သဖြင့် အရင်း ကျပ် ၄၄၅ သိန်းနဲ့ အတိုး ၃၆ ဒသမ ၀၄၅ သိန်း စုစုပေါင်း အတိုးအရင်း ၄၈၁ ဒသမ ၀၄၅ သိန်းကို ဇွန် ၁၉ ရက်က အပြေအကျေပေးသွင်းခဲ့ပြီး တတိယအကြိမ်အဖြစ် ယွန်းလုပ်ငန်းရှင် ၂၂ ဦးနဲ့ ယွန်းလုပ်သား ၅၅ ဦးတို့အတွက် ကျပ် ၄၄၅ သိန်းကို ထပ်မံထုတ်ချေးနိုင်ရန်အတွက် ဇေယျာပဒေသာ ဖောင်ဒေးရှင်းသို့ တင်ပြထားလျက်ရှိတယ်လို့ ကျောက္ကာ (မြောက်) ကျေးရွာ ယွန်းထည်လုပ်ငန်းအစုအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမိုးကျော်ထံမှ သိရပါတယ်။

**ထွန်းလှိုင် - မုံရွာ**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Fax:081-2121093,Ph:081-2121627
email:m.myintmaungmaung@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ် — အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။
Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

Organizations News
Vol: 15, No.23 Monday June 22 2015

# AIIB သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲသို့ တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီးတက်ရောက်မည်



အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank-AIIB) သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို တက်ရောက်ရန်အတွက် တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီးချုပ်ကျွန်းဝှမ်က ယခုလကုန်ပိုင်းမှာ တရုတ်နိုင်ငံကို သွားရောက်မှာဖြစ်ကြောင်း သံတမန်သတင်းရပ်ကွက်မှ ဇွန်လ ၁၅ ရက်နေ့က ပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

ပေကျင်းမြို့ရှိပြည်သူ့ခန်းမကြီး (Great Hall of the People) မှာ ဇွန်လ ၂၉ ရက်နေ့မှာ ကျင်းပမယ့်အခမ်းအနားကို တရုတ်သမ္မတရှီကျင်းပင်နဲ့ အတူတက်ရောက်ဖို့အစီအစဉ်ရှိကြောင်း အမည်မဖော်လိုတဲ့သတင်းရပ်ကွက်က ပြောပါတယ်။ တောင်ကိုရီးယားနိုင်ငံက AIIB ဘဏ်ကိုစတင်တည်ထောင်တဲ့ နိုင်ငံပေါင်း ၅၇ နိုင်ငံအနက် တစ်နိုင်ငံအဖြစ် ပါဝင်ပါတယ်။ AIIB ဘဏ်ကိုလည်း အမေရိကန်ပြည်ထောင်စု ဦးစီးတည် ထောင်တဲ့ အာရှဖွံ့ဖြိုးရေးဘဏ်နဲ့ ကမ္ဘာ့ဘဏ်တို့ကဲ့ သို့သောနိုင်ငံစုံ ငွေချေးဘဏ်ကြီးများကို တန်ပြန်ဆောင်ရွက်လာမယ့် အလားအလာရှိတဲ့ ဘဏ်တစ်ခုအဖြစ် ရှုမြင်ထားကြပါ တယ်။

အမေရိကန်ပြည်ထောင်စုနဲ့ အမေရိကန်ရဲ့မဟာမိတ်ဖြစ်တဲ့ ဂျပန်နိုင်ငံတို့က AIIB ကိုစတင်ဖွဲ့စည်းရာမှာ ပါဝင်ခြင်း မရှိခဲ့ပါဘူး။ ဒါပေမယ့်ဘဏ်အသစ်အနေနဲ့ လုပ်ငန်းများစတင်ဆောင်ရွက်တဲ့အခါပွင့်လင်းမြင်သာမှုရှိဖို့နဲ့ စီမံအုပ်ချုပ်မှုအဆင့်မြင့်အောင် ဆောင်ရွက်ဖို့ နှိုးဆော်ထားကြပါတယ်။

တောင်ကိုရီးယားနိုင်ငံက AIIB ဖွဲ့စည်းရာမှာပါဝင်လာတဲ့ အမေရိကန်မဟာမိတ်တွေအနက် နောက်ဆုံးနိုင်ငံဖြစ်ပါတယ်။ AIIB မှာ တောင်ကိုရီးယားနိုင်ငံက ပါဝင်တဲ့အတွက် သံနဲ့သံမဏိလုပ်ငန်းတွေထွန်းကားလာမယ်လို့ခန့်မှန်းခဲ့ကြရာ သံနဲ့သံမဏိ လုပ်ငန်းတွေရဲ့ ရှယ်ယာတွေမြင့်တက် လာခဲ့ပါတယ်။

AIIB ဘဏ်က ယခုနှစ်အကုန်မှာ လုပ်ငန်းတွေစတင်လည်ပတ်နိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

# ဂရိနိုင်ငံအတွက် ဆွေးနွေးပွဲ သဘောတူညီချက် မရဘဲပြီးဆုံး



ဂရိနိုင်ငံနဲ့ အီးယူ-အိုင်အမ်အက်ဖ်မြီရှင်များဆွေးနွေးပွဲက သဘောတူညီချက်တစ်စုံတစ်ရာမရရှိဘဲ ဇွန်လ ၁၄ ရက်ကပြီးဆုံးခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ ဒီလိုပြီးဆုံးခဲ့ရတဲ့အတွက် နောက်ဆုံးအချိန်မှာ ဂရိနိုင်ငံအနေနဲ့ ကြွေးမြီပေးဆပ်ဖို့ပျက်ကွက်မယ့် အလားအလာရှိသလို ယူရိုဇုန်မှ ဂရိနိုင်ငံခွဲထွက်မယ့်ခြိမ်းခြောက်မှုကလည်း ပိုမိုလာကြောင်း ဖော်ပြထားပါတယ်။

ဆွေးနွေးညှိနှိုင်းမှုတွေက ဒုတိယနေ့မှာ အောင်မြင်မှုမရရှိခဲ့ဘဲ ကြွေးမြီနွံနစ်နေတဲ့ ဂရိအစိုးရက ကြွေးမြီချောက်ကမ်းပါးဆီကို ဦးတည်သွားနေတဲ့အတွက် ဖြစ်ပေါ်လာတဲ့ စိုးရိမ်မှုတွေကိုမြင့်မားလာစေခဲ့ပါတယ်။ သူတို့က လက်ချည်းသက်သက် လာခြင်းဖြစ်ကြောင်း စေ့စပ်ညှိနှိုင်းရေးနဲ့ နီးစပ်သူသတင်းရပ်ကွက်က အေအက်ဖ်ပီကို ပြောပါတယ်။ ပြင်းထန်တဲ့ ပြုပြင်ပြောင်းလဲရေးများပြုလုပ်ခဲ့ပါက ကယ်တင်မှုချေးငွေရရှိရေးမှာ ယခုအကြိမ်သည် နောက်ဆုံးအခွင့်အလမ်းဖြစ်ကြောင်း နှစ်ဖက်စလုံးက သဘောပေါက်ထားကြပါတယ်။ ဒါပေမယ့် အသက် ၄၀ အရွယ်ရှိ ဂရိဝန်ကြီးချုပ် အလက်ဇစ်ဆီပရပ်ကတော့ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ ငြင်းဆန်နေဆဲဖြစ်ပါတယ်။

ဆွေးနွေးပွဲတွေမအောင်မြင်ရတဲ့ အဓိကအကြောင်းအရင်းက သဘောထား အတင်းမားဆုံး မြီရှင်ဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ရဲ့ အမှားကြောင့်ဖြစ်ကြောင်း ဂရိအရာရှိတွေက ပြောပါတယ်။

ဥရောပသမဂ္ဂ (အီးယူ) သတင်းရင်းမြစ်တွေကတော့ ဂရိနိုင်ငံကတင်ပြတဲ့ပြုပြင်ပြောင်းလဲရေး အစီအမံတွေက ရရှိနိုင်တဲ့ ငွေကြေးက ယူရို ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၅ ဘီလီယံ) လိုနေသေးတယ်လို့ ပြောပါတယ်။ ဂရိနိုင်ငံရဲ့ အဆိုပြုချက်ကမပြည့်စုံသေးကြောင်းနဲ့ ဂရိနိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာကယ်တင်မှု ရန်ပုံငွေလက်ကျန်က ဇွန်လ ၃၀ ရက်မှာ သက်တမ်းကုန်တော့မှာဖြစ်ပြီး ဒီချေးငွေယူရို ၇ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံ) ရဖို့အတွက် ဂရိနိုင်ငံရဲ့ အဆိုပြုချက်ကပြည့်စုံမှုမရှိသေးကြောင်း ပြောပါတယ်။

# GMS ရဲ့ဗဟိုအချက်အချာအဖြစ် ရောက်ရှိရန် ထိုင်းနိုင်ငံကြိုးပမ်း

ယခုနှစ်အကုန်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ကို အကောင်အထည်ဖော်ပြီးတဲ့နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်ပြီး ထိုင်းနိုင်ငံကို မဟာမဲခေါင်ဒေသခွဲရဲ့ ဗဟိုအချက်အချာဒေသအဖြစ် ရောက်ရှိအောင်ဆောင်ရွက်သင့်ကြောင်း နယူးဇီလန်သံအမတ် ရှူဘင်လီဗာမိုးက ဇွန်လ ၁၉ ရက်နေ့က တိုက်တွန်းပြောကြားကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နဲ့ တရုတ်နိုင်ငံတောင်ပိုင်းကို ဆက်သွယ်ပေးထားပြီး ဒေသတွင်းမှာ မဟာဗျူဟာမြောက် အနေအထားမှာ ရှိနေတဲ့အတွက် ဒီအခြေအနေက မကြာမီမဝေးတော့တဲ့ အနာဂတ်ကာလမှာ ထိုင်းနိုင်ငံအနေနဲ့ စင်ကာပူနိုင်ငံလို ကြီးမားတဲ့အခွင့် အလမ်းတွေ ရရှိစေနိုင်ကြောင်း ဗန်ကောက်မြို့မှာ ကျင်းပတဲ့ နယူးဇီလန်နဲ့ အာဆီယံ ဆက်သွယ်ရေး နှစ်(၄၀) မြောက် နှစ်ပတ်လည်အခမ်းအနားသတင်းစာရှင်းလင်းပွဲမှာ သူက ပြောပါတယ်။

ဒါပေမယ့် ဒီအခွင့်အလမ်းတွေပေါ် ပေါက်ဖို့က အိမ်နီးချင်းနိုင်ငံတွေမှာ ဖြစ်ပေါ်နေတဲ့ စီးပွားရေးဖွံ့ဖြိုးမှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှု၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒနဲ့ နိုင်ငံရေးတည်ငြိမ်မှုစတဲ့ အကြောင်းတရားတွေပေါ်မှာလည်း တည်မှီနေကြောင်း သူက ပြောပါတယ်။

နယူးဇီလန်-အာဆီယံဆက်ဆံရေးက အလားအလာကောင်းများ များစွာရှိကြောင်းသူက ပြောပါတယ်။ ဒီနှစ်အကုန်မှာ အာဆီယံ-နယူးဇီလန်ဆက်ဆံရေး နှစ် ၄၀ မြောက်အခမ်းအနားကျင်းပဖို့အတွက် အာဆီယံခေါင်းဆောင်များရဲ့ ကွာလာလမ်ပူထိပ်သီးဆွေးနွေးပွဲကို နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကီးလည်း တက်ရောက်မှာ ဖြစ်ပါတယ်။

ကုန်သွယ်မှုသဘောတူညီချက်တွေထပ်မံဆွေးနွေးဖို့ နယူးဇီလန်အစိုးရက ရည်မှန်းထားပါတယ်။ နယူးဇီလန်က ထိုင်းအစိုးရကုန်သွယ်မှုဆွေးနွေးပွဲတွေ တိုးချဲ့ဆောင်ရွက် ဖို့ ရည်မှန်းထားရာ နောက်ထပ်တိုးချဲ့မယ့်နယ်ပယ်တွေထဲမှာ သတင်းအချက်အလက်နည်းပညာနဲ့ ပညာရေးတို့ကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းတွေ ပါဝင်ပါတယ်။

"ထိုင်းနိုင်ငံက ကျွန်တော်တို့ရဲ့ အရေးပါတဲ့ကုန်သွယ်ဖက်ဖြစ်ပါတယ်"လို့ လီဗာမိုးက ပြောပါတယ်။

နယူးဇီလန်ပို့ကုန်ရဲ့ ၁၀ ရာခိုင်နှုန်းကို အာဆီယံဒေသကိုတင်ပို့ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်း နှစ်ဖက်အပြန်အလှန်တင်ပို့မှုက အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈ ဘီလီယံ (ဘတ် ၃၂၂ ဘီလီယံ) ရှိပါတယ်။ ထိုင်းနိုင်ငံကို တင်ပို့မှုက ဘတ် ၆၀ ဒသမ ၃၇ ဘီလီယံရှိတဲ့အတွက် မလေးရှားနဲ့ စင်ကာပူနိုင်ငံတို့ပြီးလျှင် အာဆီယံမှာ တတိယမြောက် အများဆုံးနိုင်ငံ ဖြစ်ပါတယ်။

# အေအီးစီဖွံ့ဖြိုးရေးမှာ ထိုင်းနိုင်ငံရဲ့ အခန်းကဏ္ဍပိုမိုသွက်လက်မည်

ယခုနှစ်အကုန်မှာ အကောင်အထည်ဖော်တော့မယ့် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ဖွံ့ဖြိုးတိုးတက်ရေးအတွက် နောက်ထပ်ခြေလှမ်းတစ်ခုအဖြစ် ဒီဒေသအတွင်းမှာရှိနေတဲ့ ကုန်သွယ်ရေးနဲ့ တခြားစီးပွားလုပ်ငန်းတွေအတွက် One-stop Services Centres များထူထောင်ပေးဖို့ ဂျပန်နိုင်ငံပြည်ပကုန်သွယ်ရေးအဖွဲ့ (Japan External Trade Organization-JETRO) က ဆန္ဒရှိနေကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ထိုင်းနိုင်ငံရဲ့ စီးပွားရေးနဲ့ မတည်ငွေရင်းဈေးကွက်ရဲ့ ဝန်းကျင်အခြေအနေက ၂၀၁၅ ခုနှစ် ဒုတိယနှစ်ဝက်မှာ ပိုမိုသွက်လက်လာလိမ့်မယ်လို့ ထိုင်းနိုင်ငံစတော့အိပ်ချိန်းဥက္ကဋ္ဌနဲ့ Maybank ရဲ့အမှုဆောင်အရာရှိချုပ်က ယုံကြည်ထားပါတယ်။

"ထိုင်းအစိုးရက အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား ပေါင်းစပ်ညှိနှိုင်းမှုတွေဆောင်ရွက်ရာမှာ အေအီးစီကိုအဓိပ္ပာယ်အပြည့်အဝနဲ့ဖွဲ့ စည်းနိုင်ဖို့ ထိုင်းနိုင်ငံက ဦးစီးဆောင်ရွက်သွားလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်" လို့ ဂျက်ထရိုရဲ့ ဗန်ကောက်ရုံးဥက္ကဋ္ဌနဲ့ အာဆီယံနဲ့ တောင် အာရှအတွက် ကိုယ်စားလှယ်ချုပ် မာဆာယာစုဟိုဆုမိက ပြောပါတယ်။

ဗန်ကောက်မြို့မှာ ဇွန်လ ၁၅ ရက်နေ့က Maybank King Eng ကုမ္ပဏီက ဦးစီးကျင်းပပေးတဲ့ Invest ASEAN Thailand 2015 ကွန်ဖရင့်မှာ သူက ယခုလိုပြောကြားခဲ့တာ ဖြစ်ပါတယ်။ နှီးနှောဖလှယ်ပွဲကို ပြည်တွင်း ပြည်ပကုမ္ပဏီ ၃၀ မှတက်ရောက်လာသူ ၄၀၀ ခန့်ရှိပါတယ်။

"အေအီးစီ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နှစ်နိုင်ငံအပြန်အလှန်စီစဉ်ဆောင်ရွက်မှုတွေလိုအပ်ပါတယ်။ အထူးသဖြင့် တစ်နေရာတည်းမှာ အပြီးသတ်စစ်ဆေးရေး၊ ကြီးကြပ်ရေးစည်းမျဉ်းများ တစ်ပြေးညီဖြစ်ရေးတို့မှာ လိုအပ်ပါတယ်။ နယ်စပ်ဒေသတွေမှာ ၂၄ နာရီတာဝန်ယူဆောင်ရွက်ပေးစေချင်ပါတယ်"လို့ ဟိုဆုမိက ပြောပါတယ်။



# ဖိလစ်ပိုင်နိုင်ငံက ဆေးဝါးကုသမှု ဗဟိုအချက်အချာဖြစ်ဖို့ ကြိုးပမ်း

စင်ကာပူရင်းနှီးမြှုပ်နှံသူတွေနဲ့ ဖိလစ်ပိုင်ထိပ်တန်း ခွဲစိတ်ဆရာဝန်တို့က အမေရိကန်ဒေါ်လာတစ်သန်း ရင်းနှီးမြှုပ်နှံကာ အထူးကုဆေးခန်းတစ်ခု တည်ထောင်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။

အဓိက ရည်မှန်းချက်က စျေးနှုန်းချိုသာတဲ့ Cosmetic Procedure နည်းလမ်းတွေကို အသုံးပြုပြီး အာရှဒေသမှာ ဖိလစ်ပိုင်နိုင်ငံကို ဆေးဝါးကုသမှု အချက်အချာဒေသတစ်ခုအဖြစ် ထူထောင်သွားဖို့ဖြစ်ကြောင်း ဖီးလ်စတား သတင်းမှာ ဖော်ပြထားပါတယ်။

စင်ကာပူ ရင်းနှီးမြှုပ်နှံသူတွေနဲ့ ဖိလစ်ပိုင်ခန္ဓာကိုယ်ပြုပြင်ရေး ခွဲစိတ်ကုသမှုဆရာဝန် ဒေါက်တာအယ်လ်ဖရက်ဒို ကော်လန်တာတို့ ပူးပေါင်းပြီး ကွေ့ဇုံမြို့မှာ Empire Center ဆေးရုံကို ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီဆေးရုံမှာ အဆီကို အသုံးပြုပြီး တစ်သျှူးမျိုးပွားစနစ်ကို အသုံးပြုကုသသွားမှာဖြစ်ကြောင်း စင်တာရဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဒေ့ဗ်ဒူရိုင်းက ရှင်းလင်းပွဲတစ်ခုမှာ ပြောပါတယ်။

ကုသမှုနည်းစဉ်ထဲမှာ လူနာရဲ့ ကိုယ်ပိုင်အဆီကို အသုံးပြုပြီး အသက်အရွယ်ကြီး ရင့်မှုကြောင့် ယိုယွင်းလာတဲ့ မျက်နှာအလှအပကို ပြန်လည်အစားထိုး ဖြည့်ဆည်းပေးမယ့် နည်းလမ်းတစ်ခုလည်း ပါဝင်ပါတယ်။

မျက်နှာ ပြုပြင်ခွဲစိတ်မှုက ဒေသတွင်းမှာ ဆေးဝါကုသမှု ခရီးသွားလုပ်ငန်း အချက်အချာဖြစ်ဖို့ ကြိုးပမ်းဆောင်ရွက်မှုကို အထောက်အကူပေးမှာဖြစ်ကြောင်း ဒူရိုင်းကပြောပါတယ်။

"ဖိလစ်ပိုင်နိုင်ငံက ယခုမှ ပြန်လည်စတင်ခြေလှမ်းစ အဆင့်ပဲရှိနေဆဲဖြစ်ပါတယ်။ သမ္မတ ဖာဒီနန်မားကို့စ် လက်ထက်က ဒီလုပ်ငန်းကို ဆေးဝါးကုသမှုခရီးသွားလုပ်ငန်းရဲ့ ဗဟိုအချက်အချာအဖြစ် ယူဆထားခဲ့ပါတယ်"လို့ သူက ပြောပါတယ်။

**ညာဏ်တင်-စုစည်းတင်ပြသည်**

# ထိုင်း–ဂျပန်သဘောတူစာချုပ်အရ လယ်ယာထွက်သီးနှံခွဲတမ်းပိုရဖို့ ထိုင်းနိုင်ငံတောင်းဆို

ထိုင်းနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့က ဂျပန် -ထိုင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (JTEPA) ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာလကစတင်ပြီး အကောင် အထည်ဖော်ခဲ့ကြောင်း စာချုပ်သက် တမ်း ၁၀ နှစ်မြောက် အခမ်းအနား မကျင်းပမီတရားဝင် ဆွေးနွေးပွဲများ ထပ်မံဆောင်ရွက်ဖို့ သဘောတူထားကြကြောင်း ထိုင်းနေးရှင်းသတင်းမှာဖော် ပြပါတယ်။

"ဂျပန်နိုင်ငံကတင်သွင်းတဲ့ လယ်ယာထွက်ကုန်သီးနှံ အထူးသဖြင့် ဆန်ခွဲတမ်းတိုးမြှင့်ပေးဖို့နဲ့ ခွဲတမ်းထက်တင်သွင်းမှုပိုနေတဲ့ ဆန်အတွက် အခွန်ကိုလည်း လျှော့ချပေးဖို့ ထိုင်းနိုင်ငံကဆန္ဒရှိနေပါတယ်။ လုပ်ငန်းကဏ္ဍ အများအပြားမှာ နည်းပညာ လွှဲပြောင်းပေးတဲ့လုပ်ငန်းတွေကို တိုးချဲ့ပြီး ပူးပေါင်းဆောင်ရွက်နေတဲ့ တစ်ချိန်တည်းမှာ ဂျပန်နိုင်ငံကို တင်ပို့တဲ့ လယ်ယာထွက်ကုန်တွေကိုလည်း စျေးကွက် ပိုမိုဝင်ရောက်နိုင်အောင် ဆောင်ရွက်လိုပါတယ်"လို့ ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီး ယိုအိချိမီယာဇာဝါနဲ့ တွေ့ဆုံပြီးနောက် ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီး ချက်ချိုင်းဆရီကူလျာက ပြောပါ တယ်။

JTEPA သဘောတူစာချုပ်ကို ပြင်ဆင်ဖို့ ကုန်သွယ်ရေး၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ နည်းပညာလွှဲပြောင်းမှု အပါအဝင်ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ဖို့နှစ်ဖက်စလုံးက သဘောတူခဲ့ကြပါတယ်။

အင်ဂျင်ပါဝါ ၃၀၀၀ CC ရှိတဲ့ ဂျပန် ကားတွေရောင်းဝယ်ရေးအတွက် ဖြေလျှော့ရေးနဲ့ မော်တော်ကားအစိတ် အပိုင်းသွင်းကုန်ခွန်လျှော့ချဖို့ ဆွေးနွေးညှိနှိုင်းမယ့်ရက်ကို သတ်မှတ်ဖို့ မီဟာဇာဝါကထိုင်းဝန်ကြီးကို တိုက်တွန်းခဲ့ပါတယ်။

ဒီပြဿနာတွေကို လာမယ့် အစည်းအဝေးမှာ နှစ်နိုင်ငံအရာရှိတွေ ဆွေးနွေးကြမှာဖြစ်ကြောင်းနဲ့ JTEPAရဲ့ ၁၀ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားမှာလည်း ဇေ့စပ်ညှိနှိုင်းကြမှာဖြစ်ကြောင်း ချက်ချိုင်းက ပြောပါတယ်။

# ယခုနှစ်ပထမငါးလမှာ ဗီယက်နမ်ရဲ့ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တင်ပို့မှုမြင့်တက်

ဗီယက်နမ်နိုင်ငံရဲ့ သစ်သီးနဲ့ဟင်းသီးဟင်း ရွက်ပြည်ပတင်ပို့မှုက ယခုနှစ် ပထမငါးလအတွင်းမှာ အမေရိကန်ဒေါ်လာ ၆၂၉ သန်းထိရောက်ရှိခဲ့တဲ့ အတွက် ယခင် နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၁၇ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

လွန်ခဲ့တဲ့ငါးလအတွင်း သစ်သီးတန် ကိုးသိန်းတင်ပို့တဲ့အနက် နဂါးမောက်သီးက အများဆုံးဖြစ်ပြီး တန်ချိန်သုံးသိန်းခွဲရှိပါတယ်။ ဖရဲသီးက တန်ချိန် နှစ်သိန်းခွဲနဲ့ ဒုတိယနေရာမှာရှိနေပြီး ကြက်မောက်သီးက တန်ချိန် တစ်သိန်းတစ်သောင်းနဲ့ တတိယနေရာမှရပ်တည်နေကာ ငှက်ပျောသီးက တန်ချိန် သုံးသောင်းနဲ့ စတုတ္ထနေရာမှာရှိနေပါ တယ်။

ဗီယက်နမ်နိုင်ငံဟာ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တွေ နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့ ပေးလျက်ရှိပါတယ်။ အဲဒီစျေးကွက်တွေအနက် တရုတ်၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ တရုတ် (တိုင်ပေ)၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ နယ်သာလန်၊ ထိုင်းနဲ့ စင်ကာပူနိုင်ငံတို့ဟာ ထိပ်တန်းစျေးကွက်တွေဖြစ်ပါတယ်။

ဗီယက်နမ်ရဲ့ ပြည်ပတင်ပို့မှုက လွန်ခဲ့တဲ့ ငါးနှစ်အတွင်းခိုင်မာ တိုးတက်လာပြီး ၂၀၀၉ ခုနှစ်က အမေရိကန်ဒေါ်လာ ၄၃၉ သန်းရှိရာမှ ၂၀၁၄ ခုနှစ်မှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၄၉ ဘီလီယံထိရောက်ရှိကာ နှစ်စဉ်တိုးတက်မှုနှုန်း ၂၆ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ဒါပေမယ့် ဂျပန်၊ အီးယူ၊ အမေရိကန်ပြည်ထောင်စုနဲ့ ဩစတြေးလျတို့လို အဆင့်မြင့်စျေးကွက် တွေကိုတင်ပို့မှုက ကျဆင်းနေဆဲဖြစ်ပါတယ်။

ဗီယက်နမ်ရဲ့ အဓိကစျေးကွက်ဖြစ်တဲ့ တရုတ်နိုင်ငံကို အဓိကအားဖြင့် တရားမဝင်လမ်းကြောင်း ကနေတင်ပို့နေတာဖြစ်ပါတယ်။ ကုန်သွယ်မှုအနေနဲ့ တည်ငြိမ်မှုမရှိတဲ့အတွက် ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်တွေဟာ ကြီးမားတဲ့စွန့်စားမှုအန္တရာယ်တွေနဲ့ ကြုံတွေ့နေရပါတယ်။ နယ်စပ်ဂိတ်တွေမှာလည်း မကြာခဏဆိုသလို တရုတ်ကုန်သည်ဘက်တွေက မူဝါဒကို အမျိုးမျိုးပြောင်းတတ်ပါတယ်။

ဗီယက်နမ်သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တွေက အရည်အသွေးစံချိန်မီပေမယ့် အသိအမှတ်ပြုပြီး ကုန်အမှတ်တံဆိပ်မရှိဘူးလို့ ဗီယက်နမ်သစ်သီးနဲ့ ဟင်းသီးဟင်းရွက်အသင်းဥက္ကဋ္ဌ ဒင်ဗန်ယောင်းက ပြောပါတယ်။

# စင်ကာပူအက်စ်အမ်အီးများ ဖွံ့ဖြိုးရေးအတွက် ပြည်ပကို ခြေလှမ်းလှမ်းသင့်

လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စင်ကာပူအသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း (အက်စ်အမ်အီး) တွေက ကျန်ကမ္ဘာ့စျေးကွက်တွေနဲ့ အတွေ့အထိရှိဖို့စဉ်းစားသင့်ကြောင်း စထရိတ်တိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် နယ်စပ်ချိတ်ဆက်မှု နဲ့ အင်တာနက်ကိုအသုံးပြုဖို့လိုအပ်ကြောင်း Bian Soon Trading Co., ရဲ့ အမှုဆောင်အရာရှိချုပ်ဖြစ်သူ မစ္စတာဗစ်တာလီယံက ပြောပါတယ်။ သူရဲ့ သယ်ယူပို့ဆောင်ရေးနဲ့ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းက စင်ကာပူနိုင်ငံမှာ ချီးမြှင့်တဲ့ SME 100 ဆုကိုရရှိထားတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။




အာရှစီးပွားရေးလုပ်ငန်းများအတွက် ထုတ်ဝေတဲ့ SME Magazine က ကြီးမှူးကျင်းပတဲ့ ဒီဆုတွေက အလျင်အမြန်ဆုံးနှုန်းနဲ့ဖွံ့ဖြိုးလာတဲ့ အက်စ်အမ်အီးတွေကို ချီးမြှင့်တဲ့ဆုဖြစ်ပါတယ်။ ဇန်နဝါရီလကနေ မေလအထိ စက်မှုလုပ်ငန်း ၂၀ထဲမှာရှိတဲ့ SME ၅၀၀ ကို အကြမ်းဖျဉ်းရွေးချယ်ပြီးနောက် ဆုရရှိသူတွေ ကြေညာပေးခဲ့တာ ဖြစ်ပါတယ်။ ဆုရတဲ့ လုပ်ငန်းတွေကို ဆုတံဆိပ်နဲ့အသိအမှတ်ပြုလက်မှတ်တွေ ထုတ်ပေးပါတယ်။

ဒီလိုဆုတံဆိပ်မျိုးကို အင်ဒိုနီးရှားနဲ့ မလေးရှား နိုင်ငံတွေမှာလည်း ရွေးချယ်ပြီး ချီးမြှင့်ထားတဲ့အတွက် စင်ကာပူရဲ့ ရည်ရွယ်ချက်က စင်ကာပူရဲ့ အက်စ်အမ်အီးတွေကို ပြည်ပမှာရှိတဲ့ အက်စ်အမ်အီးတွေနဲ့ ချိတ်ဆက်ဆောင်ရွက်သွားနိုင်ဖို့ ဖြစ်ပါတယ်။

"ဒီဆုကိုရရှိတာက ကုမ္ပဏီအတွက်ထူးခြားတဲ့ အောင်မြင်မှုဖြစ်ပါတယ်။ ဒီလိုရရှိတဲ့အတွက် ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုစိတ်ချယုံကြည်မှုရှိပြီး ကျွန်တော်တို့ရဲ့ အနေအထားကိုလည်း ယုံကြည်စိတ်ချနိုင်ပါတယ်"လို့ မစ္စတာလီယံက ပြောပါတယ်။

အက်စ်အမ်အီးတွေက ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးမှုထက်ကျော်လွန်ပြီး နယ်နိမိတ်ဖြတ်ကျော်သွားနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေရှိအောင် ဆောင်ရွက်ဖို့လိုကြောင်း SME မဂ္ဂဇင်းကို ထုတ်ဝေသူ ဘိဇနက်မီဒီယာအင်တာနေရှင်နယ်ရဲ့ အထွေထွေမန်နေဂျာမစ္စတာဗင်ဆင့်တန်က ပြောပါ တယ်။

စင်ကာပူနိုင်ငံမှာ အက်စ်အမ်အီးတွေက ကုန်ထုတ်လုပ်မှုရဲ့ထက်ဝက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပြီး အလုပ်အကိုင် ၇၀ ရာခိုင်နှုန်းကို ဖန်တီးပေးပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေးသတင်းတိုများ

**အော့စတာဝါ**

ဂရိနိုင်ငံက သူ့ရဲ့တာဝန်များကို လေးစားလိုက်နာဖို့နဲ့ ဥရောပက လည်း ကြောင်းကျိုးမညီညွတ်တဲ့ တောင်းဆိုမှုတွေ မပြုလုပ်ဖို့ ကနေဒါဝန်ကြီးချုပ် စတီဖင်ဟာ ပါက ဇွန် ၁၈ ရက်က နှိုးဆော်လိုက်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

**ဟိုချီမင်းစီတီး**

လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူ စာချုပ်များကို အကောင်အထည် ဖော်ခြင်းဖြင့် ဗီယက်နမ်နိုင်ငံက ကမ္ဘာ့စီးပွားရေးလောကအတွင်းသို့ နက်ရှိုင်းစွာ တိုးဝင်လာသော်လည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းများရဲ့ ၆၅ ရာခိုင်နှုန်းက ၎င်းစာချုပ်များကြောင့် ဖြစ်ပေါ်လာမယ့် စိန်ခေါ်မှုများနဲ့ အခွင့်အလမ်းများကို နားမလည်ကြကြောင်း၊ ဟိုချီမင်းစီတီးစီးပွားရေးလုပ်ငန်းများသမဂ္ဂ ဒုတိယဥက္ကဋ္ဌ ဖန်ငေါဟန်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

**ဖနွမ်ပင်**

ကုမ္ပဏီကြီးတွေရဲ့ ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုတွေနဲ့ ရင်ဆိုင်ရမှု၊ ကုန်ကျစရိတ်မြင့်မားမှု စတဲ့အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတဲ့ စီးပွားရေးလုပ်ငန်းများအတွက် ဖက်စပ်ထူထောင်ခြင်းနဲ့ လုပ်ငန်းခွဲခြားထားခြင်းတို့က လုပ်ငန်းရှင်သန်ရေးအတွက်အဓိကကျကြောင်း နေးရှင်းသတင်းရဲ့ စစ်တမ်းအရ သိရပါတယ်။

**တိုကျို**

အဓိကကုန်သွယ်ဖက်နိုင်ငံများ အချင်းချင်းဆက်ဆံရေး အေးစက်မှုများ တစ်စတစ်စ နွေးထွေးလာပြီဖြစ်တဲ့အတွက် တရုတ်ယွမ်ငွေနဲ့ တန်ဖိုးသတ်မှတ်ထားတဲ့ ဘွန်းစာချုပ်များကို ဂျပန်နိုင်ငံမှာ အကြီးမားဆုံးဖြစ်တဲ့ တိုကျိုမစ်ဆူဘီရှိ ဘဏ်က ရောင်းချပေးတော့မှာဖြစ်ကြောင်း ဂျပန်တူဒေးသတင်းမှာ ဖော်ပြထားပါတယ်။

**SOUTH ASIA**

## သမိုင်းမှတ်တမ်းတင်မယ့် နယ်စပ်ဖြတ်ကျော်သဘောတူစာချုပ်ကို အိန္ဒိယနိုင်ငံလက်မှတ်ထိုး

အိန္ဒိယနိုင်ငံက ဘူတန်၊ နီပေါ-ဘင်္ဂလားဒေ့ရှ်တို့နဲ့ မော်တော်ကားလမ်းဆိုင်ရာသဘောတူစာချုပ်ကို ဇွန်လ ၁၆ ရက်မှာရေးထိုးနိုင်ခဲ့ပြီး သမိုင်းမှတ်တိုင်တစ်ရပ်ကိုထူထောင်နိုင်ခဲ့ကြောင်း၊ ဒီလိုရေးထိုးချုပ်ဆိုနိုင်ခဲ့တဲ့အတွက် အမေရိကန်ဒေါ်လာ ၈ ဘီလီယံအသုံးပြုပြီး လူ၊ ကုန်စည်နဲ့ ယာဉ်များ သွားလာရေးအတွက် မော်တော်ကားလမ်းအကောင်အထည်ဖော်ရေး လုပ်ငန်းရဲ့ ပထမအဆင့်ကိုအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်းနဲ့ ဒီစီမံကိန်းကို ယခုနှစ် အောက်တိုဘာလမှာ စတင်အကောင်အထည်ဖော်တော့မှာ ဖြစ်ကြောင်း ပီတီအိုင်သတင်းမှာ ဖော်ပြပါတယ်။

SAARC မော်တော်ကားလမ်းဖောက်လုပ်ရေးသဘောတူညီချက် အရ အကောင်အထည်ဖော်ဆောင်ရွက်မယ့် မော်တော်ကားလမ်းဖောက်ရေးလုပ်ငန်းတစ်ခုကို မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ကလည်း သဘောတူထားပြီ ဖြစ်ပါတယ်။

ဒီသဘောတူညီချက်ကလည်း အာဆီယံဒေသအတွင်း စီးပွားရေးပိုမိုပူးပေါင်းဆောင်ရွက်မှုအတွက် အထောက်အကူပေးသွားမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ ကုန်းလမ်းပို့ဆောင်ရေးနဲ့ အဝေးပြေးလမ်းမကြီးများဝန်ကြီး နီတင်ဂတ်ကာရီက ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယနဲ့ နီပေါ မော်တော်ယာဉ် သဘောတူစာချုပ် (Motor Vehicle Agreement-MYA) ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီသဘော တူစာချုပ်အရ ခရီးသည်၊ လူနဲ့ ကုန်စည်စီးဆင်းမှုကို ကြီးကြပ်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီသဘောတူစာချုပ်အရ သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်ကိုလျှော့ချပေးနိုင်ရုံမျှမက ဘက်စုံသယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးမှုနဲ့ တစ်ဆင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုပါ ချမှတ်ဆောင်ရွက်ပေးသွားနိုင်ပြီး လေးနိုင်ငံ အပြန်အလှန်ကုန်သွယ်မှုကို တိုးတက်စေမှာ ဖြစ်ပါတယ်။

**SOUTH EAST ASIA**

## ခရီးသွားလုပ်ငန်းတိုးမြှင့်နိုင်ဖို့ ဗီယက်နမ်က ဗီဇာစည်းမျဉ်းများကို ပြင်ဆင်မည်




လွန်ခဲ့တဲ့ ၁၁ လအတွင်း ဆက်လက်ကျဆင်းနေခဲ့တဲ့ ခရီးသွားလုပ်ငန်းအတွက်အဓိက ကျတဲ့ကုထုံးက ဗီဇာ နဲ့ ဆက်နွယ်နေတဲ့ ပြုပြင်ပြောင်းလဲရေးတွေဖြစ်ကြောင်း "ဗီယက်နမ်နက်" သတင်းမှာ ဖော်ပြပါတယ်။ ဗီယက်နမ်နိုင်ငံက ဂျပန်၊ တောင်ကိုရီးယား၊ ဖင်လန်၊ ဒိန်းမတ်၊ ဆွီဒင်နဲ့ ရုရှားနိုင်ငံသားတွေအတွက် ဗီဇာကင်းလွတ်ခွင့်ပေးထားပါတယ်။ အာဆီယံ ၁၀ နိုင်ငံအနက် ကိုးနိုင်ငံမှ နိုင်ငံသားများကို ရက် ၃၀ ကင်းလွတ်ခွင့်ပေးထားပါတယ်။

အားလပ်ရက် လာရောက်လည်ပတ်သူ အပြည်ပြည်ဆိုင်ရာခရီးသည် ဦးရေက ၂၀၁၄ ခုနှစ်ဇွန်လမှ ၂၀၁၅ ခုနှစ် ဧပြီလအတွင်းကျဆင်းခဲ့ပါတယ်။ ခရီးသည်တိုးတက်နှုန်းက ၂၀၁၀ ပြည့်နှစ်မှာ ၃၄ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ရာမှ ၂၀၁၄ ခုနှစ်မှာ ၄ ရာခိုင်နှုန်းအထိသာတိုးတက်ခဲ့တာကို တွေ့ရပါတယ်။

ခရီးသွားလုပ်ငန်းဦးရေကျဆင်းရခြင်းမှာ ဗီဇာ၊ တစ်ဆင့်ခံ သွားလာမှု၊ သဘော်ခရီးစဉ်စတဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ စည်းမျဉ်းဥပဒေများ ပြောင်းလဲခြင်းနဲ့ အမျိုးသားခရီးသွားအုပ်ချုပ်ရေးနဲ့ ဒေသဆိုင်ရာတို့ ပေါင်းစပ်ညှိနှိုင်းမှု၊ ထိရောက်မှု မရှိခြင်းစတဲ့ အချက်တို့ကြောင့်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မကြာသေးမီက ကျင်းပခဲ့တဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုမှာ ဗီယက်နမ်ခရီးသွားလုပ်ငန်းအသင်း ဥက္ကဋ္ဌ ငုယင်ဟူသိုက ပြောပါ တယ်။

ဗီယက်နမ် နိုင်ငံအတွင်းသို့ သင်္ဘောဖြင့် ဝင်ရောက်လာသူများကို တစ်ရက်တာ တစ်ဆင့်ခံသွားသောခရီးသည်များအဖြစ် မသတ်မှတ်တော့တဲ့အတွက် လုပ်ထုံးလုပ်နည်းအများကြီးကို ကျော်ဖြတ်ရပါတယ်။ ဗီယက်နမ်ရဲ့ ဗီဇာကြေးက ဒေသတွင်းရှိနိုင်ငံအတော်များများနဲ့ နှိုင်းယှဉ်ပါကများနေကြောင်း Red Tour ကုမ္ပဏီဥက္ကဋ္ဌ ငုယင်သီဗန်အန်းက ပြောပါတယ်။

**EAST ASIA**

## တရုတ်ဘဏ္ဍာရေးဈေးကွက်လွတ်လပ်စွာဖွင့်ပေးဖို့ ခြေလှမ်းပြင်

တရုတ်နိုင်ငံက သူ့ရဲ့ဘဏ္ဍာရေးဈေးကွက်ကို ဖွင့်ပေးဖို့ ခြေလှမ်းများပြင်ဆင်လျက်ရှိပြီး နောက်ဆုံးမှာလွတ်လပ်ပွင့်လင်းတဲ့ဈေးကွက်ကို တည်ဆောက်သွားတော့မှာ ဖြစ်ကြောင်း Standard & Poor's ရဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးပညာရှင် ပေါလ်ဂရူးအင်းဝါးရဲ့ ဇွန်လ ၁၅ ရက်က ပြောကြားချက်ကို ကိုးကားပြီး ရှင်ဟွာသတင်းမှာ ဖော်ပြခဲ့ ပါတယ်။

နယူးယောက် နိုင်ငံခြားသတင်းစင်တာမှာ ကျင်းပတဲ့အစည်းအဝေးမှာ ဂရူးအင်းဝါးက ကမ္ဘာ့ဘဏ္ဍာရေးစနစ်အတွင်း ဝင်ရောက်နိုင်ရေးအတွက် တရုတ်ဘဏ္ဍာရေးကဏ္ဍက ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေကို တင်ပြခဲ့ပါတယ်။ တင်ပြချက်တွေထဲမှာ နိုင်ငံခြားကြွေးမြီစီးဝင်မှု မြင့်မားလာခြင်း၊ နိုင်ငံပြင်ပကို နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုစီးထွက်မှု မြင့်မားလာခြင်းနဲ့ မတည်ရင်းနှီးငွေ ငွေစာရင်းဖွင့်လှစ်မှု တစ်စတစ်စ ကြီးမားလာခြင်း စတဲ့အချက်တွေ ပါဝင်ပါတယ်။

တရုတ်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးမှာ နံပါတ်တစ်နေရာမှာ ရှိနေပေမယ့် တရုတ်နိုင်ငံရဲ့ ဘဏ္ဍာရေးကဏ္ဍက အမေရိကန်ပြည်ထောင်စု အပါအဝင် တခြားဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် နောက်ကျကျန်နေသေးကြောင်း ဂရူးအင်းဝါးက ပြောပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံက အကြံတူနောက် လူကောင်းစမြဲဆိုတဲ့ အတိုင်းတခြားနိုင်ငံတွေရဲ့ မူဝါဒအမှားတွေကို လေ့လာခွင့်ရခဲ့ပါတယ်။

သူရဲ့ "Is China Catching the US" ဆိုတဲ့ စာအုပ်ထဲမှာ ဂရူးအင်းဝါးက အလားတူအမြင်ကို တင်ပြခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုတွေမှာ ယွမ်ငွေကြေးကို အသုံးပြုလာခြင်းကလည်း မကြာသေးမီနှစ်များအတွင်း တိုးတက်လာပြီး တရုတ်နိုင်ငံက ကမ္ဘာ့တခြား အစိတ်အပိုင်းတွေမှာရှိတဲ့ ဒေသတွေနဲ့ ငွေကြေးအရ ဆက်ဆံရာတွင် တိုးတက်မှုတွေပြသနေပါတယ်။

**USA**

## ယခုနှစ်အကုန်မှာ အတိုးနှုန်း တိုးမြှင့်နိုင်မည်ဟု အမေရိကန် ဗဟိုဘဏ်ခန့်မှန်း

အမေရိကန်ဗဟိုဘဏ်က ဘဏ်ရဲ့အခြေခံစံထားအတိုးနှုန်းကို ဇွန်လ ၁၇ ရက်ကမပြောင်းလဲဘဲ သုည ရာခိုင်နှုန်းနီးပါးအတိုင်း ဆက်လက်ထားရှိပါတယ်။ ဒါပေမယ့်ယခုနှစ်အကုန်လောက်မှာ ကိုးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အတိုးနှုန်းတွေကိုမြှင့်တင်ပေးရလိမ့်မယ်လို့ ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျက်နက်ယယ်လင်က ပြောပါတယ်။

အမေရိကန် စီးပွားရေးကျဆင်းနေရာကနေ ယခုနှစ်ပထမသုံးလပတ်မှာ ပြန်လည်ဦးမော့လာနေပြီလို့ ပြည်ထောင်စု လွတ်လပ်တဲ့ ဈေးကွက်ကော်မတီက သဘောတူလက်ခံထားခဲ့ပေမယ့် နှစ်ရက်ကြာကော်မတီအစည်းအဝေးအပြီးမှာ အတိုးနှုန်းကိုတိုးမြှင့်မပေးသေးဘဲ မူလအတိုင်းဆက်လက်ထားရှိခဲ့ပါတယ်။ စီးပွားရေးမှာ အားနည်းချက်အချို့ ရှိနေသေးတဲ့အတွက် တိုးတက်လာတဲ့အထောက်အထားတချို့ထပ်မံတွေ့ရှိမှသာ အတိုးနှုန်းတွေကို ဖြည်းဖြည်းချင်းတိုးမြှင့်သွားမယ်လို့ ပြောခဲ့ပါတယ်။

"ထပ်ပြီး တိုးမြှင့်ပေးဖို့အတွက် စောင့်ကြည့်ရပါဦးမယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရေရှည်တည်တံ့မလား၊ အလုပ်သမားဈေးကွက် ဆက်ပြီးတိုးတက်မလား၊ ငွေကြေးဖောင်းပွမှုနှုန်းက နှစ်ရာခိုင်နှုန်းထိ ရောက်ပြီလားဆိုတဲ့ ပြတ်သားတဲ့ အထောက်အထားတွေ ရရှိဖို့ စောင့်ကြည့်ရမယ်လို့ ကျွန်မတို့သဘောတူထားကြပါတယ်"လို့ သူမက ပြောပါတယ်။

ရာသီဥတု ရုတ်တရက်ဆိုးရွားလာမှုကြောင့် အမေရိကန်ရဲ့စီးပွားရေးတိုးတက်မှုနှုန်းက လွန်ခဲ့တဲ့လအတွင်းမှာ နှေးသွားတယ်လို့ ဗဟိုဘဏ်က ခန့်မှန်းထားပါတယ်။ ၂၀၁၅ ခုနှစ်အတွက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) တိုးတက်မှုနှုန်းကို ၁ ဒသမ ၈ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအကြားရှိမယ်လို့ လျှော့ချခန့်မှန်းခဲ့ပါတယ်။ ဒီနှုန်းဟာ မတ်လကခန့်မှန်းထားတာနဲ့ နှိုင်းယှဉ်ရင် အများကြီး ကျဆင်းသွားပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်




ဗဟိုဘဏ်အတိုးနှုန်း တိုးမြှင့်ပေးမယ့်အချိန်က ဈေးကွက်တွေက မျှော်လင့်ထားတဲ့ အချိန်ထက်ပိုပြီး နောက်ကျလိမ့်မယ်လို့ အမေရိကန်ဗဟိုဘဏ်က ကြေညာလိုက်တဲ့အတွက် ရေတိုမှာ အကျိုးအမြတ်များများရတဲ့ ဘွန်းစာချုပ်တွေက ရင်းနှီးမြှုပ်နှံသူတွေကိုဆွဲဆောင်ရာမှာ အထောက်အကူဖြစ်စေပါတယ်။ ဒါကြောင့် ဒေါ်လာနဲ့ ဖလှယ်ရာမှာ ထွန်းသစ်စ အာရှဈေးကွက်တွေမှာရှိတဲ့ ငွေကြေးတွေ ဇွန်လ ၁၈ ရက်နေ့မှာ တန်ဖိုးမြင့်တက်လာခဲ့ပါတယ်။ အဓိကငွေကြေးခြောက်ခုနဲ့ ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာတန်ဖိုးက တစ်လအတွင်းအနိမ့်ဆုံးနှုန်းကိုရောက်ရှိခဲ့ပါတယ်။

ဒါပေမယ့် အမေရိကန်ဗဟိုဘဏ်က ယခုနှစ်အကုန်လောက်မှာ အတိုးနှုန်းတွေ မြှင့်တင်ပေးတော့မှာဖြစ်တဲ့အတွက် ထွန်းသစ်စငွေကြေးတွေရဲ့ တန်ဖိုးမြင့်တက်မှုက ရေရှည်မှာ ပြန်လည်ကျဆင်းလိမ့်မယ်လို့ လေ့လာဆန်းစစ်သူတွေကယူဆထားကြပါတယ်။ ဂရိနိုင်ငံကြွေးဆပ်ဖို့ပျက်ကွက်မှာကိုစိုးရိမ်မှုကလည်း စွန့်စားရမယ့် အန္တရာယ်ရှိတဲ့ ဘွန်းစာချုပ်တွေကို လူကြိုက်နည်းလာစေနိုင်ပါတယ်။ ဝမ်ငွေတန်ဖိုးမြင့်တက်မှုကြောင့် တောင်ကိုရီးယားပို့ကုန်တွေ ယှဉ်ပြိုင်နိုင်မှုကျဆင်းလာတဲ့အတွက် ဈေးကွက်ထဲကို ကိုရီးယားငွေကြေးအာဏာပိုင်တွေက ဝင်ရောက်စွက်ဖက်မှာကို စိုးရိမ်မှုတွေရှိနေပါတယ်။

**တရုတ်ယွမ်**

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ အမေရိကန်-တရုတ် မဟာဗျူဟာနဲ့ စီးပွားရေးဆွေးနွေးပွဲမတိုင်မီကာလမှာ ဟောင်ကောင်မှာ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနေတဲ့ ဝမ်ငွေကြေးတန်ဖိုးက မြင့်တက်လာခဲ့ရာ ဧပြီလနောက်ပိုင်းအမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ယွမ်ငွေကြေးဖလှယ်နှုန်းက မျှတတဲ့နှုန်းထားနီးပါး ရောက်နေပြီဖြစ်ကြောင်း အမေရိကန်နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့က သဘောတူထားကြပါတယ်။

ဘလွမ်းဘတ်က ပြုစုထားတဲ့ စာရင်းဇယားအရ ဟောင်ကောင်မှာ ဇွန်လ ၁၈ ရက်ညနေ ၄ နာရီ ၃၁ မိနစ်ကဝမ်ငွေကြေးတန်ဖိုးက တစ်ဒေါ်လာကို ၆ ဒသမ ၂၀၇၃ ဝမ်နှုန်းရှိခဲ့ပြီး ဧပြီ ၁၇ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

**အိန္ဒိယရူပီး**

အမေရိကန်ဒေါ်လာကို ပို့ကုန်လုပ်ငန်းရှင်တွေရဲ့ ရောင်းချမှုမြင့်မားလာတဲ့အတွက် နိုင်ငံခြားငွေ ဘဏ်အချင်းချင်းရောင်း ဝယ်ရေးဈေးကွက်မှာ ဇွန်လ ၁၉ ရက်နေ့က ရူပီးငွေကြေးတန်ဖိုးက သုည ဒသမ ဝ၆ ရူပီးနှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၆၃ ဒသမ ၆၇ ရူပီးနှုန်းဖြင့် သုံးရက်မြောက်နေ့အဖြစ် အဖြစ်မြင့်တက်ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်မှာ ရှယ်ယာတန်ဖိုးမြင့်တက်မှုနဲ့ ဒေါ်လာကို ယူရိုနဲ့ တခြားငွေကြေးတွေဖလှယ်တဲ့ဈေးနှုန်းကျဆင်းမှုကလည်း ရူပီးတန်ဖိုးမြင့်တက်မှုကိုအထောက်အကူဖြစ်စေခဲ့ပါတယ်။

**ဂျပန်ယန်း**

ငွေကြေးဖောင်းပွမှုနှုန်းတွေ တန့်နေပေမယ့် ဂျပန်ဗဟိုဘဏ်က စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအမံသစ်ကိုအနည်းဆုံးနောက်တစ်ကြိမ်အစည်းအဝေးထိရပ်တန့်ထားဦးမယ့်လက္ခဏာတွေတွေ့ရတဲ့နောက်ပိုင်း ယန်းငွေတန်ဖိုး ကျဆင်းခဲ့ပါတယ်။

ယန်းငွေတန်ဖိုးက ဇွန်လ ၁၈ ရက်နေ့ညနေ ၅ နာရီမှာ နယူးယောက်မှာ တစ်ဒေါ်လာကို ၁၂၂ ဒသမ ၉၁ ယန်းနဲ့ တိုကျိုမှာ ၁၂၂ ဒသမ ၈၅ ယန်းနှုန်းဖြင့် လည်းကောင်း၊ ယူရိုနဲ့ ဖလှယ်ရာမှာ နယူးယောက်မှာ တစ်ယူရိုကို ၁၃၉ ဒသမ ၆၇ ယန်းနဲ့ တိုကျိုမှာ ၁၃၉ ဒသမ ၇၉ နှုန်းဖြင့်ရှိရာမှ ဇွန်လ ၁၉ ရက်မနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၁၂၃ ဒသမ ၀၂ ယန်းနဲ့ တစ်ယူရိုကို ၁၃၉ ဒသမ ၈၉ ယန်းနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ရင်းနှီးမြှုပ်နှံသူတွေက အမေရိကန်ဒေါ်လာကို ယုံကြည်မှု ကျဆင်းလာတဲ့အတွက် မနက်ပိုင်းဈေးကွက်မှာ ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ဇွန်လ ၁၉ ရက်နေ့က ရင်းဂစ်တန်ဖိုး ဆက်လက်မြင့်တက်ခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးက ဇွန်လ ၁၈ ရက်က အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၃ ဒသမ ၇၁၀၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့မနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၃ ဒသမ ၇၀၅၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

တခြား အဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

အမေရိကန် ပြည်ထောင်စုက အတိုးနှုန်းများကို ဆောလျင်စွာမြင့်တက်ပေးမည်ကို စိုးရိမ်မှုများ ကျဆင်းသွားတဲ့အတွက် ကုမ္ပဏီရှယ်ယာများရဲ့ အခြေအနေ ပြန်လည်ကောင်းမွန်လာတဲ့အတွက် တောင်ကိုရီးယားစတော့ဈေးတွေ ဇွန်လ ၁၉ ရက်မှာ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ရှယ်ယာများကို ပြန်လည်ရောင်းချမှု မြင့်မားလာတဲ့အတွက် ဝမ်ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။

ငွေကြေးဈေးကွက်မှာဝမ်ဈေးနှုန်းကတစ်ဒေါ်လာကို ၁၁၀၇ ဒသမ ၁ ဝမ်နှုန်းရှိခဲ့ပြီး ဇွန်လ ၁၈ ရက်ဈေးပိတ်ချိန်ကအတိုင်း အပြောင်းအလဲမရှိဆက်လက်တည်ရှိနေခဲ့ပါတယ်။

**ထိုင်းဘတ်**

"အမေရိကန်ဗဟိုဘဏ် အစည်းအဝေးပြီးနောက် အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းခဲ့တဲ့အတွက် ဘတ်ငွေတန်ဖိုး အနည်းငယ်မြင့်တက်ဖို့ အထောက်အကူ ဖြစ်စေခဲ့ပါတယ်။ ဒါပေမယ့် ဘတ်ငွေဈေးနှုန်းအတက်အကျကဒေသတွင်းရှိ တခြားငွေကြေးတွေအတိုင်းရှိနေပြီး သာမန်အနေအထားမှာပဲရှိပါတယ်" လို့ ထိုင်းဗဟိုဘဏ်မှပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

ဘတ်ငွေတန်ဖိုးက ဇွန် ၁၇ ရက်နေ့ဈေးပိတ်ချိန်မှာ တစ်ဒေါ်လာကို ၃၃ ဒသမ ၆၃ ဘတ်နှုန်းရှိပြီး ၁၈ ရက်နေ့မှာ သုည ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၃၃ ဒသမ ၅၉ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## အီးယူ–အိုင်အမ်အက်ဖ်နဲ့ ဆွေးနွေးရာမှာ ဂရိနိုင်ငံခက်ခက်ခဲခဲ ကြိုးစားရုန်းကန်

ယခင် ရက်သတ္တပတ်အကုန်က စေ့စပ်ညှိနှိုင်းမှုများပျက်ပြားပြီး ကြွေးပြန်လည်မပေးဆပ်နိုင်တဲ့အဖြစ်ဆိုးမျိုးကြုံရဖို့ ရက်သတ္တပတ်အလိုသာရှိတော့တဲ့နောက်ပိုင်း ဂရိနိုင်ငံက အီးယူ-အိုင်အမ်အက်ဖ်မြီရှင်တွေ ကြွေးမြီကိစ္စဆွေးနွေးပွဲတွေ ပြန်လည်စတင်နိုင်ဖို့ ခက်ခက်ခဲခဲကြိုးစားရုန်းကန်လျက်ရှိပါတယ်။

မြီရှင်တို့အနေဖြင့် "အဖြစ်မှန်နဲ့ ပိုမိုနီးစပ်ကြဖို့" ဂရိဝန်ကြီးချုပ် အလက်ဇီဆီပရာက တိုက်တွန်းပြောကြားပြီး နောက်ပိုင်းဆွေးနွေးပွဲများကို "မည်သည့်အချိန်မဆို" ပြန်စဖို့ ဂရိနိုင်ငံက အသင့်ရှိကြောင်း ဂရိအစိုးရကပြောပါတယ်။

"မြီရှင်တွေရဲ့ ဖိတ်ခေါ်မှုကို ကျွန်တော်တို့ စောင့်နေပါတယ်။ စေ့စပ်ညှိနှိုင်းမှုတွေ အချိန်မရွေး ဆက်လက်ဆောင်ရွက်ဖို့ အသင့်ပါပဲ"လို့ ဆီပရာရဲ့ ရုံးကပြောပါတယ်။

ကယ်တင်မှုရန်ပုံငွေထဲမှာ ကျန်ရှိနေသေးတဲ့ ယူရို ၇ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံ) ရရှိရေးအတွက် ဂရိနိုင်ငံရဲ့မြီရှင်တွေဖြစ်တဲ့ ဥရောပသမဂ္ဂ (အီးယူ) နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) တို့နဲ့ ဆီပရာ ရဲ့ အစိုးရအဖွဲ့ ငါးလကျော်ဆွေးနွေးခဲ့တာ အဖြေမရသေးဘဲရှိနေပါတယ်။ ဒါပေမဲ့ မြီရှင်တွေကတောင်းဆိုထားတဲ့ စီးပွားရေးပြုပြင်ပြောင်းလဲရေး အဆိုပြုချက်တွေက ကြောင်းကျိုးညီညွတ်မှုမရှိဘူးဆိုပြီး ဂရိအစိုးရကငြင်းဆိုတဲ့အတွက် နှစ်ဖက်စလုံးမှာ အကျပ်အတည်းတွေမြင့်မားခဲ့ပါတယ်။

မြီရှင်တွေက ပင်စင်ကိုထပ်မံလျှော့ချဖို့ပြောဆိုခဲ့ပေမယ့် ဂရိအစိုးရကလည်း ထိုသို့ဆောင်ရွက်ရန်ငြင်းဆိုလျက်ရှိရာ ဂရိနိုင်ငံကို ဖိအားများပေးပြီး "နိုင်ငံရေးအရ အချောင်သမားဝါဒ" ကို ကျင့်သုံးတယ်လို့ ဆီပရာက ဇွန်လ ၁၅ ရက်နေ့က ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပါတယ်။

## အမေရိကန်ပြည်ထောင်စု ငွေကြေးမူဝါဒကြောင့် ဖြစ်လာမယ့်ဂယက်အတွက် တောင်ကိုရီးယားကစိုးရိမ်

ယခုနှစ်အကုန်မှာ အမေရိကန်ပြည်ထောင်စုရဲ့ အတိုးနှုန်းမြှင့်တင်မှုကြောင့် တောင်ကိုရီးယားစီးပွားရေးကို ရိုက်ခတ်လာမယ့် ဆိုးကျိုးတွေအတွက် တောင်ကိုရီးယားစီးပွားရေးပညာရှင်တွေက စိုးရိမ်လျက်ရှိကြောင်း ကိုရီးယားဟာရယ်သတင်းမှာ ဖော်ပြထားပါတယ်။

ဇွန်လ ၁၂ ရက်နေ့က တောင်ကိုရီးယားဗဟိုဘဏ်က အခြေခံစံထားအတိုးနှုန်းကိုထပ်မံလျှော့ချထားတဲ့အတွက် မတည်ငွေရင်းတွေကို ပြည်ပကိုစီးထွက်သွားမယ့် အလားအလာတွေပိုမိုလာတာတာကို တွေ့ရပါတယ်။ ဒီလိုအတိုးနှုန်းတွေကို လျှော့ချပေးတဲ့အတွက် ဈေးကွက်က ဇွန်လ ၂၆ ရက်နဲ့ ၂၇ ရက်မှာ ဝါရှင်တန်မှာ ကျင်းပမယ့် အမေရိကန်ပြည်ထောင်စုရဲ့ လွတ်လပ်တဲ့ ဈေးကွက်ကော်မတီအစည်းအဝေးကို ပိုမိုအာရုံစိုက်လာကြပါတယ်။

အမေရိကန်ပြည်ထောင်စုဗဟိုဘဏ် ဥက္ကဋ္ဌ ဂျနက်ယယ်လင်ရဲ့ ဆုံးဖြတ်ချက်ကြောင့် ငွေကြေးမူဝါဒမှာ သဘောထားတင်းမာမှုရှိမယ့် အရိပ်အယောင်တွေ ပြသလာမယ်ဆိုရင် တောင်ကိုရီးယားရဲ့ စီးပွားရေးနာလန်ထူမှုကောင်းသည် ဖြစ်စေ ဆိုးသည်ဖြစ်စေတောင်ကိုရီးယားနိုင်ငံဗဟိုဘဏ်က အတိုးနှုန်းကိုလျှော့ချပေးရမယ့် အခြေအနေကိုရောက်ရှိလာနိုင်ပါတယ်။

"အမေရိကန်ပြည်ထောင်စုရဲ့ အတိုးနှုန်းမြှင့်တင်မှုက ဒီနှစ်ဒုတိယနှစ်ဝက်သို့မဟုတ် ဒီနောက်ပိုင်းအကောင်အထည်ပေါ်လာနိုင်ပါတယ်။ ဒီလိုဆောင်ရွက်လာရင် ကိုရီးယားကလည်းအတိုးနှုန်းကိုမြှင့်တင်ပေးရတော့မှာ ဖြစ်ပါတယ်"လို့ တောင်ကိုရီးယားဘဏ္ဍာရေးတက္ကသိုလ်မှ သုတေသနအဖွဲ့ဝင် ပတ်ဂျုံကျူကပြောပါတယ်။

# Somebody to Love သီချင်းမူပိုင်ခွင့်ကြောင့် တရားစွဲခံရတော့မယ့် ဂျပ်စတင်ဘီဘာနဲ့ အာရှာ

ကနေဒီးယန်းအဆိုတော်လေး ဂျပ်စတင်ဘီဘာနဲ့ အာရှာတို့ဟာ Somebody to Love သီချင်းကို မူပိုင်ခွင့်ချိုးဖောက်မှုကြောင့် တရားစွဲဆိုခံရတော့မှာ ဖြစ်ပါတယ်။

ဂျပ်စတင်ဘီဘာနဲ့ အာရှာတို့ကို အဲဒီသီချင်းရဲ့မူပိုင်ခွင့်ကိစ္စနဲ့ပတ်သက်ပြီး ၂၀၁၃ ခုနှစ်က တရားစွဲဆိုဖို့ တရားရုံးကို မူရင်းသီချင်းပိုင်ရှင်တွေက ပြုလုပ်ခဲ့ကြပေမယ့် တရားရုံးက ပယ်ချခဲ့ပါတယ်။

ဒါပေမယ့် အခုအခါမှာတော့ ဗာဂျီးနီးယားမြို့၊ ရစ်ချ်မွန်မှာရှိတဲ့ အမေရိကန်တရားလွှတ်တော်ရုံးကို လေးကြိမ်မြောက် လျှောက်လဲချက်ပေးအပြီးမှာ တရားစွဲဆိုခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီသီချင်းကိုစပ်ဆိုခဲ့တဲ့သူကတော့ ဒီဗင်ကော့ပ်လမ်းဆိုသူဖြစ်ပြီး သီချင်းဆိုတဲ့အခါမှာ အဆိုတော် ဒီရီကိုလို့ လူသိများတဲ့သူတစ်ဦးဖြစ်ပါတယ်။ အဲဒီသီချင်းကို ဒီရီကိုနဲ့အတူ သူ့ရဲ့သူငယ်ချင်းတစ်ဦးဖြစ်တဲ့ မာရီယိုအိုဗာတန်လည်း ပူးပေါင်းရေးစပ်သီကုံးထားတယ်လို့ ဆိုပါတယ်။

အဲဒီသီချင်းရဲ့ မူပိုင်ခွင့်ကိစ္စနဲ့ ပတ်သက်ပြီး ပထမတစ်ကြိမ်တရားစွဲဖို့ လျှောက်ထားစဉ်က သံစဉ်ရောစာသားပါ မတူညီဘဲ သီချင်းရဲ့ခေါင်းစဉ်သာတူပြီး ကျန်တာတွေမှာ သီးခြားစီဖြစ်နေတဲ့အတွက် တရားစွဲဆိုခွင့်ကို ပယ်ချလိုက်တာဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဒီတစ်ကြိမ်မှာတော့ တရားလွှတ်တော်ရဲ့ တရားသူကြီးက ဂျပ်စတင်ဘီဘာတို့သီဆိုထားတဲ့ အဲဒီ Somebody to Love သီချင်းဟာ မတူညီတဲ့ပုံစံနဲ့ သီဆိုထားတာဖြစ်ပေမယ့် သီချင်းသံပြိုင်အပိုဒ်တွေမှာဆိုရင် ထူးထူးခြားခြား တူညီလုနီးပါးဖြစ်နေတာကို တွေ့ရတယ်လို့ တရားသူကြီး ပါမာလာဟားရစ်က ပြောကြားခဲ့ပါတယ်။

ဂျပ်စတင်ဘီဘာနဲ့အာရှာတို့ဟာ အဲဒီသီချင်းကို ၂၀၁၀ပြည့်နှစ်က စတင်ဖြန့်ချီခဲ့တာဖြစ်ပြီး မူရင်းသီချင်းပိုင်ရှင်တွေဖြစ်တဲ့ ဒီဗင်ကော့ပ်လန်းနဲ့ မာရီယိုအိုဗာတန်တို့ဟာ ၁၉၇၇ ခုနှစ်က ဖြန့်ချီခဲ့တာဖြစ်ပါတယ်။ ဂျပ်စတင်ဘီဘာဟာ အဲဒီသီချင်းကို သူ့ရဲ့ My World 2 .0 အယ်လ်ဘမ်ထဲမှာ ထည့်သွင်းခဲ့ပြီး အာရှာက Remix ပြုလုပ်ကာ နှစ်ယောက်တွဲပြီးသီဆိုခဲ့တာဖြစ်ပါတယ်။ ခုချိန်မှာ သူတို့နှစ်ယောက်ဟာ အဲဒီသီချင်းရဲ့ မူပိုင်ခွင့်အတွက် အမေရိကန်ဒေါ်လာ ၁၀ သန်းတန် တရားစွဲဆိုမှုကြီးကို ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။



# ဗြိတိန်အဆိုတော်မလေးနဲ့ လက်ထပ်တော့မယ့် ရောဘတ်ပက်တာဆန်

Twilight ဇာတ်လမ်းတွဲရဲ့ မင်းသားချော ရောဘတ်ပက်တာဆန်ဟာ ဗြိတိန်နိုင်ငံရဲ့ အဆိုတော်မလေး FKA Twigs နဲ့ လက်ထပ်တော့မှာဖြစ်ပါတယ်။ FKA နဲ့ ပက်တာဆန်တို့ဟာ နယူးယောက်မြို့တော်မှာ ပြီးခဲ့တဲ့ဇွန်လ ၂၃ရက်က တွေ့ဆုံခဲ့ကြပြီး Lovely Day စားသောက်ဆိုင်မှာညစာကို အတူစားသောက်ခဲ့ကြပါတယ်။ ညစာစားအပြီးမှာ ပက်တာဆန်က အဆိုတော်မလေး FKA ကို အမေရိကန်ဒေါ်လာ ၁၀ သိန်း တန်ကြေးရှိတဲ့ လက်စွပ်ကို ဆင်မြန်းပေးခဲ့ပါတယ်။

မနှစ်ကဩဂုတ်လအတွင်းက သူတို့နှစ်ယောက်ရဲ့အတွင်းရေးတွေကို မီဒီယာတွေက ဖွင့်ချခဲ့ပေမယ့် FKA က မဟုတ်ဘူးလို့ ငြင်းဆိုခဲ့ပါတယ်။ ဒါပေမယ့်လည်း မကြာသေးခင်ကမှ ကျင်းပခဲ့တဲ့ Met Gala 2015 မှာ သူတို့နှစ်ယောက် လူမြင်ကွင်းရှေ့မှာ အတူတွဲပြီး ပွဲတက်လာတာကို တွေ့ခဲ့ရတဲ့အတွက် ဒီသတင်းဟာအတည်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။



အသက် ၂၇ နှစ်သာရှိသေးတဲ့ အဆိုတော်မလေး ဒီဘရက်ဘားနက်ကို FKA Twigs လို့သာ လူသိများကြ တယ်လို့ ဆိုပါတယ်။

ပက်တာဆန်နဲ့ FKA တို့ရဲ့ချစ်ကျွမ်းဝင်နေမှုကို Met Gala မှာ ဖွင့်ဟ ပြခဲ့တာကြောင့် အဲဒီနေ့က ကျင်းပခဲ့တဲ့ Met Gala ဟာ ပက်တာဆန်တို့နှစ်ဦးရဲ့ပွဲတစ်ပွဲလည်း ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

# X Factor ရဲ့ ဂျူရီလူကြီးအဖြစ် ဆောင်ရွက်မယ့် ရီတာအိုရာ



အမေရိကန်နိုင်ငံတစ်ဝန်းလုံးသာမက ကမ္ဘာတစ်ဝန်းလုံးကပါ စိတ်ဝင်စားခြင်းခံနေရတဲ့ အမေရိကန်ဂီတလောကရဲ့ ကြယ်ပွင့်တွေ မွေးထုတ်ပေးရာနေရာ တစ်နေရာဖြစ်တဲ့ X Factor ရဲ့ ၁၂ ပတ်မြောက်ပြိုင်ပွဲမှာ ဂျူရီလူကြီးအဖြစ် အဆိုတော် ရီတာအိုရာကို ခန့်အပ်ခဲ့တယ်လို့ဆိုပါတယ်။ သူမဟာ X Factor ရဲ့ စတုတ္ထမြောက်ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ရီတာအိုရာဟာ X Factor ပြိုင်ပွဲမှာ လာရောက်ယှဉ်ပြိုင်သူတွေကို ဝေဖန်ပြောကြားပေးရမှာဖြစ်ပါတယ်။ သူ့ ရဲ့ဝေဖန်ချက်ပေါ်မှာမူတည်ပြီး ကျန်တဲ့ဒိုင်လူကြီးတွေက သုံးသပ်အမှတ်ပေးသွားမှာဖြစ်ပါတယ်။

ရီတာအိုရာကို အသံနဲ့ပတ်သက်ပြီး အကဲဖြတ်အမှတ်ပေးဖို့ ခန့်အပ်လိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကေတီဟော့ပ်ကင်းက ပြင်းပြင်းထန်ထန် ဝေဖန်ပြောကြားခဲ့ပါတယ်။

"သူ့ကိုသာ အသံနဲ့ပတ်သက်ပြီး အကဲဖြတ်ခိုင်းမယ်ဆိုရင်တော့ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ သူပြောမယ့်အရာတွေက သူတို့(ပြိုင်ပွဲဝင်တွေ) သရုပ်ဆောင်တာ ညံ့တယ်၊ နောက်ဆုံး စကာတင်အဆင့်ကိုရောက်ဖို့ လိုသေးတယ်၊ အဲဒီလိုပဲ သူပြောနေကျလေ။ သူပြောလိုက်တဲ့စကားတွေက ပြိုင်ပွဲဝင်အတွက် ဘယ်လိုမှ မျှော်လင့်ချက်မရှိတော့သလိုပဲ"လို့ ပြောကြားခဲ့ပါတယ်။

ရီတာအိုရာဟာ ဘီဘီစီရုပ်သံက ကျင်းပတဲ့ Reality Talent Contest ပြိုင်ပွဲရဲ့ ပထမဆုံးရာသီမှာ ဒိုင်အဖြစ်ဆောင်ရွက်ခဲ့ဖူးတာကို ဟော့ပ်ကင်းက ပြောကြားခဲ့တာဖြစ်ပါတယ်။



# ဝင်ငွေအများဆုံး စံချိန်တင်ရရှိထားတဲ့ Jurassic World

အမေရိကန်နိုင်ငံမှာ ရုံတင်ပြသနေတဲ့ Jurassic World ဇာတ်ကားဟာ အမေရိကန်နိုင်ငံ Box Office ရဲ့ စာရင်းကောက်ယူမှုများအရ ဝင်ငွေအများဆုံးနေရာမှာ ရပ်တည်နေတယ်လို့ ဆိုပါတယ်။

အဲဒီဇာတ်ကားကို စတင်ပြီး ရုံတင်ပြသတဲ့နေ့မှ သုံးပတ်အတွင်း ဝင်ငွေစံချိန်တင်ရရှိခဲ့တာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံတွင်းမှာ ပြသခဲ့ရာမှာ အမေရိကန်ဒေါ်လာ ၂၀၈ ဒသမ ၈သန်း ရရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံးမှာ ပြသရာမှာတော့ အမေရိကန်ဒေါ်လာ ၅၂၄ သန်းရရှိခဲ့ပါတယ်။

အဲဒီဝင်ငွေဟာ အမေရိကန်မှာ ရုံတင်ပြသခဲ့တဲ့ ဇာတ်ကားတွေအနက် ဝင်ငွေပမာဏအကြီးမားဆုံးရရှိခဲ့တဲ့ ဇာတ်ကားတစ်ကားဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီဇာတ်ကားဟာ ပိတ်ရက်တွေ ဖြစ်တဲ့စနေ၊ တနင်္ဂနွေလိုနေ့မျိုးမှာဆိုရင် ဝင်ငွေအများဆုံးရရှိခဲ့သလို အလုပ်ဖွင့်ရက်တွေဖြစ်တဲ့ တနင်္လာနေ့ကနေ သောကြာနေ့အထိ ရက်တွေမှာလည်း တခြားဇာတ်ကားတွေလိုမဟုတ်ဘဲ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၅ ဒသမ ၃၄ သန်းရရှိခဲ့တယ်လို့ ဆိုပါတယ်။

ပြည်တွင်းမှာ ပြသနေတဲ့ ဇာတ်ကားတွေအနက် ဝင်ငွေအကောင်းဆုံးလို့ ပြောရမယ့် Walt Disney ကရိုက်ကူး တဲ့ The Avengers ဇာတ်ကားထက် အဲဒီဇာတ်ကားက ဝင်ငွေပိုရတယ်လို့ ဆိုပါတယ်။

အဲဒီဇာတ်ကားကို စတင်ပြသကတည်းက ပြည်တွင်းမှာ ပြသနေတဲ့ ဇာတ်ကားတွေဖြစ်တဲ့ The Dark Knight, The Hunger Games: Catching Fire နဲ့ Avengers ဇာတ်ကားတွေဟာ ဝင်ငွေအနည်းဆုံးပမာဏလောက်ကိုသာ ရရှိခဲ့ကြတဲ့အတွက် ရှက်ဖွယ်ကောင်းလှတယ်လို့ မီဒီယာတွေက ရေးသားကြပါတယ်။

# ကုန်စည်ဒိုင်များ ရှေ့ဆောင် ဘုရင့်နောင်



## မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဆောင်ရွက်သော
## အာမခံငွေဖြင့် ကြိုတင်ရောင်းဝယ်မှုစနစ်





- နိုင်ငံတကာ ရောင်းဝယ်မှုစနစ်နှင့်ကိုက်ညီ
- ရောင်းဝယ်မှုတွင်လည်း မှန်ကန်စိတ်ချရ
- ဈေးနှုန်းမှာလည်း မှန်ကန်
- ကတိကဝတ်ပျက်မှာလည်း မကြောက်ရ
- တောင်သူလယ်သမား၊ ကုန်သည်ပွဲစားများနှင့် နိုင်ငံတော်အတွက်လည်း အကျိုးများသည့် စနစ်ဖြစ်သည်။




Email : ydccibyn@gmail.com

စိုက်ပျိုးရေးသမားများအားထားရာ .........

# မာလာမြိုင်

## စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၇၊ ၀၁-၅၀၄၆၀၂၊ ၀၉-၇၃၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ တရုတ်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၇၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၇၇ x ၇၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊၀၂-၃၀၇၉၀

---

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

# SINOR LINES

## RO/RO Service for Myanmar

Date : 22th.6.2015

<< May And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | X | | 8.5.2015 | 11.5.2015 | 10.5.2015 | 9.5.2015 | | | 19.5.2015 | 22.5.2015 | 30.5.2015 |
| | S/O CUT | | | | | | 4.5.2015 | 7.5.2015 | 6.5.2015 | 7.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 23.5.2015 | 25.5.2015 | 22.5.2015 | 28.5.2015 | 5.6.2015 | 9.6.2015 | |
| | S/O CUT | | | | | | | | 19.5.2015 | 24.5.2015 | 18.5.2015 | | | | |
| MV.CITY OF MUMBAI V.20 | 1.55 | 1.90 | 2.20 | 3.50 | X | | 8.6.2015 | 11.6.2015 | 10.6.2015 | 9.6.2015 | | | | 22.6.2015 | 30.6.2015 |
| | S/O CUT | | | | | | 4.6.2015 | 4.6.2015 | 6.6.2015 | 5.6.2015 | | | | | |
| MV.HOEGH CHENNAI V.14 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 25.6.2015 | 26.6.2015 | 24.6.2015 | | | 9.7.2015 | |
| | S/O CUT | | | | | | | | 21.6.2015 | 22.6.2015 | 20.6.2015 | | | | |
| MV.CITY OF MUMBAI V.21 | 1.55 | 1.90 | 2.20 | 3.50 | X | | | 8.7.2015 | 9.7.2015 | 10.7.2015 | | | 18.7.2015 | 22.7.2015 | 30.7.2015 |
| | S/O CUT | | | | | | | 4.7.2015 | 5.7.2015 | 6.7.2015 | | | | | |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 25.7.2015 | 27.7.2015 | 24.7.2015 | | 5.8.2015 | 9.8.2015 | |
| | S/O CUT | | | | | | | | 21.7.2015 | 23.7.2015 | 20.7.2015 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.
Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441

Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama

Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C

Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။

---

GLE

# Andaman Lines Sailing Schedule

June 2015 Sailings Schedule

Date : 22.6.2015

SAILING SCHEDULE FOR IMPORT

| VESSEL | VOYAGE | ETD/ETA | |
|---|---|---|---|
| | | RANONG | YANGON( AIPT ) |
| MV. JRS CARINA | RY-1506-014N | 3-Jun-15 | 5-Jun-15 |
| MV. JRS CARINA | RY-1506-015N | 10-Jun-15 | 12-Jun-15 |
| MV. JRS CARINA | RY-1506-016N | 17-Jun-15 | 19-Jun-15 |
| MV. JRS CARINA | RY-1506-017N | 24-Jun-15 | 26-Jun-15 |

SAILING SCHEDULE FOR EXPORT

| VESSEL | VOYAGE | ETD/ETA | |
|---|---|---|---|
| | | YANGON( AIPT ) | RANONG |
| MV. JRS CARINA | RY-1506-014S | 6-Jun-15 | 9-Jun-15 |
| MV. JRS CARINA | RY-1506-015S | 13-Jun-15 | 16-Jun-15 |
| MV. JRS CARINA | RY-1506-016S | 20-Jun-15 | 23-Jun-15 |
| MV. JRS CARINA | RY-1506-017S | 27-Jun-15 | 30-Jun-15 |

*Please note that above mention schedules will change with or without prior notice. You are kindly request to us for details ( arrival/departure ) time.
*Please note that cargos arrived into CY after closing time, loading of cargos and any cost incurred will not be our responsibilities.
*Cargo closing time is two days before departure.

Golden Land Express Ltd.
Dagon Center II,Pyay Road,No.268,Room 14 C,14th Floor.
Sanchoung Township,Yangon,Myanmar.
Tel : +95 1 2305542,2306027,2306028
Fax : +95 1 2305543
Hot Line : +95 9 260996074 ,+95 9 5035797

Business Development Manager : Ms.Nway Ei Phyu ( +95 9 253036301 )
Export/Import Dep : Mr.Thiha Thiek ( +95 9 261594515 )
Export/Import Dep : Mr.Soe Min Thu ( +95 9 260996073 )
Documentation and Customer Service Department :
Ms.Khin Swe Lwin ( +95 9 260996074 )
Operation Dep : Mr.Kaung Zaw ( +95 9 5202871 )

Email : nephyu@goldenlandexpress.com ( Export / Import )
marketing-imp@goldenlandexpress.com ( Import Marketing )
marketing-exp@goldenlandexpress.com ( Export Marketing )
cs-import@goldenlandexpress.com ( Import Document )
cs-export@goldenlandexpress.com ( Export Document )
operation@goldenlandexpress.com ( Operation Department )

Agility Project Logistics

TransOffshore Logistics Pte Ltd

NCL INTERNATIONAL LOGISTICS PUBLIC COMPANY LIMITED

Dee Delight Maritime & Consultants Co Ltd